# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၀)


## ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၁/၂၀၁၈)**

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် )**

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၂/၂၀၁၈)**

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် )**

**ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ် နှစ်ဦးအား ယင်းတို့ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်-

| | အမည် | အလုပ်အကိုင် | ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့် အစုအဖွဲ့ |
|---|---|---|---|
| ၁။ | ဦးမြင့်ဆွေ | ဒုတိယသမ္မတ (၁) | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၂။ | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ (၂) | ရွေးကောက်ခံအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၆၅၆ ဦးရှိသည့်အနက် ၆၃၆ ဦး တက်ရောက်ပြီး ၂၀ ခွင့်တိုင်ကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော် သမ္မတ ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ကြောင်းနှင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ စတင်ကြောင်း ကြေညာသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❖





ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပစဉ်။ သတင်းစဉ်

**နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်သမ္မတထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုး ပိုမိုဖြစ်ထွန်းနိုင်ရန် ဆောင်ကြဉ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်လိုကြောင်း ဖော်ပြပါရှိ**


စာ - ၄





# ပထဝီအနေအထား အချက်အလက်နှင့် ပြဿနာတို့၏ အဖြေ

၁၈၅၄ ခုနှစ်က လန်ဒန်မြို့တွင် ကာလဝမ်းရောဂါကပ်ဆိုက်သောအခါ သမားတော် **John Snow** သည် ရောဂါပျံ့နှံ့သောနေရာတို့ အပါအဝင် လမ်းတို့၏ တည်နေရာ၊ လူနေရပ်ကွက်နှင့် ရေပိုက်လိုင်းတို့ ပါဝင်သော မြေပုံတစ်ခုကို ရေးဆွဲခဲ့ပါသည်။ ဤမြေပုံ၏ အံ့သြစရာရလဒ်မှာ ကာလဝမ်းရောဂါပိုးသည် ရေပိုက်လိုင်းတစ်ခု၏ ဖြတ်သန်းရာလမ်းကြောင်း တစ်လျှောက် ပျံ့နှံ့နေသည်ကို တွေ့ရှိရခြင်းဖြစ်ပါသည်။ အချက်အလက်တို့ကို ပထဝီဝင်အနေအထားအပေါ် အခြေခံသုံးသပ်၍ ပြဿနာတို့၏ အဖြေကို ရှာဖွေခြင်းဖြစ်ပါသည်။ **Geographic Information System** သည် အချက်အလက်တို့ကို ပထဝီဝင်အနေအထားနှင့် ဆက်စပ်ခြင်းဖြစ်ပါသည်။ **Geographic Information Science** က မည်ကဲ့သို့ ဖြစ်ပွားသည်ကို ဖော်ထုတ်ခြင်းဖြစ်ပါသည်။

မူဝါဒချမှတ်နိုင်ရေးအတွက် ဒေသဆိုင်ရာ အစိုးရတို့ လိုအပ်သော အချက်အလက်တို့၏ ၈၀ ရာခိုင်နှုန်းသည် ပထဝီဝင်အနေအထားနှင့် တစ်နည်းတစ်ဖုံ ပတ်သက်လျက်ရှိသည်ဟု ပညာရှင်တစ်ဦးက တင်ပြထားပါသည်။ ပစ္စုပ္ပန်ကာလ၌ နေ့စဉ် သန်းနှင့်ချီသော ဆုံးဖြတ်ချက်တို့ ချမှတ်နိုင်ရေးအတွက် ကွန်ပျူတာစနစ်အသုံးပြုထားသည့် **Geographic Information System (GIS)** က ပံ့ပိုးပေးလျက်ရှိပါသည်။ စတိုးဆိုင်သစ်များအတွက် နေရာရှာဖွေသတ်မှတ်ခြင်းမှအစ ရာသီဥတုပြောင်းလဲခြင်းပုံစံခန့်မှန်းခြင်း အလယ်၊ ရာဇဝတ်မှုဖြစ်ပွားသည့်ပုံစံများ သုံးသပ်ခြင်း အဆုံး၊ အမျိုးမျိုးသော လိုအပ်ချက်တို့အတွက် **GIS** ကို အသုံးပြုနေကြပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ သီးနှံအလိုက် စိုက်ပျိုးသော မြေဧရိယာဆိုင်ရာ မြေပုံထုတ်ရာ၌လည်းကောင်း၊ မြေအမျိုးအစားအလိုက် မြေပုံထုတ်ရာ၌လည်းကောင်း **GIS** ကို အသုံးပြုသောကြောင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသေးစိတ်မူဝါဒတို့ကို ချမှတ်နိုင်စွမ်းရှိလာပါသည်။

ဤမျှ အသုံးဝင်သော **Geographic Information System (GIS)** ကို မြန်မာနိုင်ငံ၌ တိုးချဲ့ကာကွယ်ဆေးထိုးရေးလုပ်ငန်းစီမံချက်အပါအဝင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။ ဤကဲ့သို့ **GIS** အသုံးပြုရေးဆိုင်ရာ အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့က နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက **GIS** မြေပုံစနစ်ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများပါမကျန် ပြည်သူလူထုရှိရာ ဒေသတိုင်းသို့ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အနုစိတ်စီမံချက်များ ရေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃ သန်း အသုံးပြုထားပြီးဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မူလက ကာကွယ်ဆေး ကိုးမျိုးသာ ထိုးနှံပေးခဲ့ရာမှ နောက်ပိုင်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးကိုပါ တိုးချဲ့ပေးနေသည်ဖြစ်၍ ယခုအသုံးပြုမည့် **Geographic Information System(GIS)** သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးမြှင့်တင်ရာ၌ ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြသည့် ပစ်ကပ်ယာဉ်များသည် သတ်မှတ်ဝန်အလေးချိန်ထက် လူဦးရေ တင်ဆောင်မောင်းနှင်ကြသဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ပစ်ကပ်ယာဉ်များ (လိုက်ထရပ်၊ မီနီပစ်ကပ်) အနေဖြင့် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်၍ မောင်းနှင်ခြင်းမပြုကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
(၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်သွားပါမည်။

(စ) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"**

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ပြည်သူအပေါ် ပိုမိုတွင်ကျယ်စွာ ဝန်ဆောင်မှုပေးနိုင်ရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း ဘိုကလေးမြို့၌ ဖွင့်

**ဘိုကလေး မတ် ၂၈**

ပြည်သူနှင့်အနီးကပ်ဆုံး တာဝန်ထမ်းဆောင်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က စတင်ဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူ ဦးရေ ၁၆၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

"အခု သင်တန်းတက်နေတဲ့သူတွေက အုပ်ချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေကို မိမိကိုယ်တိုင်သိရှိလိုက်နာပြီး လုပ်ငန်းတိုင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးကာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ပေးရတာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

သုံးရက်ကြာ ဖွင့်လှစ်မည့် အဆိုပါသင်တန်းတွင် ဖွဲ့စည်းပုံ၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူမှုဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များ၊ ရေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ ဥပဒေ နည်းဥပဒေများ၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ မြေယာဥပဒေ၊ ဆည်မြောင်းဆိုင်ရာ အချက်အလက်များ၊ စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ကျန်းမာရေး အသိပညာပေးခြင်း စသည့် ဘာသာရပ်များကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




# ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၈ -၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၀၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၃ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၇၃ . ၈ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လေ့လာ



နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၂၈**

မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်သွားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့က ရွေးချယ်ပေးသည့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် လည်းကောင်း၊ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်ပေးသည့် ဦးမြင့်ဆွေနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်ပေးသည့် ဦးဟင်နရီဗန်ထီးယူတို့အား ဒုတိယသမ္မတများအဖြစ် လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့သည်။

အဆိုပါနိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲသို့ လေ့လာသူများအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ(၂)၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မတ် ၂၈**

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို**

တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အုပ်ချုပ်ရေးမှူးဟောင်းနှင့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



## ပြည်ထောင်စုငြိမ်းချမ်းရေး စာစောင်အတွက် စာမူများဖိတ်ခေါ်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင် အတွဲ(၁)၊ အမှတ်(၁) ကို အောက်ပါ မူဝါဒ(၃)ရပ်နှင့်အညီ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေခဲ့ပါသည်-

(က) အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံအောင်မြင်ရေး အထောက်အကူဖြစ်စေရန်။

၂။ စာစောင်ကို သုံးလတစ်ကြိမ် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ရာ ပြည်ထောင်စု ငြိမ်းချမ်းရေးစာစောင်အတွက် ဆောင်းပါး၊ ကဗျာ၊ သတင်းမှတ်စု၊ အင်တာဗျူးများ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်တွင် ဖော်ပြမည့် စာမူများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတွင် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်၍ မူဝါဒ(၃)ရပ်နှင့်အညီ ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပြီး စာရေးသူကိုယ်တိုင်ရေးသားထားခြင်းဖြစ်ကြောင်း ဖော်ပြချက် ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေး စာစောင်တွင် ရွေးချယ်ဖော်ပြခြင်းခံရသော စာမူများအတွက် သင့်တော်သည့် စာမူခများကို ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

၄။ စာမူများကို လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာစီဖြင့်ဖြစ်စေ ရေးသားနိုင်ပြီး email- statepeacejournal@gmail.com သို့ လည်းကောင်း၊ အောက်ပါလိပ်စာများသို့ လည်းကောင်း ပေးပို့နိုင်ပါသည်-

(က) ဦးကျော်လွင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံးအမှတ်(၂၀)၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၉၂၅၀၀၉၉၃၇၃၊
ဖက်စ် -၀၆၇၃၄၀၉၂၉၂

(ခ) ဦးသက်ဆွေ
အထွေထွေမန်နေဂျာ
ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၉၉၇၅၀၈၇၂၃၇၊
ဖက်စ်-၀၆၇၃၄၁၂၅၇၅

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်သမ္မတထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုး ပိုမိုဖြစ်ထွန်းနိုင်ရန် ဆောင်ကြဉ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်လိုကြောင်း ဖော်ပြပါရှိ

နေပြည်တော် မတ် ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ယနေ့ရက်စွဲဖြင့် ပေးပို့ခဲ့ကြောင်း သိရှိရသည်။**

အဆိုပါသဝဏ်လွှာတွင် -

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူ ပြည်သားများသည် နိုင်ငံရေးတည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရှိရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှာလည်း ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံသည် အစဉ်အလာရှိသော အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး၊ သမိုင်းကြာရှည်သည့် ပေါက်ဖော်ချစ်ကြည်ရေးကို ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံခဲ့မှုများ၊ ပြည်သူများအကြား တက်ကြွသည့် အပြန်အလှန်ဖလှယ်မှုများရှိခြင်း၊ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လျက်ရှိခြင်း၊ ကဏ္ဍစုံတွင် နီးကပ်စွာပူးပေါင်းညှိနှိုင်းမှုများသည် နှစ်နိုင်ငံပြည်သူများအကြား သိသာထင်ရှားသည့် အကျိုးဖြစ်ထွန်းမှုများ ဖော်ဆောင်နိုင်ခဲ့ပြီး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ကောင်းမွန်သည့် အကျိုးပြုမှုများ ဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မိမိအနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုကို အထူးအလေးထားပါကြောင်းနှင့် ရှိရင်းစွဲချစ်ကြည်ရေး ခိုင်မာစေရန်နှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းစေရန် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သစ်သို့ တိုးမြှင့်နိုင်ရန်၊ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးပိုမိုဖြစ်ထွန်းနိုင်ရန် ဆောင်ကြဉ်းနိုင်ရေးအတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။

အဆွေတော် ကျန်းမာချမ်းသာပါစေရန်နှင့် အောင်မြင်ပါစေရန် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ ပျော်ရွှင်ပါစေကြောင်းနှင့် သာယာဝပြောပါစေရန် ဆုတောင်းအပ်ပါကြောင်း ပါရှိသည်။

**သတင်းစဉ်**

❀ *ကျောဖုံးမှ*

(17th Congress of Southeast Asian Librarians – CONSAL XVII) နှင့် တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများဖြစ်ကြသည့် တတိယအကြိမ် အမှုဆောင်အဖွဲ့ အစည်းအဝေး (3rd Executive Board Meeting) နှင့် (၂၆)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ ညီလာခံ (The Conference of Directors of National Libraries in Asia and Oceania - CDNLAO ) တို့ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း။

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၇) ဖြင့် ဦးစီးကော်မတီကို ဒုတိယသမ္မတ ဦးဆောင်၍ ၁၃ ဦးဖြင့်လည်းကောင်း၊ လုပ်ငန်းကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်၍ ၁၃ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အတူ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ၄ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီ ၁၅ ခုကို ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆုံးဖြတ်ချက် ၁၈ ချက် ချမှတ်**

ဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၁၈ ချက်ကို ချမှတ်ခဲ့ရာ အစည်းအဝေး ဆုံးဖြတ်ချက်အားလုံးနီးပါး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဟု သိရှိရပါကြောင်း၊ ယခု ဒုတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးပြီးပါက လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံအကြိုအစီအစဉ်အဖြစ် စတုတ္ထအကြိမ်မြောက် အာဆီယံဒေသတွင်း ကျောင်းစာကြည့်တိုက်များ၏ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပမည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေပြီဖြစ်၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် မိမိနိုင်ငံအတွက် အကျိုးကျေးဇူးရရှိနိုင်မည် ဖြစ်ပါကြောင်း။

ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၅ ခုတို့အနေဖြင့် ညီလာခံဖွင့်ပွဲ၊ ပိတ်ပွဲ၊ စာတမ်းဖတ်ပွဲများနှင့် အစီအစဉ်အားလုံးကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် အားနည်းချက်မရှိအောင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ စာတမ်းဖတ်ပွဲအတွက် စာတမ်းစုစုပေါင်း ၂၂၉ စောင် လက်ခံရရှိခဲ့ပြီး ၉၄ စောင် စိစစ်ရွေးချယ်ခဲ့သည်ဟုလည်း သိရှိရပါကြောင်း၊ တင်သွင်းလာသည့် စာတမ်းများကို အချိန်ယူအပင်ပန်းခံပြီး စိစစ်ပေးခဲ့ကြသည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဆရာကြီး၊ ဆရာမကြီးများကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ အဆိုပါစာတမ်းများသည် အလွန်အကျိုးကျေးဇူးရှိစေမည့် စာတမ်းများဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကျင်းပမည့် ညီလာခံသည် အာဆီယံ ၁၀ နိုင်ငံတွင် နှစ်နှစ်လျှင် ၁ ကြိမ်စီ ကျင်းပရခြင်းဖြစ်သည့်အတွက် နှောင်နှစ်ပေါင်း ၂၀ ရောက်ရှိမှသာ မိမိတို့နိုင်ငံအလှည့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြမည့် နိုင်ငံတကာမှ ပညာရှင်များကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ပြသနိုင်မည့် အခွင့်အလမ်းတစ်ရပ် ဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကိုယ်တိုင်သိမြင်ခံစားနိုင်စေမည် ဖြစ်သည့်အတွက် အဘက်ဘက်မှလစ်ဟာမှုမရှိအောင် သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ပြည့်စုံအောင်ဆောင်ရွက်**

နိုင်ငံတော်က တာဝန်ယူကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံနှင့် တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကလည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း၊ အသေးစိတ် ညှိနှိုင်းဆွေးနွေးခြင်းများနှင့် လုပ်ငန်းများ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဆောင်ရွက်နေကြသည်ကိုလည်း သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် ယနေ့အစည်းအဝေးတွင်လည်း သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြရင်း လုပ်ငန်းလိုအပ်ချက် အခက်အခဲရှိပါကလည်း ပွင့်ပွင့်လင်းလင်း တင်ပြကြရန် ပြောကြားသည်။

ထို့နောက် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်းအောင်က စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲကျင်းပရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ဘဏ္ဍာရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း။

**လုံခြုံရေးဆိုင်ရာကိစ္စရပ်များ**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြခန်းနှင့် အမှတ်တရပစ္စည်းများ ခင်းကျင်းရောင်းချရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးဟန်မျိုးအောင်က ရန်ပုံငွေရှာဖွေရေး ဆပ်ကော်မတီဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်နိုင်သူက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ကျန်းမာရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း။

**ဆွေးနွေးတင်ပြ**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးညွှန့်ဝင်းက ပုံနှိပ်ထုတ်ဝေရေး ဆပ်ကော်မတီဆိုင်ရာများကိုလည်းကောင်း၊ အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက စေတနာ့ဝန်ထမ်းဆိုင်ရာဆပ်ကော်မတီကိစ္စရပ်များကို လည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် အတွင်းရေးမှူးရုံးအဖွဲ့ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝေလွင်မြင့်က လုပ်ငန်းစိစစ်ရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း သက်ဆိုင်ရာဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ ဦးစီးကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဦးသန့်စင်မောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသိမ်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြစ်ကြီးနား၌ စားသုံးသူများပြားသည့် ငွေတိုး(ဆန်) ဈေးတက်နေ

**မြစ်ကြီးနား မတ် ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်တွင် အခြားဆန်အမျိုးအစားများထက် ငွေတိုး(ဆန်)ဈေးနှုန်း မြင့်တက်နေကြောင်း ဆန်အရောင်းဆိုင်များမှ သိရသည်။

လက်ရှိ မြစ်ကြီးနားမြို့ပေါ်တွင် ချင်းတုံး၊ ပေါ်ဆန်းမွှေး၊ မော်ဘီ၊ ရောမင်း စသည့် ဆန်ဈေးနှုန်းများမှာ ပုံမှန်ဈေးနှုန်းအတိုင်းသာ ဖြစ်သော်လည်း ငွေတိုး(ဆန်)ဈေးနှုန်းမှာ ယင်းလများတွင် တစ်ပြည်လျှင် ငွေကျပ် ၁၃၀၀ ရှိခဲ့ရာ ယခုလအတွင်းတွင် တစ်ပြည် ငွေကျပ် ၁၄၀၀၊ တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀ မှ ငွေကျပ် ၃၀၀၀၀ အထိ ဈေးမြင့်တက်နေကြောင်း မြို့သစ်ကြီးရပ်ကွက်ရှိ (သန့်)ဆန်အရောင်းဆိုင်မှ သိရသည်။

မြန်မာ့လယ်ယာထွက် ဆန်များအနက် ငွေတိုး(ဆန်)မှာ စားသုံးသူများပြားပြီး ရောင်းအားကောင်းနေသောကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်လျက်ရှိရာ ချင်းတုံး(ဆန်)မှာ စားသုံးသူနည်းပါးပြီး ရောင်းအားပါးလျက်ရှိကြောင်း မြစ်ကြီးနားမြို့ပေါ်မှ ဆန်ရောင်းချသူများထံမှ သိရသည်။

**မင်းမင်းဦး**

## မြို့နယ်သတင်းထောက်များသို့

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များအားလုံး သတင်းထောက် အသိအမှတ်ပြုကတ်များ ပြန်လည်စိစစ်ရန်နှင့် အသစ်ထုတ်ပေးရန်အတွက် လည်းကောင်း၊ သတင်းစာမူခကိစ္စများအတွက် လည်းကောင်း ဦးကြည်ဝင်း (သုတေသနစာတည်း) ဖုန်းနံပါတ် ၀၉-၄၂၀၁၄၅၆၀၉၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်ကြပါရန်။

**မြန်မာ့အလင်းသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## စာမူခများ ထုတ်ယူနိုင်

မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဖော်ပြပါရှိသော ဆောင်းပါး၊ ကဗျာ၊ ကာတွန်း စာမူတို့အတွက် စာမူခချီးမြှင့်ငွေများကို သတင်းစာတွင် ဖော်ပြပါရှိပြီး နောက်ရက်များတွင် စာမူရှင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ကိုယ်စားလှယ်လွှဲစာဖြင့် ဖြစ်စေ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် နတ်မောက် လမ်းသွယ်(၁) အမှတ်(၅၃) မြန်မာ့အလင်းသတင်းစာတိုက်တွင် လာရောက် ထုတ်ယူနိုင်ပါသည်။ စာမူများပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များပါ ထည့်သွင်းရေးသားပေးပါရန်နှင့် လူကိုယ်တိုင် မလာရောက်နိုင်သူများအား သတင်းစာတိုက်မှ ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**စာတည်းအဖွဲ့**

# မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့ စည်းဝေး

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့အစည်းအဝေးကို မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




### တက်ရောက်

အစည်းအဝေးကို မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးစီး၍ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

### အကြံပြုခြင်းဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ရေးဆွဲထားသည့် မဟာဗျူဟာမူကြမ်းအား ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေးတက်ရောက်လာသော ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ ဆောင်ရွက်ခဲ့သည်။

### သဘောထားမှတ်ချက်များရယူ

မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ(မူကြမ်း)တွင် မူခင်းဖြစ်ပွားရသည့် အရင်းခံအကြောင်းတရားများ၊ အကောင်အထည်ဖော်ရာတွင် ပါဝင်ရမည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၊ ရေရှည်ကာလနှင့် လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပါရှိရာ ဆက်စပ်ဝန်ကြီးဌာနများ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များရယူ၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် မဟာဗျူဟာတစ်ရပ် ပေါ်ပေါက်လာစေရေး အပြီးသတ်မူကြမ်းအား ၂၀၁၈ ခုနှစ် မေလအတွင်း အပြီးရေးဆွဲနိုင်ရေး၊ အဆိုပါမဟာဗျူဟာ အတည်ပြုပေါ်ပေါက်လာပါက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များ အသေးစိတ်ရေးဆွဲ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်တို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပြင်သစ်နိုင်ငံ CIRAD တို့အကြား နားလည်မှုစာချွန်လွှာ (မူကြမ်း)အပေါ် အတည်ပြုချက်ရရှိရန် ဆွေးနွေး

**နေပြည်တော် မတ် ၂၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ပြင်သစ်နိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း CIRAD မှ အမှုဆောင်အရာရှိချုပ် Mr. Michel EDDI နှင့် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Philippe GIRARD တို့ အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ဝဲပုံ)**



တွေ့ဆုံပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပြင်သစ်နိုင်ငံ CIRAD တို့အကြား နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးရန် စီစဉ်လျက်ရှိသည့် နားလည်မှုစာချွန်လွှာ(မူကြမ်း)အပေါ် အတည်ပြုချက်ရရှိရန်၊ နှစ်ရှည် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ရန်ကုန်မြို့ ဗြိတိန်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Andrew Patrickနှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင်ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ တောဆင်များအပါအဝင် တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏အစိတ်အပိုင်းများ တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် တရားမဝင်ထိန်းချုပ် အမဲလိုက်သည့် လုပ်ငန်းများနှင့် ဗြိတိန်နိုင်ငံသံရုံးမှ ကြီးမှူးကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ပါရီသဘောတူညီချက်အရ Nationally Determined Contribution-NDC ၌ ဆောင်ရွက်မည့် သစ်တောနှင့် စွမ်းအင်ကဏ္ဍများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ သတ္တုကဏ္ဍနှင့်ပတ်သက်၍ ကြီးကြပ်ထိန်းချုပ်သည့် လုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံနိုင်ငံအတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သည့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ စကားဝိုင်းဆွေးနွေး

**ရန်ကုန် မတ် ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (အိုအီးစီဒီ)နှင့် ဂျပန်နိုင်ငံ အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၅)ကြိမ်မြောက် OECD-Southeast Asia Corporate Governance Initiative အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ ပင်ပစိဖိတ်ဟိုတယ်၌ ကျင်းပသည်။




**(၅)ကြိမ်မြောက် OECD-Southeast Asia Corporate Governance Initiative အစည်းအဝေး တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အဆိုပါ အစည်းအဝေးအား ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရန်၊ ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်မှုများ တိုးတက်စေရန်နှင့် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

(၅) ကြိမ်မြောက် OECD-Southeast Asia Corporate Governance Initiative အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဟောင်ကောင်၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ Finance Watch ၊ SokSiphana & Associates၊ Transparency International Cambodia နှင့် OECD မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ စာရင်းဝင်ကုမ္ပဏီများ၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ ဖြစ်လာရန် အလားအလာရှိသော ကုမ္ပဏီကြီးများ၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ ဤဦးစီးဌာနရုံးချုပ်ရှိ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးခွဲများမှ အရာထမ်းများ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (၂၀၁၅) နှင့် သက်ဆိုင်သည့် G20/ OECD စည်းမျဉ်းများနှင့် အညီ စဉ်းစားဆောင်ရွက်ရန် ရည်ရွယ်၍ အာဆီယံနိုင်ငံအတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သည့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို စကားဝိုင်း ဆွေးနွေးပွဲပုံစံဖြင့် ဆွေးနွေးကြရာ OECD Senior Policy Analyst ဖြစ်သူ မစ္စ ဖီယာနာဂျာဒန့်က moderator အဖြစ် ဆောင်ရွက်ပြီး မလေးရှားနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကော်မရှင် ကော်ပိုရိတ်အုပ်ချုပ်မှုဌာနခွဲမှ အကြီးတန်းမန်နေဂျာ မစ္စတာ အိစမတ် အိဘာကရီ၊ စင်ကာပူနိုင်ငံ စင်ကာပူဒါရိုက်တာ အင်စတီကျူမှ ဥက္ကဋ္ဌဟောင်းဖြစ်သူ မစ္စတာ ဂျွန်လင်း၊ ထိုင်းနိုင်ငံ ဒါရိုက်တာ အသင်းအင်စတီကျူမှ ဒုတိယအကြီးအကဲ မစ္စအဒါအင် ဂါဝနီနှင့် ဗီယက်နမ် အီကိုနိုမီကာအဖွဲ့မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ လီဒူဘင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အာဆီယံစီအယ်အမ်ဗွီနိုင်ငံများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လတ်တလောတိုးတက်မှု အခြေအနေများကို ဆွေးနွေးကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ လက်ရှိ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေအနေများကို လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအို နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက ယင်းနိုင်ငံများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် OECD မှ Senior Policy Analyst , မစ္စ ဖီယာနာဂျာဒန့်တို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မတ်လ ၂၉ ရက်တွင် Launch of the OECD – Myanmar Corporate Governance Reform Programme အား အဆိုပါ ဟိုတယ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ

**နှင်းမြတ်သူ(ယဉ်ကျေးမှု)**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် ဒေသတွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အလေးထား၍ သာတူညီမျှမှုနှင့် အသင်းအဖွဲ့ စိတ်ရှိမှုတို့ဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုတို့ကို တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံ၏ အဓိကအစုအဖွဲ့များအနက်မှ တစ်ခုကလည်း အာဆီယံပြည်သူများ အကြား အပြန်အလှန်နားလည်ယုံကြည်မှုကို အားဖြည့်ပေးမည့် အာဆီယံသွင်ပြင် လက္ခဏာတစ်ရပ်ကို တည်ဆောက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

အဆိုပါအဖွဲ့မှာ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည့် အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီပင် ဖြစ်ပါသည်။ အဆိုပါကော်မတီ၏ ပထမဆုံး အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အာဆီယံယဉ်ကျေးမှုရန်ပုံငွေကို ထူထောင်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်မှစတင်၍ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီ ၄ ရပ်တို့ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ကြပါသည်-

- အာဆီယံဆိုင်ရာစာပေနှင့် လေ့လာမှုများအစုအဖွဲ့
- မြင်မှုဆိုင်ရာအနုပညာနှင့် အနုသုခမဆိုင်ရာအစုအဖွဲ့
- ရေဒီယို၊ တီဗွီနှင့် ရုပ်ရှင်ဗီဒီယိုအစုအဖွဲ့
- ပုံနှိပ်မီဒီယာအစုအဖွဲ့

၁၉၉၉ ခုနှစ်တွင် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုပုံစံကို အောက်ပါကော်မတီခွဲ နှစ်ခုဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်-

- အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ
- အာဆီယံပြန်ကြားရေးဆပ်ကော်မတီ

အဆိုပါကော်မတီခွဲများသည် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ နှင့် အာဆီယံယဉ်ကျေးမှုရန်ပုံငွေတို့မှ စရိတ်ကျခံပေးသည့် ယဉ်ကျေးမှုနှင့် ပြန်ကြား ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အဆိုပါစီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ အာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီများကို အာဆီယံနိုင်ငံ များ၏ သက်ဆိုင်ရာ ယဉ်ကျေးမှု၊ ပြန်ကြားရေးစသည့် ဝန်ကြီးဌာနများ၊ နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားကွန်ရက်များ၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေး အဖွဲ့များ၊ ပြတိုက်များ၊ မော်ကွန်းတိုက်များနှင့် စာကြည့်တိုက်များမှ ကိုယ်စားလှယ်များ ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားကြပါသည်။

ထို့အပြင် ၂၀၂၀ ပြည့်နှစ် အာဆီယံမျှော်မှန်းချက်တွင် ဖော်ပြထားသော "**သမိုင်းကြောင်းအရ ဆက်နွယ်မှုရှိခြင်းကို အမှတ်ရနေစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ကျွမ်းဝင်မှုရှိစေရန်နှင့် ဒေသတွင်း ဘုံသွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် ဦးတည်ရန်**" ဟူသည့် အာဆီယံ၏ ရည်မှန်းချက်တစ်ရပ်ဖြင့် အာဆီယံယဉ်ကျေးမှု နှင့် ပြန်ကြားရေးကော်မတီကို အထောက်အကူပြုလျက်ရှိပါသည်။

## ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ

အာဆီယံ ယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၏ ရည်ရွယ်ချက်နှင့် ရည်မှန်း ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အာဆီယံပြည်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့အတွက် လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လည်းကောင်း အလေးထားဆောင်ရွက်ရန် ရည်ရွယ်၍ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်ရန်၊
- အာဆီယံဒေသအတွင်း ယဉ်ကျေးမှုနှင့် ပြန်ကြားရေးနယ်ပယ်အပြင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန်၊ ထိုမှ တစ်ဖန် အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပနယ်ပယ်များတွင် ဒေသ ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိရောက်သော စီမံကိန်းအစီအစဉ်များ ပေါ်ပေါက်လာရေး ဆောင်ရွက်ရန်။

ထိုနည်းတူစွာ ဘာလီသဘောတူညီချက် ၂၀၀၃ တွင် ဖော်ပြထားသော "**အာဆီယံအသိုက်အဝန်းသည် အာဆီယံပြည်သူများအတွက် ရင်းနှီးကျွမ်းဝင်မှုကို တည်ဆောက်ရန်၊ ဒေသဆိုင်ရာ သွင်ပြင်လက္ခဏာ ပေါ်ပေါက်လာရေးဆောင်ရွက်ရန်၊ အာဆီယံ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် ရန်နှင့် မြှင့်တင်ရန်အတွက် ပညာရှင်များ၊ စာရေးသူများ၊ စာပေပညာရှင်များ၊ အနု ပညာရှင်များနှင့် မီဒီယာရေးရာ ကျွမ်းကျင်သူများအကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် ကျွမ်းကျင်မှုကို ဖလှယ်ရန် အားပေးအားမြှောက်ပြုရ မည်**" ဆိုသည့် ရည်မှန်းချက်အတိုင်း အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ကို အားဖြည့်ပေးလျက်ရှိပါသည်။

## အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ

အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း၊ ယဉ်ကျေးမှု၊ အနုပညာ ပြပွဲများအား တိုးမြှင့်ဆောင်ရွက်ခြင်းတို့အပြင် ပြတိုက်နှင့် စာကြည့်တိုက်များဆိုင်ရာ ပညာရှင်များအကြား အလုပ်ရုံဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ် ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ယဉ်ကျေးမှုကဏ္ဍနှင့် အသေးစားနှင့် အလတ်စား အဆင့်ရှိ ယဉ်ကျေးမှုပစ္စည်းဆိုင်ရာ ထုတ်လုပ်ရေးလုပ်ငန်းများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော လုပ်ငန်းများ၌လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## အာဆီယံပြန်ကြားရေးဆပ်ကော်မတီ

အာဆီယံပြန်ကြားရေးဆပ်ကော်မတီသည် အာဆီယံလူငယ်စခန်းချ အစီအစဉ် များအပါအဝင် အာဆီယံမီဒီယာတို့အကြား သတင်းအချက်အလက်များ ဖလှယ်ခြင်း စသည့် အမျိုးမျိုးသော စီမံချက်များနှင့် ဆောင်ရွက်ချက်များကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်ပါသည်။ အာဆီယံပညာရှင်များ၊ စာရေးသူများ၊ စာပေပညာရှင်များ၊ အနုပညာ ရှင်များနှင့် မီဒီယာကျွမ်းကျင်သူများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ကျွမ်းကျင်မှုကို အားပေးမြှင့်တင်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားလှုပ်ရှားဆောင်ရွက်မှုများကို ပြုလုပ်ခြင်းအပြင် အာဆီယံဒေသ၏ မတူညီကွဲပြား သော ယဉ်ကျေးမှုများနှင့် စပ်လျဉ်း၍ ပြည်သူလူထုကိုအသိပညာပေးရန် အာဆီယံ ရုပ်ရှင်ပွဲတော်များနှင့် အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို ပြုလုပ်ပါသည်။

**"အာဆီယံအသိုက်အဝန်းသည် အာဆီယံပြည်သူများအတွက် ရင်းနှီးကျွမ်းဝင်မှုကို တည်ဆောက်ရန်၊ ဒေသဆိုင်ရာ သွင်ပြင်လက္ခဏာ ပေါ်ပေါက်လာရေးဆောင်ရွက်ရန်၊ အာဆီယံ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြှင့်တင်ရန်အတွက် ပညာရှင်များ၊ စာရေးသူများ၊ စာပေပညာရှင်များ၊ အနုပညာရှင် များနှင့် မီဒီယာရေးရာ ကျွမ်းကျင်သူများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ကျွမ်းကျင်မှု ကို ဖလှယ်ရန် အားပေးအားမြှောက်ပြုရမည်"**

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီတို့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီအား ပြန်ကြားရေးဝန်ကြီးဌာနမှ လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ

မြန်မာနိုင်ငံတွင် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီသည် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍအောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများဖြစ်သော အာဆီယံဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက် ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် အာဆီယံအပေါ် အပြုသဘောဆောင်သည့် အတွေးအမြင်ရှိရေး ဆောင်ရွက်ခြင်း တို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် စာပေ၊ တေးဂီတနှင့် အခြားသောအနုပညာဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်သည့် ရိုးရာဓလေ့၊ ခေတ်ပြိုင်၊ ခေတ်ပေါ်၊ (ဒြပ်ရှိ၊ ဒြပ်မဲ့)ယဉ်ကျေးမှုအမွေအနှစ် များ၊ သတင်းနှင့် မီဒီယာများနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် အာဆီယံ အဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကဏ္ဍများနှင့် သက်ဆိုင်သော အစည်းအဝေးများ၊ စီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်များတွင် အာဆီယံနိုင်ငံများ၏ သက်ဆိုင်ရာ အစိုးရ အရာထမ်း၊ အမှုထမ်းများသာမက၊ အနုပညာရှင်များ၊ စာရေးဆရာများ၊ ဂျာနယ်လစ်များနှင့် သက်ဆိုင်ရာပညာရှင်များ ပါဝင်ဆောင်ရွက်ကြပါသည်။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီသည် သက်ဆိုင်ရာ အာဆီယံ နိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများ၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးတို့နှင့် သက်ဆိုင်သည့် နယ်ပယ်များရှိ စီမံကိန်းများကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိသည့်အားလျော်စွာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီသည် "**ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းကို တီထွင်ဆန်းသစ်ပြီး အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်စေမည့် တောင့်တင်းခိုင်မာသည့် စွမ်းရည်တို့ဖြင့် သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အမွေအနှစ်များကို သိရှိနားလည်ပြီး တန်ဖိုးထားသည့် အင်တိုက်အားတိုက်နှင့် သဟဇာတဖြစ်သော အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရန်**" ဟူသော အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မျှော်မှန်း ချက် ၂၀၂၅ နှင့်အညီ တောင့်တင်းခိုင်မာသည့် ဒေသဆိုင်ရာ သွင်ပြင်လက္ခဏာတစ်ရပ် ပေါ်ပေါက်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။

ထို့အပြင် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ ကိုးကွယ်ရာဘာသာ နှင့် လူမှုတိုးတက်မှုဆိုင်ရာ အပြန်အလှန်နားလည်ယုံကြည်မှုတို့ကို တိုးမြှင့်ခိုင်မာ စေရန်၊ မတူကွဲပြားမှုနှင့် စည်းလုံးညီညွတ်မှုကို တောင့်တင်းခိုင်မာစေရန်၊ ပိုင်ဆိုင် မှုရှိသည့် အသိအမြင်ကို ဖြစ်ပေါ်လာစေရန် အားပေးဆောင်ရွက်ရေးအတွက် အာဆီယံ၏ ရိုးရာဓလေ့၊ ခေတ်ရေစီးကြောင်းနှင့် ဆန်းသစ်သောမီဒီယာတို့မှတစ်ဆင့် သင့်မြတ်လျော်ကန်သည့် အဖွဲ့အစည်းများ၊ ပြည်သူများ၊ ပူးပေါင်းပါဝင်သူများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အာဆီယံခေါင်းဆောင် ကြီးများက အာဆီယံအသိုက်အဝန်း ကောင်စီသုံးခုအား တာဝန်ပေးအပ်ထားပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီနှင့် ၎င်း၏ ဆပ်ကော်မတီနှစ်ခုတို့သည် အာဆီယံဆိုင်ရာရင်းနှီးကျွမ်းဝင်မှုကို မြှင့်တင် ဆောင်ရွက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ ကြပါသည်။ ရည်ရွယ်ချက်မှာ အာဆီယံပြည်သူများအား နယ်နိမိတ်များကို ကျော်လွန်ပြီး ချိတ်ဆက်ပေးရန်၊ ယဉ်ကျေးမှုဆိုင်ရာ ကွာဟချက်များကို ချိတ်ဆက် ပေးရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးရလဒ်များကို ဖော်ဆောင်ရန်တို့ ဖြစ်ပါသည်။

## (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေး

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီနှင့် ဆပ်ကော်မတီများ၏ အစည်းအဝေးများကို အာဆီယံနိုင်ငံများတွင် အလှည့်ကျ နှစ်စဉ်ကျင်းပပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ် ဂုဏ်ယူစွာဖြင့် လက်ခံကျင်းပ ခွင့်ရမည် ဖြစ်ပါသည်။ အာဆီယံဒေသတွင်း ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍ တွင် ကြီးမားသော တိုးတက်ပြောင်းလဲမှုများကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ရေး အတွက် အာဆီယံနိုင်ငံများနှင့် အမြင်ချင်းဖလှယ်ကာ တွေ့ဆုံဆွေးနွေးကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်အတွင်းတွင် (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီအစည်းအဝေးကို ဦးဆောင်ကျင်းပသွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သက်ဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်သူများနှင့် အနာဂတ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းသွားမည် ဖြစ်ပါ ကြောင်း တင်ပြလိုက်ရပါသည်။ ။



ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး ပညာပေးခြင်းနှင့် ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်အကြောင်း ပြည်သူများအား ရှင်းလင်းဟောပြောပွဲကို ဘွက်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ် နယ်ထိန်းရဲတပ်ကြပ်နေလင်းစိုးက ရပ်ကွက် နေပြည်သူများအား ဟောပြောစဉ်။

တင်စိုး(မြန်မာ့အလင်း)

## မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ် ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့်တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

❖ *ရှေ့ဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြသည့် ဒုတိယသမ္မတ သုံးဦးအနက်မှ ဒုတိယသမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးနည်းနှင့် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

**လျှို့ဝှက်ဆန္ဒမဲပေး**

ထို့နောက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။



**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန်အတွက် ကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။** သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတလောင်း တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲများ စိစစ်ရေတွက်နိုင်ရန် စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်သုံးဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီတို့၏ ရှေ့မှောက်တွင် ထောက်ခံဆန္ဒမဲများကို ရေတွက်ကြသည်။

ထိုသို့ ရေတွက်ရာတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဦးဝင်းမြင့်က **ထောက်ခံမဲ ၄၀၃ မဲ**၊ တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဦးမြင့်ဆွေက **ထောက်ခံမဲ ၂၁၁ မဲ**နှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဦးဟင်နရီဗန်ထီးယူက **ထောက်ခံမဲ ၁၈ မဲ** ရရှိကြပြီး **ပယ်မဲ လေးမဲ**ရှိသည်။

**ရွေးချယ်တင်မြှောက်**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းနှင့် ထောက်ခံဆန္ဒမဲ ဒုတိယအများဆုံးရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးမြင့်ဆွေနှင့် ထောက်ခံဆန္ဒမဲ တတိယအများဆုံးရရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးဟင်နရီဗန်ထီးယူတို့အား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ လေ့လာသူများအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သတင်းစဉ်**



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လေ့လာသူများကို တွေ့ရစဉ်။** သတင်းစဉ်

❇ *ကျောဖုံးမှ*

ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က ပလင်းကမ်းသာယာဆင်စခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအမှတ်တရဓာတ်ပုံ စုပေါင်းရိုက်ကူးကာ တက်ရောက်လာသည့် ဧည့်သည်တော်များက အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။ ယင်းနောက် တက်ရောက်လာသည့် ဧည့်သည်များက ဆင်စာကျွေးပြီး ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ကောက်ခံသွားမည်**

အဆိုပါ ဆင်စခန်းသည် ညောင်ဦး-မြင်းခြံ -ပခုက္ကူကားလမ်းမဘေး ညောင်ဦးမှ ငါးမိုင်အကွာတွင် တည်ရှိကာ ပုလင်းကျေးရွာအနီး ကားလမ်းမမှ နှစ်ဖာလုံအကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး ဆင်စခန်းဝင်ကြေး ပြည်တွင်းဧည့်သည် ငွေကျပ် ၁၀၀၀ နှင့် ပြည်ပဧည့်သည် ငွေကျပ် ၁၀၀၀၀ နှင့် ဆင်စီးခ ပြည်တွင်းဧည့်သည် ငွေကျပ် ၅၀၀၀ နှင့် ပြည်ပခရီးသွားဧည့်သည် ငွေကျပ် ၁၀၀၀၀ ကောက်ခံသွားမည်ဖြစ်ကာ ဆင်စီးလမ်းကြောင်း ငါးဖာလုံဖြစ်ပြီး ကြာချိန် မိနစ် ၂၀ ဖြစ်ကြောင်း သိရသည်။

ဆင်စီးချိန် နံနက် ၇ နာရီမှ ၁၁နာရီအထိနှင့် ညနေ ၄ နာရီမှ ၆ နာရီအထိဖြစ်ကာ ဆင်များရေချ(ချိုး)ချိန် နံနက် ၆ နာရီမှ ၇ နာရီထိဖြစ်ပြီး ညနေ ၆ နာရီမှ ည ၇ နာရီအထိဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်းမှ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)က ပြောသည်။

ဆင်စခန်းအတွင်း ဆင်ခြောက်ကောင် ထားရှိပြသပေးသွားမည်ဖြစ်ကာ ဆင်များထားရှိမည့် အဆောက်အအုံများကိုလည်း ထန်းပင်၊ ထန်းလက်၊ ထန်းရွက်များဖြင့် တည်ဆောက်ထားရှိပြီး သဘာဝသစ်ပင်ကြီးများနှင့် ဧရာဝတီ မြစ်ဘက်မှလာလျှင်လည်း သဘာဝတောတောင်ရေမြေအလှအပများကို ခံစားကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

❇ *ကျောဖုံးမှ*

၂၀၁၉ အာရှဖလားပြိုင်ပွဲကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ယူအေအီးအသင်းအပါအဝင် ကာတာ၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဆော်ဒီ၊ သြစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ အီရန်၊ ဆီးရီးယား၊ အီရတ်၊ တရုတ်၊ ပါလက်စတိုင်း၊ အိုမန်၊ အိန္ဒိယ၊ လက်ဘနွန်၊ တာ့ခ်မင်နစ္စတန်၊ ဂျော်ဒန်၊ ဘာရိန်း၊ ဗီယက်နမ်၊ ကာဂျစ္စတန်၊ မြောက်ကိုရီးယား၊ ဖိလစ်ပိုင်နှင့် ယီမင်အသင်း စုစုပေါင်း ၂၄ သင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကျင်းပ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဓာတ်ပုံအသင်း ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကို မတ် ၂၃ ရက်က ကျင်းပရာ အခမ်းအနားကို နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

**ဟောပြောပွဲများကျင်းပ**

အခမ်းအနားတွင် အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ဦးစိုးမိုးက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ "ဓာတ်ပုံပညာဖြင့် မြန်မာကို ကမ္ဘာကျော်ကြားစေအံ့" ဆိုသည့်ဆောင်ပုဒ် တစ်နှစ်တာလေ့ကျင့်သင်ကြား ဟောပြောပွဲများ ကျင်းပခဲ့သည်။ ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆု ဇေယျာလင်း AMPS ကရရှိပြီး ဆုရရှိသူများအား မတ် ၂၅ ရက်က ဆုများချီးမြှင့်ခဲ့သည်။ ဟောပြောပွဲတွင် Mr.David P.C.Tay (Director of promotion & Partnership and Board Member) International Federation. Of Photographic ART (FIAP)က ဟောပြောပြီး အဆိုပါဟောပြောပွဲကို သုံးရက်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။



**မြန်မာ့အလင်း**

# 2018 World Wood Day အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ Co- organizer အဖြစ် ပြုလုပ်မည့် World Wood Day အခမ်းအနားကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ဧပြီ ၆ ရက် မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားကို သစ်သည် ဂေဟစနစ်အရ အကျိုးပြုသော renewable bio-material ဖြစ်ကြောင်း မီးမောင်းထိုးပြရန်နှင့် အနာဂတ်ကာလတိုင် ထာဝစဉ်တည်မြဲမှုတွင် အရေးပါကြောင်းကို အသိပညာပေးရန် လူမှုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအခမ်းအနားများကို ၂၀၁၃ ခုနှစ်တွင် တန်ဇန်းနီးယားနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး ၂၀၁၄ တွင် တရုတ်၊ ၂၀၁၅ တွင် တူရကီ၊ ၂၀၁၆ တွင် နီပေါနှင့် ၂၀၁၇ တွင် အမေရိကန်နိုင်ငံတို့၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပန်းပုထုခြင်း၊ ပွတ်လုံးဖော်ခြင်း၊ ပရိဘောဂ ပြုလုပ်ခြင်းစသည့် သစ်သားဆိုင်ရာ လက်မှုပညာများ လက်တွေ့ပြုလုပ်ခြင်း၊ သစ်သားဒီဇိုင်းနှင့် architecture program များ၊ ရိုးရာလက်မှုပညာ လုပ်ငန်းများ၊ ကလေးငယ်များနှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ၊ သစ်နှင့် ပြုလုပ်ထားသော အနုပညာပစ္စည်းပြပွဲများနှင့် သစ်ပင်စိုက်ပျိုးခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သစ်နှင့် ပတ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာရေးခရီးစဉ်များ၊ ပန်းပု၊ ပန်းပွတ်၊ သစ်နှင့် ပတ်သက်သော ရိုးရာလက်မှုအနုပညာ၊ အတတ်ပညာများ၊ သစ်နှင့်ပြုလုပ်သော တူရိယာပစ္စည်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက် ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုချက်များကို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၈**

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (National Sport Seminar) ကို ယနေ့ နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်ကြီးများ၊ ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ သဘာပတိအဖြစ် ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ မြန်မာ့အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အားကစားမှူးများ၊ အားကစားဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သမိုင်းဝင်မှတ်တိုင်တစ်ခု**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် သမိုင်းဝင်မှတ်တိုင်တစ်ခုသဖွယ်ဖြစ်၍ မြန်မာနိုင်ငံ၏ အားကစားဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတစ်ခုအဖြစ် ခေါ်ဆိုချင်ပါကြောင်း။

တက်ရောက်ဆွေးနွေးကြမည့် စာတမ်းရှင်များနှင့် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့်သူများသည် မြန်မာ့အားကစားလောကတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူများဖြစ်ကြပြီး တက်ရောက်လာသူအားလုံးမှ မြန်မာ့အားကစားလောက တိုးတက်စေရေးအတွက် ဆွေးနွေးရာတွင် အားမနာတမ်း ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ဆွေးနွေးကြစေလိုကြောင်း။

ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုဆွေးနွေးချက်များကို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်၊ လမ်းစဉ်၊ မဟာဗျူဟာများရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်များအထိလည်းကောင်း အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် လွှတ်တော်၌ တင်သွင်းရာ ကိုယ်စားလှယ်ကြီး ၁၄ ဦးမှ ပါဝင်ဆွေးနွေးပြောကြားခဲ့ပြီး ယင်းအဆိုအား အတည်ပြုခဲ့ရာ လက်တွေ့ကျပြီး ကောင်းမွန်သည့် အချက်များစွာပါဝင်ခဲ့ပါကြောင်း။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှု (National Fitness) ရရှိနိုင်ရေး၊ အားကစားတွင် အောင်နိုင်မှုများ ပြန်လည်ရရှိရေး၊ အားကစားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍မရပါကြောင်း။

**ပြည်သူများပါဝင်ရန် အထူးအရေးကြီး**

အဓိကအားဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြားနီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လူမှုရေးဝန်ကြီးများ၊ အားကစားအဖွဲ့ချုပ်အသီးသီးတို့သည် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်၍ ပြည်သူများပါဝင်ရန် အထူးအရေးကြီးပါကြောင်း။

အထူးသဖြင့် မြန်မာတစ်နိုင်ငံလုံး အခြေခံကျောင်း ၄၀၀၀၀ ကျော်ရှိပြီး ကျောင်းသား၊ သူဦးရေ ၈ ဒသမ ၇ သန်း ကျော်ခန့်ရှိပါကြောင်း၊ ကျောင်းသား၊ သူများအနေဖြင့် အားကစားကို ပုံမှန်ပါဝင်ဆောင်ရွက်ပါက တစ်နိုင်ငံလုံးရှိ ပြည်သူအများစု ကျန်းမာသန်စွမ်းသော မျိုးဆက်သစ်ပြည်သူများ ဖြစ်လာမည့်အပြင် ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားများလည်း ထွက်ပေါ်လာမှာဖြစ်ပါကြောင်း။

ယခု ဆွေးနွေးပွဲမှရရှိလာသော ရလဒ်များကို မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ၊ အချိန်အခါ၊ လူ့စွမ်းအားအရင်းအမြစ်၊ စိတ်ဝင်စားမှုနှင့် ကြိုးစားမှုတို့အပေါ် မူတည်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားသည် တစ်ခုနှင့်တစ်ခု အထောက်အကူပြုပြီး ဆက်စပ်လျက်ရှိပါကြောင်း၊ အဆိုပါနှစ်ရပ်ကို တစ်ပြိုင်တည်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ကျန်းမာရေးနှင့်အားကစားတွဲဖက်၍ အောင်မြင်မှုရရှိနေသော နိုင်ငံများ၏ အားကစားမဟာဗျူဟာများကိုလည်း လေ့လာ၍ မိမိနိုင်ငံနှင့် ကိုက်ညီမည့် အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အားကစားလုပ်ဆောင်ရာတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လူမှုရေးဝန်ကြီးများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကိုလည်း ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုပါကြောင်း။

မကြာခင်က ပြုလုပ်ခဲ့သော Exercise is Medicine ဆွေးနွေးပွဲမှ အချက်အလက်များကိုလည်း အကောင်အထည်ဖော်ပေးပါရန် အားလုံးကို အထူးတိုက်တွန်းလိုပါကြောင်း၊ အားကစားတွင် အောင်မြင်မှုရရှိရန် အားကစားအဖွဲ့ချုပ်များ၏ ပံ့ပိုးမှုများမှာလည်း အလွန်အဓိကကျပါကြောင်း။

> **နိုင်ငံတကာတွင် ကျန်းမာရေးနှင့် အားကစားတွဲဖက်၍ အောင်မြင်မှုရရှိနေသော နိုင်ငံများ၏ အားကစားမဟာဗျူဟာများကိုလည်း လေ့လာ၍ မိမိနိုင်ငံနှင့် ကိုက်ညီမည့် အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မည်။**

ယခုအခါ တက္ကသိုလ်ပညာရေး၌ B.Sc (Sport) သင်တန်းကို ထည့်သွင်းထားရှိ၍ အားကစားကို သိပ္ပံနည်းကျလေ့ကျင့်ခြင်း၊ ပြိုင်ပွဲဝင်ခြင်း၊ နိုင်ငံတကာနည်းတူဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်**

အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (၆)ကျောင်းကို ဖွင့်လှစ် ပညာသင်ကြားလျက်ရှိပြီး လူငယ်များ၏ပညာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အားကစားအဖွဲ့ချုပ်များမှ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ကြစေလိုကြောင်း။

တစ်နိုင်ငံလုံး ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်နိုင်ရေးအတွက် Outdoor Fitness များကို မြို့နယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုလည်း ယခုထက်ပိုမို စနစ်တကျဖြစ်စေရန် ဆောင်ရွက်စေလိုပါကြောင်း။

အားကစားနှင့်ပတ်သက်သော လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ သုတေသနများကို ပိုမိုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မကြာမီအချိန်တွင် အခြေခံကျောင်းများ၌ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို လေ့ကျင့်သင်ကြားပေး၍ ကျောင်းသားများ၏ ကျန်းမာရေးနှင့်အားကစားတွင် စိတ်ပါဝင်စားမှု မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**စနစ်တကျပြုစုပျိုးထောင်လေ့ကျင့်**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တစ်ချိန်က မြန်မာ့အားကစားရွှေခေတ်ကာလတွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် အားကစားပြိုင်ပွဲများကို အဆင့်ဆင့်ပုံမှန်ကျင်းပခဲ့ပြီး ထူးချွန်ထက်မြက်သော လူငယ်မျိုးဆက်သစ်အားကစားသမားများကို စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ခဲ့ရာမှ မြန်မာ့အားကစားလောကသည် ရွှေခေတ်ကို ရောက်ရှိခဲ့ပါကြောင်း။

ယခုအခါ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် အချိန်အခါ ဖြစ်ပါကြောင်း၊ အခြေခံကျောင်းများတွင်လည်း ကာယအချိန်များ၌ အားကစားလှုပ်ရှားမှုအချိန်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် ကာယဆရာများကို အခြေခံကျောင်းများတွင် လုံလုံလောက်လောက်ခန့်ထားနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အားကစားသိပ္ပံကျောင်းများမှ ထွက်ပေါ်လာသော လူငယ်မျိုးဆက်သစ်အားကစားသမားများ၊ B.Sc (Sport) တက္ကသိုလ်ကျောင်းများမှ လူငယ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားများကို ကာယဆရာများအဖြစ် ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လူငယ်များအားကစားကို တိုးတက်ဖွံ့ဖြိုးလာအောင် ကြိုးစားဆောင်ရွက်ရာ၌ လူငယ်များ၏ အခြေခံပညာရေးပြီးဆုံးအောင် သင်ကြားတတ်မြောက်ထားမှုသည်လည်း အထူးလိုအပ်ပါကြောင်း။

ယခုဆွေးနွေးပွဲတွင် ရရှိလာသောအကြံပြုဆွေးနွေးချက်များကိုလည်း အမြန်ဆုံးထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အောင်မြင်မှုကိုရေရှည်တည်တံ့ခိုင်မာမှုရရှိအောင်**

မြန်မာ့အားကစားလောကရှိ အားကစားသမားအားလုံးသည် မိမိတို့ လက်ရှိရရှိနေသော အောင်မြင်မှုများကို ရောင့်ရဲတင်းတိမ်မနေဘဲ ပိုမိုတိုးတက်အောင် ကြိုးစားပြီး Professional အဆင့်ကို ရောက်ရှိအောင်ကြိုးစားပြီး အောင်မြင်မှုကို ရေရှည်တည်တံ့ခိုင်မာမှုရရှိအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နံနက်ပိုင်း သဘာပတိအဖြစ် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးသောင်းထိုက်မှ ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။

ဆက်လက်၍ စာတမ်းရှင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်က အားကစားခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျွမ်းကျင်သူဒေါက်တာမြလေးစိန်က အားကစားသိပ္ပံနှင့် အားကစားဆေးပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ဦးစိုးဝင်းက ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး (Mass Sport) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးကျော်ခင်က နည်းပြဆရာကောင်းတစ်ဦး၏ ဦးဆောင်မှုအခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ နံနက်ပိုင်းအစီအစဉ်ကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး စာတမ်းရှင်များအဖြစ် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးတင်အောင်က အားကစားသမားနှင့် နည်းပြဆရာများ၏ စွမ်းရည်တိုးတက်ရေးအစီအစဉ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးရဲထွဋ်တင်က အားကစားနှင့် ပညာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယဝန်ကြီး (ငြိမ်း)ဦးဇော်ဝင်းက အားကစားနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က မြန်မာနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ပထမနေ့ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဏ္ဍိုင် ၄ ရပ် တွေ့ဆုံဆွေးနွေးပွဲ ဘားအံတွင် ကျင်းပ

**ဘားအံ မတ် ၂၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကျင်းပသော မဏ္ဍိုင် ၄ ရပ် တွေ့ဆုံဆွေးနွေးပွဲ (ကရင်ပြည်နယ်) ကို ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ယနေ့ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းကြိုင် (**ယာပုံ**)၊ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေး တို့က အဖွင့်အမှာစကားပြောကြားသည်။




ယင်းနောက် မဏ္ဍိုင် ၄ ရပ် ဖြစ်ပေါ်လာပုံနှင့် ကျင်းပရခြင်းရည်ရွယ်ချက်များကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အစိုးရအဖွဲ့၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ သတင်းမီဒီယာ စသည့် မဏ္ဍိုင် ၄ ရပ်မှ တာဝန်ရှိသူများက သတင်းရယူမှု အဆင်ပြေရေး ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မဏ္ဍိုင် ၄ ရပ် ဆွေးနွေးပွဲကို ပြည်ထောင်စုအဆင့် နှစ်ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ယနေ့ ကျင်းပသည့် ကရင်ပြည်နယ် အပါအဝင် ရှစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**လက်ပံတန်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ကျက်သရေဆောင် မဟာဒုက်ဆွမ်းဆန်စိမ်းအသင်းကြီးက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၉၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဧပြီ ၈ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၄၅ ကျောင်းမှ သံဃာတော် ၁၀၀၈ ပါး၊ ကျောင်းပေါင်း လေးကျောင်းတို့မှ သီလရှင်များအား လက်ပံတန်းမြို့ရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် လမ်းများမှ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ပဒေသာပင်များကို သံဃာတော်အရှင်သူမြတ်တို့အား မဲဖောက်လှူဒါန်းမည့်အပြင် ဆန်၊ ဆီ၊ ဆားများကိုလည်း အဖွဲ့လိုက်တစ်ဦးချင်း မဏ္ဍပ်များထိုး၍ လောင်းလှူမည်ဖြစ်သောကြောင့် အဝေးရောက် မြို့သူ၊ မြို့သား အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၄၂၇၇၁၂၂၉၃၊ ၀၉-၅၇၇၂၁၂၈၊ ၀၉-၂၅၁၂၂၀၆၆၂ နှင့် ၀၉-၄၂၃၆၈၄၁၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်ဆင့်**

# အကြားအာရုံမသန်စွမ်းသူများ သတင်းအချက်အလက်ရပိုင်ခွင့် တိုးတက်ရေး ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် အကြံပြုအလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၂၈

**နားမကြားသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိပိုင်ခွင့် သေချာ စေရေး စီမံကိန်းအတွက် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် အကြံပြု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**




**နားမကြားသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိပိုင်ခွင့် သေချာစေရေး စီမံကိန်းအတွက် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် အကြံပြု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူဦးရေ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ဦးရေ စုစုပေါင်း လေးသန်းခန့်ရှိသည့်အနက် အကြားအာရုံ မသန်စွမ်းသူ ၆၇၀၀၀၀ ရှိပြီး စုစုပေါင်းလူဦးရေ ၁ ဒသမ ၃ ရာခိုင်နှုန်းကျော်ဖြစ်သည်ဟု သိရှိရမှု၊ အကြားအာရုံ မသန်စွမ်းသူများသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့်အတွက် ၎င်းတို့၏ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် နယ်ပယ်အသီးသီးတွင် အခက်အခဲအများကြီး တွေ့ကြုံကြရမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် လက်သင်္ကေတပြ ဘာသာစကား သင်တန်းများတွင် ဝန်ထမ်းခြောက်ဦးကို တစ်နှစ်ကြာ တက်ရောက်စေခဲ့မှုနှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ပြီး နေ့စဉ် ညနေ ၈ နာရီသတင်းတွင် လက်သင်္ကေတ ဘာသာစကားနှင့် စတင်သတင်းကြေညာနိုင်ခဲ့မှုတို့ကို ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြီးခဲ့သည့် မတ် ၁၅ ရက်က ဧည့်ဟိုတယ်၌ ပြုလုပ်ခဲ့သည့် ယနေ့အခမ်းအနားအတွက် အသိပေးမှုမြှင့်တင်ရေး ဆွေးနွေးပွဲတစ်ခုကို မိမိ တက်ရောက်ခဲ့ရပါကြောင်း၊ ထိုအခမ်းအနားတွင် တက်ရောက်ခဲ့သည့် ပုဂ္ဂိုလ်များမှ တစ်ဆင့် မြန်မာနိုင်ငံရှိ အကြားအာရုံအားနည်းသူများ၏ လက်သင်္ကေတပြ ဘာသာစကား အသုံးပြုပုံနှင့် ပတ်သက်၍ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အဖိုးတန်သော အကြံပြုချက်များကို သိရှိခွင့်ရခဲ့ပါကြောင်း။

Sign Language သည် ၎င်းတို့အတွက် ပထမဆုံး ဘာသာစကား (First Language) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ Yangon Sign Language ၊ Mandalay နှင့် Standard Sign Language ဟူ၍ သုံးမျိုးရှိပြီး Sign Language လေ့ကျင့်သင်တန်းကျောင်း သုံးကျောင်း ရှိပါ ကြောင်း၊ စိတ်ဝင်စားရန်အကောင်းဆုံးမှာ တစ်နိုင်ငံလုံး၌ Sign Language တတ်မြောက်ထားသည့် လူဦးရေမှာ ၇၀ ခန့်သာရှိပြီး လူပေါင်း ၆၇၀၀၀၀ ကျော်အနက် ၇၀ ခန့်သာ နားလည်သည့်အတွက် မိမိတို့အများကြီးကြိုးစားရန် လိုအပ်သည်ဟု ခံစားရပါကြောင်း။

၎င်းတို့၏ အကြံပြုချက်နှင့် ပတ်သက်၍ အနည်းငယ်မျှဝေရမည်ဆိုလျှင် သင်တန်းတွင် သင်ကြားပေးလိုက်သည့် စကားလုံးများသည် ၎င်းတို့အတွက် လုံးဝမလုံလောက်ကြောင်း၊ ပုံမှန်မဟုတ်သည့် ဖြစ်ရပ်များအတွက် စကားလုံးအသစ်များ တီထွင်ရန်လိုအပ်ကြောင်း၊ Sign Language သင်ယူသူတစ်ဦးသည် စဉ်ဆက်မပြတ် ဆက်လက်လေ့လာရန် လိုအပ်ကြောင်း၊ မီဒီယာနှင့် ပတ်သက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ ရေးဆွဲရာ၌ "လက်သင်္ကေတပြ ဘာသာစကား" ဆိုသည့် စကားလုံးကို ဖြည့်စွက်ဖော်ပြပေးစေလိုကြောင်း စသည်ဖြင့် ဖြစ်ပါကြောင်း။

ဧည့်သည်တော်များအနေဖြင့် ၎င်းတို့၏ အခက်အခဲနှင့် လိုအပ်ချက်များကို သိရှိပြီး မိမိတို့အနေဖြင့် ၎င်းတို့အတွက် ဘာတွေဆောင်ရွက်ပေးနိုင်မလဲ၊ ဘယ်လိုဆောင်ရွက်ရမလဲဆိုသည်ကို ဆွေးနွေးတိုင်ပင်ကြရမည် ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အကြားအာရုံ အားနည်းသူများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်ဆောင်ရွက်နေသော အဖွဲ့အစည်းအားလုံးနှင့် အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါမည်ဟု အလေးအနက်ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ နားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အစီအစဉ်ဒါရိုက်တာ ဦးကျော်ကျော်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး အစီအစဉ်မန်နေဂျာ ဆလိုင်းဒေးဗစ်က Stakeholder များနှင့် ဆောင်ရွက်ခဲ့သော အသိပေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့် အကြံပြုချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်း (မန္တလေး)မှ ကျောင်းအုပ် ဒေါ်သက်သက်မာစိုးရွှေက အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက် လက်လှမ်းမီစေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးကျော်မျိုးဝင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လက်သင်္ကေတဖြင့် သတင်းတင်ဆက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး DVB Multimedia Group မှ Senior Broadcast Journalist ဦးအေးနိုင်က DVB Multimedia Group တွင် လက်သင်္ကေတဖြင့် သတင်းတင်ဆက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အစီအစဉ်ဒါရိုက်တာ ဦးကျော်ကျော်က အကြားအာရုံမသန်စွမ်းသူများ သတင်းအချက်အလက် လက်လှမ်းမီရပိုင်ခွင့်တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အစီအစဉ်မန်နေဂျာ ဆလိုင်းဒေးဗစ်က တက်ရောက်လာကြသူများ၏ ဆွေးနွေးမှုများနှင့် ပတ်သက်၍ အနှစ်ချုပ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်နားမကြားအသင်း ဥက္ကဋ္ဌ ဦးကျော်ယုက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက နိဂုံးချုပ်စကားပြောကြားခဲ့ကြသည်။ **သတင်းစဉ်**

## မန္တလေးဈေးကွက်တွင် ကုလားပဲအုပ်စုဝင် ပဲများ လှောင်သမားများဝယ်ယူမှုကြောင့် အရောင်းသွက်

**မန္တလေး မတ် ၂၈**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်တွင် ကုလားပဲအုပ်စုဝင်များဖြစ်သော V2, V7 နှင့် ထိုင်ဝမ်ပဲတို့မှာ လှောင်သမားများ ဝယ်ယူနေမှုကြောင့် အရောင်းသွက်လျက်ရှိပြီး အဓိကအားဖြင့် V2 နှင့် ထိုင်ဝမ်ပဲတို့ကို ပိုမိုဝယ်ယူနေကြောင်း သိရှိရသည်။

ယမန်နှစ်က ယခုလို သင်္ကြန်အကြိုကာလတွင် V2 ပဲအမျိုးအစားမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် မတ် ၂၈ ရက် ပေါက်ဈေးအရ ငွေကျပ် ၇၀၀၀၀ နှုန်းသာရှိသော်လည်း လှောင်သမားများမှ အခွင့်ကောင်းကိုစောင့်၍ သိုလှောင်ရန် ဝယ်ယူနေခြင်းဖြစ်ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီပဲက ပြည်ပဝယ်လက်မရှိသေးပေမယ့် ငွေကိုင်ထားပြီး စောင့်ကြည့်နေသူတွေက ဒီနှစ်မှာ ဈေးက တစ်ဝက်နီးပါး ကျနေတဲ့အတွက် အခွင့်အခါကိုစောင့်ပြီး ရန်ကုန်တင်မက မန္တလေးက လှောင်သမားတွေပါ အကြံတူပြီး နေ့စဉ် ဝယ်ယူသိုလှောင်နေကြတယ်၊ ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို တစ်ရက်ကို အိတ်တစ်သောင်းကျော် ဝင်ရောက်နေတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ အခြေအနေတွင် မန္တလေးမြို့၌ ပွဲလမ်းသဘင် အလှူအတန်းရာသီဖြစ်သည့်အတွက် အဆိုပါပဲများ ရောင်းအားကောင်းသဖြင့် ပဲခြမ်းစက်၊ ပဲမှုန့်စက်တို့မှာလည်း စက်အားလုံးနီးပါး လည်ပတ်လျက်ရှိသည်။ အဆိုပါပဲများမှာ ဆောင်းသီနှံအဖြစ် ရာသီဥတုအခြေအနေအရ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းကာလများတွင် စတင်စိုက်ပျိုးကြပြီး တပို့တွဲလပြည့်ကျော်တွင် ထွက်ပေါ်လေ့ရှိကြောင်းနှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင်၏ ပြောကြားချက်များနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မတ် ၂၈**

၂၀၁၇ ခုနစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင်၏ ပြောကြားချက်များနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို -A ၌ ကျင်းပသည်။

အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင်၏ ပြောကြားချက်များနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ အသိပေးကြေညာချက်နှင့် စန္ဒရားတင်ဝင်းလှိုင်သို့ အိတ်ဖွင့်ပေးစာ တစ်စောင်ကို မတ်လ ၂၆ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပတ်သက်၍ အဓိကထား ပြောကြားထားသည့်အတွက် ပြည်သူများ မှန်ကန်စွာ သိရှိနိုင်ရန် ယနေ့ စာနယ်ဇင်းရှင်းလင်းပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။




ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရှင်းလင်းပြောကြားကာ **(အပေါ်ပုံ)** တက်ရောက်လာကြသည့် သတင်းမီဒီယာများက မေးမြန်းချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး စွပ်စွဲချက်ပါ RCA ဓာတ်ပြားဖွင့်စက်၊ တိပ်ခွေဖွင့်စက်များကို လက်တွေ့အသံဖွင့်ပြခြင်း၊ ဓာတ်ပြားနှင့် တိပ်ခွေများ နမူနာများကို လက်တွေ့ ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျ ဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါ သည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါး ထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉ %)အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဒေါက်တာနန္ဒမာလာဘိဝံသ၏ ဓမ္မပူဇာသဘင် မန္တလာသီရိအားကစားကွင်း၌ ဆင်ယင်ကျင်းပ



**မန္တလေး မတ် ၂၈**

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ၊ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့၏ ပါမောက္ခချုပ်၊ စစ်ကိုင်း၊ မုံရွာ၊ သန်လျင်၊ လှည်းကူး၊ ပြင်ဦးလွင်၊ နေပြည်တော်မြို့များရှိ မဟာသုဗောဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယကဆရာတော် သ.စ.အ ဓမ္မာစရိယ၊ ပါဠိပါရဂူ (M.A , Ph.D)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာနန္ဒမာလာဘိဝံသ၏ ဓမ္မပူဇာသဘင်ကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ညစဉ် ၇ နာရီခွဲက ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း ရွှေဝါထွန်းလမ်းနှင့် သဇင်လမ်းကြားရှိ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပခဲ့ရာ တရားနာပရိသတ်များ ကွင်းလုံးပြည့်လျှံစွာ တရားနာယူကြည်ညိုခဲ့ကြသည်။ **(ယာပုံ)**

ဓမ္မပူဇာသဘင်၌ ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသမှ မတ် ၂၄ ရက် ညတွင် "ဆင်းရဲသူနှင့်ချမ်းသာသူ" တရားတော်ကို လည်းကောင်း၊ မတ် ၂၅ ရက် ညတွင် "မေးခွန်းပုစ္ဆာဖြင့် အဖြေရှာခြင်း"တရားတော်ကိုလည်းကောင်း ဟောကြားတော်မူခဲ့ရာ သံဃာတော်များနှင့် သီလရှင်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်ဦးဇော်ဝင်းထွန်း-ဒေါ်အေးမိစံမိသားစုများ၊ တရားနာပရိသတ်များ တစ်သောင်းကျော်ခန့် ကွင်းလုံးပြည့်လျှံစွာ တရားနာယူကြည်ညိုခဲ့ကြပြီး ဆရာတော်အား ဝန်ကြီးချုပ်၊ ဓမ္မပူဇာကုသိုလ်ရှင်နှင့် အလှူရှင်များ၊ တရားနာပရိသတ်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။

ဓမ္မပူဇာအလှူရှင်မိသားစုများက တရားပွဲကျင်းပသည့် ရက်များတွင် တရားပွဲမစတင်မီ ညနေ ၆ နာရီ၌ ပင့်သံဃာ အပါး ၅၀၀ နှင့် သီလရှင်အပါး ၅၀၀ တို့အား နဝကမ္မဝတ္ထုငွေနှင့် ဒါတပ္ပဝတ္ထုအစုစုတို့ကို လောင်းလှူခြင်း၊ တရားနာပရိသတ်များကို အနေကဇာတင်လှူပူဇော်ပြီးသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ ပါမောက္ခချုပ်ဆရာတော် ဟောကြားတော်မူခဲ့သော တရားအပုဒ်ရေ ၂၀၀၀ ကျော်ပါ MP3 စက် ၁၀၈ လုံး၊ ပစ္စည်းအစုံပါ အိတ် ၁၀၈ အိတ်တို့ကို ကံစမ်းမဲဖောက်လှူဒါန်းခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မောင်တောမြို့ အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ကျင်းပ



**မောင်တော မတ် ၂၈**

မောင်တောမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို သာသနာ့ဗိမာန်တော်တွင် မတ် ၂၈ ရက် မွန်းလွဲပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ မောင်တောမြို့ပေါ်ရှိ ဆရာတော်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစိုးရပါဠိပထမပြန် စာမေးပွဲကို သံဃာတော် ၁၃ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မတ် ၂၈ ရက်မှ ဧပြီ ၃ ရက် အထိ(ခုနစ်ရက်တိုင်တိုင်) ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**

# စလင်းတွင် ပါဠိပထမပြန်စာမေးပွဲစတင်ကျင်းပ

**စလင်း မတ် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြတ်ရတနာဓမ္မာရုံတွင် မတ် ၂၈ ရက်မှစတင်ပြီး ၂၀၁၈ ခုနှစ်အတွက် ပါဠိပထမပြန်စာမေးပွဲများကို စတင်ကျင်းပခဲ့သည်။ အဆိုပါ ပါဠိပထမပြန်စာမေးပွဲကျင်းနိုင်ရန် စလင်းမြို့နယ် မဟာသံဃနာယကဝန်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ကုမာရနှင့် ဝန်ဆောင်ဆရာတော်ကြီးများက ကြီးမှူးကျင်းပခဲ့သည်။

စာဖြေသံဃာတော်များအား စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း နေ့ဆွမ်းဆက်ကပ်ကြမည်ဖြစ်ရာ စတင်ကျင်းပသော မတ် ၂၈ ရက် နေ့ဆွမ်းကို မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် ပညာရေးမှူးရုံးမိသားစုများက ဆက်ကပ်ကြသည်။ ပါဠိပထမပြန်စာမေးပွဲကို ခြောက်ရက်တိုင်ကျင်းပမည်ဖြစ်ပြီး ပထမကြီး ပထမလတ် ပထမငယ်နှင့် အခြေပြုမူလတန်း စာမေးပွဲများကို ရဟန်းသာမဏေ၊ သီလရှင် စုစုပေါင်း ၆၈ ပါး ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# သုဝဏ္ဏဝတီမြို့၌ လူမှုဖွံ့ဖြိုးရေးနှင့် အခြေခံမင်္ဂလာတရားသင်တန်းဖွင့်

**သုဝဏ္ဏဝတီ မတ် ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် သိမ်ဆိပ်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်၌ သုဝဏ္ဏဝတီမြို့ ပရဟိတအဖွဲ့များစုပေါင်း၍ ဆောင်ရွက်သော ပဋ္ဌမကြိမ်မြောက်အဖြစ် လူငယ်၊ လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများကို လိမ္မာရေးခြားရှိ၍ လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန်နှင့် အသိတရားများရရှိလာစေရန် ရည်ရွယ်၍ လူမှုဖွံ့ဖြိုးရေးနှင့် အခြေခံမင်္ဂလာတရား သင်တန်းကို မတ် ၂၇ ရက်မှ ၃၁ ရက် အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဆရာမကြီး ဒေါ်သန်းမြင့်အောင် တည်ထောင်သော အောင်ဖောင်ဒေးရှင်း၏ လမ်းညွှန်မှုဖြင့် မင်္ဂလာဖောင်ဒေးရှင်းအဖွဲ့မှ ဒေသခံသင်တန်းသား သင်တန်းသူ ၅၂ ဦးအား ငါးရက်ကြာ မင်္ဂလာတရားတော်နှင့်အညီ လာရောက်သင်ကြားပေးခြင်းဖြစ်ကြောင်း အဖွဲ့ဒါရိုက်တာ ကိုစန်းမြင့်အောင်က ပြောသည်။

သင်တန်းချိန်မှာ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ သင်ကြားပေးနေကြောင်း သိရသည်။ မတ် ၂၈ ရက် က မြန်မာနိုင်ငံ စာကြည့်တိုက်များ ကွန်ရက်မှ ဦးမောင်မောင်စိုးက သင်တန်းသား၊ သင်တန်းသူများအား စာကြည့်တိုက်များ အကြောင်း သိကောင်းစရာများ၊ လူမှုဖွံ့ဖြိုးရေးနှင့် မင်္ဂလာတရားတော် ဆက်စပ်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**




အစိုးရပါဠိပထမပြန်စာဖြေပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ မင်္ဂလာအနောက်ကျောင်း၌ မတ် ၂၈ ရက်က ကျင်းပရာ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းတို့တွင် သံဃာ ၁၅၄ ပါး ဝင်ရောက်ဖြေဆိုကြစဉ်။


မိုးလွင်ဦး(လွိုင်လင်)


# မြစိမ်းရောင်စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နေသော ကျေးရွာများ ကွင်းဆင်းစစ်ဆေး

**ဘုတလင် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပဲပြစ်တော(နောက်) ကျေးရွာခွင့်ပြုအတိုးရငွေကျပ် ၁၀ သန်းဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ အင်တိုင်း(တောင်)ကျေးရွာ ခွင့်ပြုအတိုးရငွေကျပ် ၉ ဒသမ ၉ သန်းဖြင့် ရေပေးရေး လုပ်ငန်း၊ ရွာရှည်(ရှေ့) ကျေးရွာခွင့်ပြုအတိုးရ ငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် ဂျင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက မတ် ၂၈ ရက်တွင် သွားရောက်ပြီး လုပ်ငန်းများ မြန်ဆန်အဆင်ပြေစေရေး ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝ၇၇**




## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် မတ် ၂၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ သာယာဝတီမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မူဆယ်မြို့နှင့်ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီ၊ မြစ်ဆုံမြို့တွင် ၀ ဒသမ ၂၈လက်မ၊ တမူးမြို့တွင် ၀ ဒသမ ၁၂ လက်မ၊ နေပြည်တော် လေဆိပ်(ဇလာ)၊ မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့နှင့် ကျိုင်းတုံမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/၈လ**

# ရွှေတောင်မြို့နယ်၌ ရှေးဟောင်းရုပ်ပွားတော်နှင့် စေတီတော် ၁၂၇ ဆူ တွေ့ရှိ

**နေပြည်တော် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မီးလောင်ကျေးရွာ မင်္ဂလာရုံကျောင်းဝင်း အတွင်းရှိ ချုံနွယ်များအား ကျောင်းထိုင်ဆရာတော် ဦးအိန္ဒြစရိယထံ လျှောက်ထားပြီး ရှင်းလင်းစဉ် မတ် ၂၇ ရက် နံနက် ၉ နာရီ ၁၀ မိနစ်က ရှေးဟောင်းရုပ်ပွားတော်နှင့် စေတီတော် ၁၂၇ ဆူ တွေ့ရှိခဲ့ကြောင်း သိရသည်။



မီးလောင်ကျေးရွာ မင်္ဂလာရုံကျောင်းဝင်းအတွင်းရှိ စေတီပျက် တစ်ဆူအတွင်း မြွေတစ်ကောင် ဝင်သွားသဖြင့် သာသနာပြုဆရာတော် ဦးဇာဂရသက်တော် ၄၄ နှစ်၊ ဝါတော် ၁၅ ဝါ အောင်ဆုပန်ကျောင်းတိုက် ရန်ကုန်မြို့ နေသူ ဦးဆောင်၍ မီးလောင်ကျေးရွာမှ ရွာသားခုနစ်ဦးခန့်က လိုက်လံရှာဖွေခဲ့ရာ စေတီပျက်၏ ဌာပနာပေါက်အတွင်းမှ ရှေးဟောင်းရုပ်ပွားတော်နှင့် စေတီတော် ၁၂၇ဆူ တွေ့ရှိခဲ့သဖြင့် မင်္ဂလာရုံကျောင်းတိုက် အပေါ်ထပ်တွင် အပူဇော်ခံထားရှိကြောင်း သိရသည်။

**ကိုရဲ**

# နေပြည်တော်လေဆိပ်၌ ဗန်ကောက်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း စက်ချွတ်ယွင်း၍ ညအိပ်ရပ်နား

**နေပြည်တော် မတ် ၂၈**

ဗန်ကောက်လေကြောင်းလိုင်းမှ ART-72 လေယာဉ်သည် လေယာဉ်မှူး Mr. Thanapong Kongsrima ပါ လေယာဉ်အမှုထမ်းလေးဦး၊ ခရီးသည် ၅၄ ဦးတို့ဖြင့် မတ် ၂၇ ရက် ည ၈ နာရီ ၁၅ မိနစ်က ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်မှ နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်ခဲ့ပြီး ည ၈ နာရီ ၃၅ မိနစ်တွင် လေယာဉ်ယာဘက်ခြမ်း နံပါတ်(၂) အင်ဂျင်မှာ စက်ချွတ်ယွင်းသွားသဖြင့် နေပြည်တော်လေဆိပ်၌ ညအိပ်ရပ်နားခဲ့ရကြောင်း သိရသည်။

အဆိုပါလေယာဉ်ဖြင့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ လိုက်ပါမည့် ခရီးသည် ၁၅ ဦးအား ဒက္ခိဏသီရိမြို့နယ် Park Royal Hotel သို့ လည်းကောင်း၊ လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်းလေးဦးအား Hilton Hotel သို့ လည်းကောင်း ပို့ဆောင်၍ ညအိပ်တည်းခိုကြကြောင်း သိရသည်။ **ကိုရဲ**



**မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၇ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ရဲတပ်ဖွဲ့အုပ်စု ငါးစုမှရဲတပ်ဖွဲ့ဝင်များက လက်တွေ့ငြိမ်းသတ်မှုများ သရုပ်ပြစဉ်။**

တင်မောင်(မန်းကိုယ်ပွား)

# KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ စတင်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း နိုင်ပွဲရယူခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ခြေအသာဖြင့် ကစားကာ YREO အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာန



**YREO အသင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်း ယှဉ်ပြိုင်နေစဉ်။**

အသင်းသည် တိုက်စစ်မှူး ရီရီဦး၏ သွင်းဂိုးလေးဂိုးအပါအဝင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၆၊ ၁၅၊ ၇၁၊ ၈၄ မိနစ်တွင် ရီရီဦးက တစ်ဦးတည်း လေးဂိုးသွင်းယူခဲ့ပြီး ၈ မိနစ်တွင် ခင်မာလာထွန်း၊ ၅၂ မိနစ်တွင် ကေဇင်မြင့်က သွင်းယူခဲ့သည်။ YREO အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၃၀ တွင် မေသွေးကိုက သွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ခြောက်ပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး YREO အသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့သည်။

ဒုတိယနေ့ကို မတ် ၂၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဂန္ဓမာအသင်းနှင့် လက်ရှိချန်ပီယံမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွှန့်**

# လူငယ်ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် Myanmar Care နှင့် MNL စပွန်ဆာစာချုပ်

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ဆောင်ရွက်မည့် လူငယ်ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီရန် Myanmar Care မှ စပွန်ဆာပေးသည့် အခမ်းအနားအား ယနေ့မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးမိုးဆန်းအောင်၊ မြန်မာဘရူဝါရီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ Mr. Hideki Mitsuhashi၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ စပွန်ဆာစာချုပ်ပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာဘရူဝါရီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ Mr. Hideki Mitsuhashi က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ မြန်မာဘရူဝါရီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ Mr. Hideki Mitsuhashi၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် မြန်မာဘရူဝါရီလီမိတက်မှ စီမံခန့်ခွဲရေးအရာရှိချုပ် ဦးကျော်ကြားတို့က စပွန်ဆာစာချုပ်တွင် လက်မှတ်ရေးထိုးပြီး မြန်မာအသင်းဂျာစီ လက်ဆောင်ပေးအပ်သည်။ Myanmar Care အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာနေရှင်နယ်လိဂ်မှ ကျင်းပပြုလုပ်သွားမည့် Grass-roots Festival နှင့် U-14 Football Tournment များအတွက် ငွေကျပ်သိန်း ၁၀၀၀ ကူညီပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ယခုနှစ်အတွင်း Grassroots Festival နှင့် U-14 Football Tournment များကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်**

**ဓာတ်ပုံ-စိုးညွှန့်**



# အင်းတော်မြို့နယ်ရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**အင်းတော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အုန်းဒုတ်ရွာ၌ မတ် ၂၆ ရက်က မီးလောင်မှုဖြစ်၍ မီးဘေးသင့်ခဲ့ရသော မိသားစုဝင်များအား မတ် ၂၇ ရက်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မီးဘေးသင့်ခံရသည့် ဦးသိန်းလွင်မိသားစု၊ ဦးမျိုးညွန့်မိသားစု၊ ဦးရွှေဘ(ခ)ဦးမြင့်ဝင်းတို့အား မော်လူးမေတ္တာအားမာန်(နာရေး) လူမှုကူညီရေးအဖွဲ့က ဆန်လေးအိတ်၊ ဦးသန်းထွန်း၊ ဒေါ်သင်းသင်းမိသားစုတို့က ငွေကျပ်သုံးသိန်း၊ မန်ကျည်းကုန်းရွာဒေသခံများက ဆန်နှစ်အိတ်၊ ငွေကျပ် ၈၅၀၀၀ နှင့် အိုးခွက်ပန်းကန်စုံ၊ အုန်းဒုတ်ကျေးရွာဒေသခံများက ဆန် ၁၂ အိတ်၊ ငွေကျပ် ၂၁၀၀၀၀ နှင့် အိုးခွက်ပန်းကန်၊ အဝတ်အထည်၊ စောင်မျိုးစုံ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငွေကျပ်လေးသိန်းနှင့်ပစ္စည်း ဆယ်မျိုးစီနှင့် ဦးမြတ်ကိုထွေး၊ ဒေါ်ဝေညိုမိသားစုတို့က ငွေကျပ် ၆၀၀၀၀ တို့ကို မော်လူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ခံများထံ သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**

# ၂၀၁၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုနိုင်ကြပါရန် သက်သာသော ဈေးနှုန်းဖြင့် ငါးကျည်း၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် တီလား ပီးယားငါးသားပေါက် (၁ လက်မမှ ၄ လက်မ) အရွယ်အစားများကို မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် အောက်ပါနေရာများ၌ ရောင်းချပေးသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| နေပြည်တော် | - | ရေဆင်းငါးလုပ်ငန်းစခန်း |
| ရန်ကုန်မြို့ | - | ရွှေတိဂုံစေတီတော်၊ သွေးဆေးကန်၊ ကမ္ဘာအေးကုန်းမြေ၊ မင်္ဂလာကန်တော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ သာဓုကန်ဘုရား |
| ပဲခူးမြို့ | - | ရွှေသာလျောင်းဘုရားကြီး၊ လိပ်ပြာကန် |
| ဟင်္သာတမြို့ | - | ဦးပါရဲဘုရား |
| ပုသိမ်မြို့ | - | မြို့တော်ခန်းမရှေ့ ကမ်းနားလမ်း၊ ပုသိမ် |
| ဖန်းမော်မြို့ | - | ဖန်းမော်ငါးလုပ်ငန်းစခန်း |
| ဝိုင်းမော်မြို့ | - | လပ်ကီးရေဆိပ်၊ ဧရာဝတီမြစ် |
| ရွှေဘိုမြို့ | - | ရွှေဘိုငါးလုပ်ငန်းစခန်း |

၂။ ကြိုတင်မှာယူလိုသူများသည် အောက်ပါငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) | - | ဖုန်း | ၀၉-၂၅၀၂၀၇၇၃၇ |
| လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း (ရန်ကုန်) | - | ဖုန်း | ၀၉-၄၀၀၄၄၄၅၀၅ |
| လှော်ကားငါးလုပ်ငန်းစခန်း (ရန်ကုန်) | - | ဖုန်း | ၀၉-၂၅၄၄၈၅၇၉၈ |
| ပဲခူးငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၂၅၀၀၆၆၃၆၃ |
| သနပ်ပင်ငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၄၂၈၃၃၉၁၀၄ |
| ဟင်္သာတငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၇၈၀၅၉၃၀၉၁ |
| ပုသိမ်ငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၄၀၂၅၀၆၃၅၁ |
| ဖန်းမော်ငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၂၅၈၆၈၂၈၅၁ |
| ဝိုင်းမော်ငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၄၀၀၀၅၀၈၇၈ |
| ရွှေဘိုငါးလုပ်ငန်းစခန်း | - | ဖုန်း | ၀၉-၇၉၄၉၀၄၉၉၁ |

၃။ အဆိုပါဇီဝိတဒါန ငါးလွှတ်ကြရာတွင် ဤဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၅/၂၀၀၁ ဖြင့် တားမြစ်ထုတ်ပြန်ထားသော အာဖရိကငါးခူသားပေါက်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ဘေးမဲ့လွှတ်ခြင်းများ မပြုလုပ်ကြရန် နှိုးဆော်အပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကျောက်ကြီးမြို့နယ်၌ တရားမဝင်သစ် ၃၉ တန် ဖမ်းဆီးရမိ



**ကျောက်ကြီး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ရွာဇကောကျေးရွာပျက်အနီး၌ သစ်လုံးဆိုက်စုံ ၃၅ တန် အပါအဝင် သစ်တန်ပေါင်း ၃၉ တန်အား မတ် ၂၆ ရက် ညနေပိုင်းက ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မတ် ၂၆ ရက် ညနေပိုင်းက တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ကျောက်ကြီးမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး အေးထွန်းဦးစီးအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာဇကောကျေးရွာပျက်အနီး ရှင်းလင်းစစ်ဆေးခဲ့ရာ ကညင်၊ သစ်ကတိုး သစ်ခွဲသားများအပြင် အခြားသစ်လုံး စုစုပေါင်း ၃၉ တန်ခန့် ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိ သစ်လုံးများအနီးတွင် တရုတ်နိုင်ငံလုပ် အင်ဂျင်နှင့် လွှဝိုင်း၊ သစ်ခွဲရာ၌အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ဆက်လက်သိမ်းဆည်းရမိခဲ့ပြီး သစ်ခွဲစက်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်၍ အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကျောက်မဲမြို့နယ် အိုရီယမ်တယ်ဟိုက်ဝေး တိုးဂိတ်အနီး၌ မိုင်းနှစ်လုံး ပေါက်ကွဲ

**နေပြည်တော် မတ် ၂၈**

ကျောက်မဲမြို့နယ် ပန်ပေါင်းကျေးရွာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၀/၅၊ လားရှိုးဘက်မှ မန္တလေးဘက်သို့အဆင်း အိုရီယမ်တယ်ဟိုက်ဝေး တိုးဂိတ်ကတ္တားနှင့် ကိုက် ၂၀ ခန့်အကွာ၌ မတ် ၂၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်က မိုင်းပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ နယ်မြေခံတပ်မတော်သားများ၊ ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အသံမိုင်း တစ်လုံးပေါက်ကွဲခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး ဆက်လက်ရှင်းလင်းနေစဉ် မတ် ၂၇ ရက် ဝဝး ၂၅ နာရီ ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာနှင့် ၁၀ ကိုက်ခန့်အကွာ၌ လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် တပ်မတော်သားတစ်ဦး (မစိုးရိမ်ရ)ဒဏ်ရာ၊ လမ်းဘေးခြံစည်းရိုး ကွန်ကရစ်တစ်တိုင် ပဲ့ထွက်ခဲ့ကြောင်းနှင့် အနီးပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မောင်တောမြို့နယ်၌ ငွေကျပ်၃၅၂၈သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၂၇ ရက် နံနက် ၇ နာရီခန့်က မောင်တောမြို့နယ် ရွှေဇားကျေးရွာအနီး နတ်မြစ်အတွင်း၌ လက်ခတ်လှေတစ်စင်း လှော်ခတ်နေသည့် ဟိုင်ဘီအူလာ၊ မာမတ်ဆာဗစ်နှင့် အန်ဆန်ဒူလာတို့အား စိတ်ကြွရူးသွပ်ဆေးပြားများပါသည့်ဆာလာအိတ်တစ်အိတ်နှင့်အတူ တွေ့ရှိရ၍ မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၄၀၀ (ငွေကျပ်၃၅၂၈သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ဟိုင်ဘီအူလာ(၄၀နှစ်)၊ မာမတ်ဆာဗစ်(၂၆နှစ်) နှင့် အန်ဆန်ဒူလာ(၂၅နှစ်)တို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်လေဆိပ်၌ တရားမဝင်ရောက်ရှိလာသော တရုတ်နိုင်ငံသားနှင့် ကူညီခေါ်ဆောင်လာသူအား ဖမ်းဆီးအရေးယူ

**တာချီလိတ် မတ် ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လေဆိပ်၌ တာချီလိတ်မှ မန္တလေးသို့ သွားရောက်မည့် တရုတ်နိုင်ငံသား တစ်ဦးနှင့် အားပေးကူညီခဲ့သူ အမျိုးသမီးတစ်ဦးကို မတ် ၂၈ ရက် နံနက်ပိုင်းက အမှုဖွင့်အရေးယူခဲ့ကြောင်း မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (တာချီလိတ်)မှ သိရသည်။

မတ် ၂၇ ရက် ည ၇ နာရီတွင် တာချီလိတ်မြို့ လဝကဌာနခွဲ-၆မှ လဝကမှူး ဦးထွန်းမြင့်ဝင်းသည် တာချီလိတ်မြို့လေဆိပ်တွင် တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်အဲယားဝေး လေကြောင်းလိုင်းဖြင့် တာချီလိတ်မှ မန္တလေးမြို့သို့ သွားရောက်ရန် ရောက်ရှိလာသော မလောက်ဂျယ်နှင့်အတူ ပါလာသော တရုတ်နိုင်ငံသားတစ်ဦးအား စစ်ဆေးမေးမြန်းရာ အထောက်အထားလက်မှတ် တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသဖြင့် လဝကဌာနခွဲရုံးသို့ ခေါ်ယူစစ်ဆေးရာ တရုတ်နိုင်ငံသား Mr.Li Yu Rong ဆိုသူဖြစ်ပြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ မယ်ဆိုင်ချောင်းအား ဖြတ်ကာ တာချီလိတ်မြို့အတွင်းသို့ တရားဝင်နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်မပါရှိဘဲ မတ် ၂၆ ရက်က ဝင်ရောက်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ရောက်ရှိလာသည့် တရုတ်နိုင်ငံသား Mr.Li Yu Rong (၃၄ နှစ်) ရန်ဟာကျန်ရပ်ကွက် ကွမ်းကျိုးမြို့နေသူနှင့် ဝင်ရောက်ရန် အားပေးကူညီ ခေါ်ဆောင်ခဲ့သူ မလောက်ဂျယ်(၂၈ နှစ်) ဆည်ဦးရွာ ရွာသာရာအုပ်စု မိုးကုတ်မြို့နေသူတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၉၄ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ဖြတ်သန်းမည့် ခရီးသည်တင်မှန်လုံယာဉ် သုံးစီးနှင့် ခြောက်ဘီးယာဉ်တစ်စီးတို့အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် Cat Food (Me-O) ပါ ပစ္စည်း ၁၀ မျိုး၊ Baby Diaper (100) Unit ROUSHUN Hair Shampoo (1380 ml) (265)U နှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Nanakid (120 ml)(1×96)(10)Pkgs စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂ ဒသမ ၉၅၈ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖမ်းဆီးခံထားရသော ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးအား ယနေ့ရုံးထုတ်စစ်ဆေး

**ရန်ကုန် မတ် ၂၈**

၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက် ဥပဒေပုဒ်မ ၃(၁)(ဂ) ဖြင့် တရားစွဲခံထားရသော ရန်ကုန်အခြေစိုက်ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ပြီး အမှုနှင့်ပတ်သက်သော လိုပြသက်သေသုံးဦးအား ဒုတိယခရိုင်တရားသူကြီး -၆ ဦးရဲလွင်က စစ်ဆေးမှုပြုလုပ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့စစ်ဆေးဆောင်ရွက်မှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး-၂ သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးအုန်းခိုင်က “ဒီကနေ့ လိုပြသက်သေသုံးဦး စစ်ဆေးပါတယ်၊ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ East ဟိုတယ်က ဟိုတယ်မန်နေဂျာ ဒေါ်မေသက်ထားလွင်၊ ညှော်ကြိုကောင်တာက ဝန်ထမ်း မသက်ထားဇင်နဲ့ သန့်ရှင်းရေးဝန်ထမ်း ကိုဝင်းကိုကိုတို့သုံးဦးကို ဖမ်းဆီးခံထားရသူ ကျော်စိုးဦး(ခ)မိုးအောင် လာရောက်တာနဲ့ပတ်သက်ပြီး သိရှိတာတွေ မေးခဲ့တာပါ၊ အမှုမှာက လိုပြသက်သေ ၂၅ ဦး တင်ထားရာမှာ ဒီနေ့ထိ ၁၇ ဦး စစ်ဆေးပြီးဖြစ်တယ်၊ ရှေ့နေတွေက စွပ်စွဲခံရသူတွေကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃(၂)အရ စွဲချက်မတင်မီ လွှတ်ပေးဖို့ လျှောက်ထားမှုနဲ့ ပတ်သက်လို့ တရားလိုဘက်က လိုက်ပါဆောင်ရွက်တဲ့ ဥပဒေအရာရှိများက ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲချက်ပေးဖို့လိုအပ်ကြောင်း တင်ပြလာတဲ့အတွက် နောက်ရုံးချိန်းဆို လျှောက်လဲချက်ကြားနာမှာဖြစ်လို့ ဧပြီ ၄ ရက် (ဗုဒ္ဓဟူးနေ့)ကို ချိန်းဆိုထားတယ်” ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တောမီးမှကူးစက်ပြီး ရထားလမ်းဇလီဖားတုံးများ မီးလောင်မှုဖြစ်၍ ရထားလမ်းပိတ်ဆို့မှုဖြစ်ပွား



**မကွေး မတ် ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာအုပ်စု လေးအိမ်ကျေးရွာ၏ အရှေ့ဘက်ကပ်လျက်တွင် မတ် ၂၇ ရက် ညနေ ၅ နာရီခွဲက တောမီးလောင်ရာမှတစ်ဆင့် ရထားလမ်းဇလီဖားတုံးများအား မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ရွာသားတို့က မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် လေးအိမ်ကျေးရွာ၏အရှေ့ဘက်ရထားလမ်း မိုင်တိုင်အမှတ် ၃၂၄/၁၂/၁၃ကြား တံတားအမှတ် ၁၈၅ ပေါ်ရှိ အလျားခုနစ်ပေ၊ အနံရှစ်လက်မ၊ ထုလေးလက်မခန့်ရှိ ဇလီဖားတုံး ၁၅ တုံး၊ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် တံတားပျက်စီးခဲ့သဖြင့် ကျောက်ပန်းတောင်းမှ ပျဉ်းမနားသို့ ထွက်ခွာလာသော စက်ခေါင်းအမှတ် ၁၀၆ အစုန် လော်ကယ်ရထားသည် ညနေ ၄ နာရီ မိနစ် ၂၀ တွင် လေးအိမ်ဘူတာသို့ ရောက်ရှိ ခေတ္တရပ်နားခဲ့ရပြီး ည ၈ နာရီ ၃၅ မိနစ်တွင် ရထားလမ်း ပြန်လည်ကောင်းမွန်သဖြင့် ည ၉ နာရီ မိနစ် ၂၀ တွင် ပျဉ်းမနားဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**မျိုးမင်းဦး(မကွေး)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ပင်လည်ဘူးမြို့နယ်၌ ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**ပင်လည်ဘူး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၌ ကျွန်းခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီးအား ယာဉ်မောင်းနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဆင့်မျိုးအောင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပင်လည်ဘူးမြို့နယ် ဝါးဘိုးချောင်းကျေးရွာအနီး ဆန်းဦး မောင်းနှင်လာပြီး ဖိုးပြား လိုက်ပါလာသော တုံးဖုံးအမျိုးစား ခြောက်ဘီးယာဉ်အား စစ်ဆေးရာ ကျွန်းခွဲသား ၁၃၂ ချောင်း၊ (၁ ဒသမ ၉၆၇၄ တန်)ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွန်းခွဲသားများ သယ်ဆောင်လာသူ ဆန်းဦး သဒ္ဒတ်ကုန်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူနှင့် ဖိုးပြား ညောင်ကုန်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူတို့ကို ပင်လည်ဘူးမြို့မ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တရုတ်နှင့်မြောက်ကိုရီးယားတို့ ထိပ်သီးအစည်းအဝေးကျင်းပ




**ပေကျင်း မတ် ၂၈**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ပေကျင်း၌ ထိပ်သီးအစည်းအဝေးကျင်းပ လျက်ရှိကြောင်း တရုတ်နိုင်ငံပိုင်ဆင်ဟွာသတင်း၌ ဖော်ပြ သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်သည် တရုတ်နိုင်ငံ၌ တနင်္ဂနွေနေ့မှ ဗုဒ္ဓဟူးနေ့အထိရှိနေခဲ့သည်။ ယင်းခရီးစဉ်သည် ကင်ဂျုံအန်းမြောက်ကိုရီးယား ခေါင်းဆောင်ဖြစ်လာသည့် ၂၀၁၂ ခုနှစ်မှစတင်ကာ ပြည်ပနိုင်ငံတစ်ခုသို့ ပထမဆုံးခရီးစဉ်ရောက် ရှိမှုဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကိုရီးယားကျွန်းဆွယ်အရေးနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့်အပြောင်းအလဲများပေါ်ပေါက်လာ ခဲ့ပြီး ထိုသို့အပြုသဘောဆောင်သည့် အပြောင်းအလဲများဖြစ် ထွန်းလာစေရန် မြောက်ကိုရီးယားနိုင်ငံက အင်အားစိုက်ထုတ်ခဲ့မှု အပေါ် တရုတ်နိုင်ငံက အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့ သည်။

တရုတ်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် နျူကလီး ယားလက်နက်လျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေး ချမ်းရေးခိုင်မာသေချာစေရေးကို လိုက်နာကျင့်သုံးဆောင်ရွက် လျက်ရှိပြီး စကားပြောဆိုဆွေးနွေးမှုများမှတစ်ဆင့် ပြဿနာ များကို ပြေလည်အောင်ဖြေရှင်းနေကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် နျူကလီးယားလက်နက်လျှော့ချရေးဆောင်ရွက်သွားမည့် ရပ် တည်ချက်သဘောထားရှိကြောင်း ခေါင်းဆောင်ကင်၏ပြော ကြားခဲ့မှုကို ဆင်ဟွာသတင်းက ကိုးကားဖော်ပြခဲ့သည်။ ခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက် စေရေးအတွက် အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

လာမည့် ဧပြီလနှောင်းပိုင်းတွင် တောင်ကိုရီးယား သမ္မတ မွန်ဂျယ်အင်းနှင့် ဆွေးနွေးသွားရန်စီစဉ်ထားမှုများ၊ မေလ ကုန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့်ဆွေးနွေးရန် စီစဉ်ထားမှုများကိုလည်း ဆွေးနွေးခဲ့ကြဖွယ်ရှိသည်ဟု လေ့လာ သုံးသပ်သူများက ပြောကြားခဲ့သည်။

**ဆင်ဟွာ၊အင်န်အိတ်ချ်ကေ**

# သူပုန်များနှင့် မိသားစုဝင်ပေါင်း ၆၀၀၀ ကျော်တို့ ဒမတ်စကတ်အရှေ့ပိုင်းဂူတာကို စွန့်ခွာ




**ဒမတ်စကတ် မတ် ၂၈**

သူပုန်များနှင့်၎င်းတို့၏မိသားစုဝင်များ ပါဝင်သည့် လူပေါင်း ၆၀၀၀ကျော်တို့သည် ဗုဒ္ဓဟူးနေ့ညသန်းခေါင်အချိန်တွင် ဆီးရီး ယားနိုင်ငံဒမတ်စကတ်မြို့တော်ရှိ အရှေ့ ဂူတာဒေသမှ ထွက်ခွာရွှေ့ပြောင်း ခဲ့ကြကြောင်း ဆီးရီးယားနိုင်ငံပိုင် အာရပ် သတင်းအေဂျင်စီကဖော်ပြခဲ့သည်။

သူပုန် ၁၃၀၀၀ နှင့်၎င်းတို့၏ဆွေမျိုး များသည် စနေနေ့ကတည်းက အသုတ် သုံးသုတ်ခွဲကာ အီဒလစ်ပြည်နယ် အနောက်မြောက်ပိုင်းရှိ သူပုန်ထိန်းချုပ် ဧရိယာများဆီသို့ ရွှေ့ပြောင်းသွားကြပြီး နောက်တွင် သူပုန် ၁၅၂၁ ဦးအပါအဝင် လူပေါင်း ၆၄၃၂ ဦးတို့သည် အရှေ့ဂူတာ အလယ်ပိုင်းရှိ မြို့များမှ စတုတ္ထအသုတ် ထွက်ခွာရွှေ့ပြောင်းခဲ့ကြသည်။

နေရပ်စွန့်ခွာထွက်ပြေးကြသူများ သည် ဆီးရီးယားအစိုးရနှင့်ပြန်လည် သင့်မြတ်ရန် ငြင်းဆန်ခဲ့ကြသည်။ဆီးရီး ယားအစိုးရအင်အားစုများသည် ပြီးခဲ့ သည့်လနှောင်းပိုင်းတွင် အရှေ့ဂူတာ၌ သူပုန်အုပ်စုများက လုပ်ဆောင်ခဲ့သည့် ထိုးစစ်ဆင်နွှဲမှုများအပြီးအရှေ့ဂူတာ၏ ၉၀ ရာခိုင်နှုန်းကို ပြန်လည်ရယူခဲ့ကြသည်။

နောက်ဆုံး ရွှေ့ပြောင်းမှုသည် အာဘင်၊ ဂျိုဘာ၊ ဇာမယ်လ်ကာနှင့် အင်တာမာ မြို့နယ်များ၌ ဖြစ်ပွားခဲ့ပြီး ယင်းမြို့များအားလုံးသည် ဖီလက် အယ်လ်ရာမန်သူပုန်များ၏ အကြီး အကျယ်ထိန်းချုပ်ထားခြင်းခံခဲ့ရသည့် မြို့များဖြစ်သည်။ ဖီလက်အယ်လ် ရာမန် သူပုန်များသည် ဆီးရီးယားတပ်မတော် စစ်ဆင်ရေးအောက်တွင် ၎င်းတို့၏ ဆုတ်ခွာရေးနှင့် ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးရန် ပြီးခဲ့သည့် သောကြာနေ့က သဘောတူခဲ့သည်။

အာရာအယ်လ်ရှမ် သူပုန်အဖွဲ့သည် ယခုလအစောပိုင်းက အရှေ့ဂူတာရှိ ဟာရက်စတန်မြို့မှ ထွက်ခွာသွားခွင့်ရရှိ ခဲ့ပြီးနောက် အရှေ့ဂူတာအလယ်ပိုင်း ဧရိယာများမှ ထွက်ခွာသွားကြရန် ဖီလက် အယ်လ်ရာမန်သူပုန်အဖွဲ့ကို ခွင့်ပြုခဲ့ သည်။

ရုရှားတို့ ကြားဝင်အာမခံခဲ့သည့် သဘောတူစာချုပ်သည် သူပုန်များ နှင့် ဆီးရီးယားတပ်မတော်အကြား သောကြာနေ့က သဘောတူညီမှုအဆင့် ရောက်ရှိခဲ့ပြီး သူပုန်ထိန်းချုပ်ထားသည့် ဒူမာခရိုင်၌ ပိတ်မိနေသည့် ဒေသခံများ အား ထွက်သွားခွင့်ပေးရန် စာချုပ်၌ တောင်းဆိုထားသည်။

**ဆင်ဟွာ**

# သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ တူရကီနှင့် ရုရှားသမ္မတတို့ ဆွေးနွေး

**အန်ကာရာ မတ် ၂၈**

တူရကီနိုင်ငံ သမ္မတနှင့် ရုရှားနိုင်ငံသမ္မတတို့သည် မကြာမီကျင်းပတော့မည်ဖြစ်သည့် ဆီးရီးယားဆိုင်ရာ သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲနှင့် ပတ်သက်ပြီး မတ် ၂၇ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တူရကီနိုင်ငံ အနာဒိုလူ သတင်းဌာနက ဖော်ပြခဲ့သည်။

တူရကီနိုင်ငံသမ္မတရီဆက်တေရစ်အာဒိုဂန်နှင့် ရုရှားနိုင်ငံသမ္မတဗလာဒီမာ ပူတင်တို့သည် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြောင်း အမည်မဖော်လိုသူ တူရကီသမ္မတရုံးသတင်းရင်းမြစ်တစ်ခုကို ကိုးကားကာ အနာဒိုလူ သတင်းဌာနက ဖော်ပြခဲ့သည်။ ရုရှားနိုင်ငံဆိုက်ဘေးရီးယား၌ ဖြစ်ပွားခဲ့သည့် ဈေးဝယ် စင်တာတစ်ခုမီးလောင်မှုတွင် အနည်းဆုံး လူ ၆၄ ဦးသေဆုံးခဲ့သည့်အတွက် သမ္မတ အာဒိုဂန်က ဝမ်းနည်းကြေကွဲကြောင်း ပြောခဲ့သည်။

ဧပြီလ ၄ ရက်တွင် တူရကီနိုင်ငံ၊ ရုရှားနိုင်ငံနှင့် အီရန်နိုင်ငံသမ္မတတို့သည် တူရကီ နိုင်ငံ၌ တွေ့ဆုံရန်စီစဉ်ခဲ့ပြီး ဒေသတွင်း လုပ်ဆောင်ရမည့်ကိစ္စရပ်များအပေါ် ဆွေးနွေး မည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၅ ရက်ကတူရကီတွင် ပြုလုပ်လျက်ရှိသော စစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်း အဖြစ် ဆီးရီးယားနိုင်ငံ အက်ဖရင်းဒေသကို ကောင်းစွာထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး ယင်းစစ်ဆင်ရေးသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့အား ချေမှုန်းသွားရန် ရည်ရွယ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# အီရတ်အစိုးရ၏ ခွင့်ပြုချက်မရဘဲ တူရကီနိုင်ငံအနေဖြင့် အီရတ်နိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော် စစ်ဆင်ရေးဆောင်ရွက်သွားမည်မဟုတ်ကြောင်း အီရတ်ပြော

**ဘဂ္ဂဒက် မတ် ၂၈**

အီရတ်အစိုးရ၏ ခွင့်ပြုချက်မရဘဲ တူရကီနိုင်ငံအနေဖြင့် အီရတ်နိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော် စစ်ဆင်ရေးဆောင်ရွက်သွားမည်မဟုတ်ကြောင်း အီရတ်ဝန်ကြီးရုံး က မတ် ၂၇ ရက်က ပြောခဲ့သည်။

အီရတ်ဝန်ကြီးချုပ်နှင့် တူရကီဝန်ကြီးတို့ ဖုန်းဖြင့်ပြောကြားစဉ် ယခုကဲ့သို့ သဘော တူညီချက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တူရကီနိုင်ငံ ဝန်ကြီးချုပ် ဘိုင်နယ်လီယာ ဒီရင်က အီရတ်နိုင်ငံမြောက်ပိုင်း၌ နယ်စပ်ဖြတ်ကျော် စစ်ဆင်ရေးများနှင့်ပတ်သက် ပြီး အီရတ်နှင့် တူရကီအကြား မည်သည့်သဘောတူညီချက်မျှမရှိကြောင်း ငြင်းဆိုခဲ့ သည်။

ထို့အပြင် တူရကီနိုင်ငံသည် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို လေးစားပါကြောင်း၊ အီရတ်နိုင်ငံ၏ ပိုင်နက်နယ်မြေကို ထိခိုက်စေမည့် လုပ်ဆောင်ချက် များကို လုပ်ဆောင်သွားမည်မဟုတ်ကြောင်း ၎င်းက ပြောခဲ့သည်။

အီရတ်ဝန်ကြီးချုပ် အယ်လ်ဘာဒီကလည်း အီရတ်တပ်ဖွဲ့ဝင်များသည် တူရကီ နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဧရိယာများအပါအဝင် အီရတ်နိုင်ငံ၏ ပိုင်နက် နယ်မြေအား အပြည့်အဝထိန်းချုပ်ထားကြောင်းနှင့် နယ်စပ်လိုင်းမှ ဖြတ်ကျော်လာသော ပြည်ပမှ စစ်သွေးကြွများကိုလည်း ကာကွယ်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြား ခဲ့သည်။

**ဆင်ဟွာ**

# အီရန်နျူကလီးယားစာချုပ်ကိုဆက်လက်ထိန်းသိမ်းထားရန် လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူများ အမေရိကန်ကိုအကြံပြု

**ဝါရှင်တန် မတ် ၂၈**

အမေရိကန်အမျိုးသားလုံခြုံရေးဆိုင်ရာကျွမ်းကျင်သူများက အီရန်နှင့်ချုပ်ဆိုထားသည့် နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းထားရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ရီပတ်ဘလစ်ကန်နှင့်ဒီမိုကရက်တစ်ပါတီများမှ ပုဂ္ဂိုလ် ၁၁၈ဦးတို့သည် အဘယ့် ကြောင့် အမေရိကန်က ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ကိုဆက်လက်ထိန်း သိမ်းထားသင့်ကြောင်း အကြောင်းပြချက် ၁၀ ခုပါဝင်သည့်ဖော်ပြချက်ကို ထုတ်ပြန်ခဲ့ ကြသည်။

နိုင်ငံတကာစီမံထိန်းချုပ်မှုအောက်တွင် အီရန်၏နျူကလီးယားဖွံ့ဖြိုးတိုးတက်မှုကို ယင်းဖော်ပြချက်က ကန့်သတ်ပေးကြောင်း ၎င်းတို့က ပြောကြားခဲ့ပြီး ဥရောပရှိ အမေရိကန်မဟာမိတ်များက ယင်းစာချုပ်စွန့်လွှတ်မှုဆန့်ကျင်ကန့်ကွက်ခဲ့သည်ကို ထောက်ပြခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အီးယူနိုင်ငံများက ရုရှားသံတမန်များကို နှင်ထုတ်မည်

**မော်စကို မတ် ၂၈**

အနောက်နိုင်ငံများက ရုရှားသံတမန်များကို နှင်ထုတ်သည့်အပေါ် ရုရှားက မတ် ၂၆ ရက်က အပြင်းအထန်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်ခြင်းမှာ ယခင်ရုရှားသူလျှို အဆိပ်မိသေဆုံးသောအမှုကို ဖော်ထုတ်ရာတွင် အထောက်အကူမပြုနိုင်သည့်အပြင် နိုင်ငံချင်းဆွေးနွေးညှိနှိုင်းမှုနှင့် နိုင်ငံတကာစည်းမျဉ်းဥပဒေများကို ထိခိုက်ရာရောက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ မတ် ၂၆ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သည့်အချိန်က ရုရှားသူလျှိုဟောင်းကို အင်္ဂလန်တွင် တိတ်တဆိတ်သတ်ဖြတ်သည့်ကိစ္စကို တုံ့ပြန်သောအားဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံက ရုရှားသံတမန်များကို နှင်ထုတ်မည်ဖြစ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောခဲ့သည်။

ထို့အတူ တစ်ချိန်တည်းမှာပင် အမေရိကန်က ရုရှားသံတမန် ၆၀ ခန့်ကို နှင်ထုတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သလို ဆီတယ်ရှိ ရုရှားကောင်စစ်ဝန်ရုံးကိုလည်း ပိတ်ပစ်မည်ဟု ကြေညာခဲ့သည်။

ကနေဒါနိုင်ငံကလည်း ရုရှားသံတမန်လေးဦးကို နှင်ထုတ်မည်ဟု ကြေညာခဲ့သည်။

**ဆင်ဟွာ**

## အီဂျစ်သမ္မတ ရွေးကောက်ပွဲစတင်

**ကိုင်ရို မတ် ၂၈**

အီဂျစ်သမ္မတရွေးကောက် ပွဲ၏ ပြည်တွင်းမဲပေးပွဲကို မတ် ၂၆ ရက်က တရားဝင်စတင်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခုတစ်ကြိမ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် သမ္မတလောင်းနှစ်ဦးမှာ လက်ရှိ သမ္မတ အဗ္ဗဒဲလ်ဖက်တာ အယ်လ်စီစီနှင့် အယ်လ်ဂဒ်ပါတီခေါင်းဆောင် မူစတာဖာမူဆာတို့ ဖြစ်ကြောင်း သိရသည်။

ယခုတစ်ကြိမ်ကျင်းပခဲ့သည့် မဲပေးပွဲကို ပြည်တွင်းမဲပေးပွဲနှင့် ပြည်ပမဲပေးပွဲဟူ၍ နှစ်ပိုင်းခွဲကာ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ပြည်ပမဲပေးပွဲကို မတ် ၁၉ ရက်က ကျင်းပပြီးစီးခဲ့ပြီး ပြည်တွင်းမဲပေးပွဲကို မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဲရလဒ်များကိုလည်း ဧပြီ ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ ရွေးကောက်ပွဲတွင် သမ္မတလောင်းက ဆန္ဒမဲ တစ်ဝက်ကျော်မရရှိလျှင် သမ္မတ ရွေးကောက်ပွဲကို ဒုတိယအကြိမ်ကျင်းပမည်ဖြစ်ပြီး နောက်ဆုံး မဲရလဒ်ကို မေ ၁ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# သတင်းအချက်အလက်ပေါက်ကြားမှုတွေအတွက် ဖေ့စ်ဘွတ် ဘယ်လိုဆက်လုပ်မလဲ

**တင်လင်းအောင်**




လူမှုကွန်ရက်မီဒီယာ ဖြစ်တဲ့ ဖေ့စ်ဘွတ်ဟာ အဆိုးရွားဆုံးနည်းပညာအကျပ်အတည်း ကျရောက်နေချိန်မှာ ကျန်တဲ့ဆီလီကွန်တောင်ကြားသို့မဟုတ် နည်းပညာရပ်ဝန်းမှာလည်း ဒေတာအသုံးပြု စီးပွားရေးနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ နည်းပညာအုပ်စုတွေဟာလည်း ယခုထက် ပိုမိုအဆင့်မြင့်တဲ့ နည်းပညာတွေကို ကြုံဆလာကြပါတယ်။

ဖေ့စ်ဘွတ် အကျပ်အတည်းဟာ အခြား အင်တာနက်နည်းပညာကုမ္ပဏီတွေကိုလည်း စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်စေခဲ့ပါတယ်။ ဖေ့စ်ဘွတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်ဟာ ကမ္ဘာ့အကြီးဆုံး လူမှုမီဒီယာကုမ္ပဏီဖြစ်တဲ့ ဖေ့စ်ဘွတ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ ပတ်သက်တဲ့ တောင်းပန်စာကို ဗြိတိန်နဲ့ အမေရိကန်သတင်းစာတွေမှာ စာမျက်နှာပြည့် ထည့်သွင်းဖော်ပြခဲ့တယ်လို့ သတင်းတွေမှာ လေ့လာသိရှိခဲ့ရပါတယ်။

ပြီးတော့ သူကကျွန်တော်တို့လည်း အမှားအယွင်းတွေလုပ်ခဲ့မိပါတယ်။ အဲဒီအတွက် လုပ်စရာအများကြီးရှိပါတယ်။ ဒါတွေကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်လို့ ပြောခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ သမ္မတ ဒေါ်နယ်ထရန့်နဲ့ ဗြိတိန်နိုင်ငံ အချက်အလက်စိစစ်ခန့်ခွဲမှုကုမ္ပဏီတစ်ခုဖြစ်တဲ့ ကိန်းဘရစ် အနယ်လိုက်တီကာတို့ကြား ချိတ်ဆက်ပြီး ဖေ့စ်ဘွတ်အသုံးပြုသူ သန်း ၅၀ ကျော်တို့ရဲ့ ကိုယ်ရေးအချက်အလက်တွေကို အလွဲသုံးစားပြုခဲ့ကြောင်း အမေရိကန်နဲ့ ဗြိတိန်နိုင်ငံ အခြေစိုက်သတင်းမီဒီယာများက စွပ်စွဲရေးသားတဲ့အပေါ် ဖေ့စ်ဘွတ်က ဝန်ခံခဲ့ခြင်းဖြစ်ပါတယ်။

ယခုကဲ့သို့ ဖြစ်ရပ်မျိုး နောက်ထပ်မပေါ်ပေါက်စေဖို့ ဖေ့စ်ဘွတ်အနေနဲ့ ကြိုတင်ကာကွယ် ဆောင်ရွက်မှုတွေ လုပ်ဆောင်သွားမှာဖြစ်ကြောင်း ဇူကာဘတ်က ပြောခဲ့ပါတယ်။ ဖေ့စ်ဘွတ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ပတ်သက်ပြီးတော့ မတ် ၁၉ ရက်မှာ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ကုမ္ပဏီအနေနဲ့ စတော့ဈေးနှုန်း ခုနှစ်ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ပါတယ်။ အဲဒါဟာ လေးနှစ်တာကာလအတွင်းမှာ အနိမ့်ဆုံးအဆင့်တစ်ခုသို့ ကျဆင်းခဲ့တာပဲ ဖြစ်ပါတယ်။

ယခုအခါမှာတော့ ဖေ့စ်ဘွတ်မှာ သတင်းအချက်အလက် အသုံးပြုသူတွေရဲ့ အချက်အလက်ပေါက်ကြားမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးဖို့အတွက် ဒစ်ဂျစ်တယ်စုံစမ်းစစ်ဆေးရေး ကုမ္ပဏီ Stroz Friedberg ကို ငှားရမ်းဆောင်ရွက်နေတယ်ဆိုတာ လေ့လာတွေ့ရှိခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဖေ့စ်ဘွတ်အနေနဲ့ Sign in ဝင်တဲ့အခါ သုံးစွဲသူတို့ရဲ့ အချက်အလက်တွေကို ကန့်သတ်ထားတယ်လို့ သိရပါတယ်။ ထို့အတူ အသုံးပြုသူတွေထံ ဝင်ရောက်နိုင်ခြေရှိတဲ့ App တစ်ခုချင်းစီကိုလည်း စောင့်ကြည့်သွားမှာ ဖြစ်ကြောင်း ဇူကာဘတ်က ပြောခဲ့ပါတယ်။ ဥပဒေချိုးဖောက်တဲ့သူတွေကို တွေ့တဲ့အခါမှာလည်း သူတို့ကို ပိတ်လိုက်ပြီး အားလုံးကို ပြောပြသွားမှာပါလို့ ဇူကာဘတ်က ဆက်လက်ပြောကြားခဲ့ပါတယ်။

ဒီတစ်ခါဖြစ်တာကတော့ ဖေ့စ်ဘွတ်ပါ။ သို့သော်လည်း တခြားနည်းပညာကုမ္ပဏီတွေလည်း ဖြစ်သွားနိုင်ပါတယ်လို့ နည်းပညာစောင့်ကြည့်လေ့လာသူ ရော့ဘ်အန်ဒါလီက ပြောခဲ့ပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီတွေကြား မကြာခဏဖြစ်တဲ့ ကိစ္စလည်း ဖြစ်ပါတယ်လို့ သူကဆက်ပြီး ပြောခဲ့ပါတယ်။

မတ် ၂၆ ရက်မှာတော့ အသုံးပြုသူ သန်း ၅၀ ကျော်ရှိတဲ့ ဖေ့စ်ဘွတ်ဟာ သူ့ရဲ့ ဈေးကွက်တန်ဖိုး ၁၄ ရာခိုင်နှုန်းလောက် ကျဆင်းသွားတာကို တွေ့ရပါတယ်။ အသုံးပြုသူတွေရဲ့ ယုံကြည်မှုကို ချိုးဖောက်ခံလိုက်ရတာဖြစ်ပြီး ယခုအခါမှာတော့ အဲဒီလိုမဖြစ်အောင် အကောင်းဆုံးလုပ်ဆောင်နေကြောင်း ဇူကာဘတ်က လူသိရှင်ကြား ကတိပေးခဲ့ပြီ ဖြစ်ပါတယ်။

ဖုန်းတွေ၊ Apps တွေ၊ ဝက်ဘ်ဆိုက်တွေဟာ နေ့စဉ်လူနေမှုဘဝတွေမှာ ခွဲထားလို့မရတော့ပါဘူး။ သူတို့ကို လျစ်လျူရှုထားရင် မျက်စိပိတ်၊ နားပိတ်ဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ယနေ့လူတွေရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာပါတော့တယ်။ ထို့အတူပဲ ဒီနည်းပညာတွေဟာ လူသားတွေအတွက် ကောင်းကျိုးပြုသလို တစ်ဖက်ကလည်း ဆိုးကျိုးတွေဖြစ်သွားနိုင်ပါတယ်။

ဖေ့စ်ဘွတ်သတင်းအချက်အလက်ပေါက်ကြားမှုကိုကြည့်ရင် အသုံးပြုသူတွေရဲ့ယုံကြည်မှုတွေ အလွဲသုံးစားခံလိုက်ရတာကို တွေ့ရမှာပါ။ သို့သော်လည်း ယနေ့ခေတ်မှာ အသုံးပြုတွေဟာ နည်းပညာရဲ့ သားကောင်တွေဖြစ်မှန်းမသိဖြစ်ခဲ့ရပါတယ်လို့ Center for Humane Technology မှ တာဝန်ရှိသူတွေက ပြောခဲ့ပါတယ်။

အနည်းဆုံး လူနှစ်ဘီလီယံလောက်ဟာ အဲဒီလို နည်းပညာတွေကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြတော့ နည်းပညာကုမ္ပဏီတွေဟာ မမျှော်လင့်ဘဲ၊ အမှုမဲ့အမှတ်မဲ့နဲ့ သူတို့ရဲ့ လူမှုရေးတစ်ခုလုံးကို ထိတွေ့ခွင့်တွေ၊ စီမံခွင့်တွေရသလို ဖြစ်ခဲ့ပါတယ်။ အဲဒါတွေကလည်း ယနေ့ခေတ်နည်းပညာ အသုံးပြုသူတွေရဲ့ အချက်အလက်တွေ ကျိုးပေါက်ဖို့အတွက် အခြေအနေတွေ ဖန်တီးပေးလိုက်သလိုပါပဲ။

အခု ဘာတွေဖြစ်လဲ။ ဖေ့စ်ဘွတ်အသုံးပြုသူတွေဟာ ဖေ့စ်ဘွတ်ခ် အသုံးပြုမှုကျဆင်းပြီး တွစ်တာအသုံးပြုမှုတွင်ကျယ်လာတဲ့အခါမှာ ကြော်ငြာသမားတွေက ဖေ့စ်ဘွတ်ကို ချန်လှပ်ထားခဲ့မှာလားဆိုတာ စဉ်းစားစရာတစ်ခု ဖြစ်လာပါတယ်။ အကယ်၍ အသုံးပြုသူတွေက ဖေ့စ်ဘွတ်ကို အသုံးမပြုဘူးဆိုရင် သူတို့ရဲ့မိတ်ဆွေသူငယ်ချင်းတွေ၊ အနုပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုလုပ်ဆောင်မလဲဆိုတဲ့ မေးခွန်းကလည်း မရေမရာအဖြစ် ဆက်လက်ကျန်ရှိနေသေးပါတယ်။ ရှုပ်ထွေးလှတဲ့ အွန်လိုင်းနယ်ပယ်မှာ အခုလို ကိစ္စတွေကလည်း ချန်လှပ်ထားလို့ မရပါဘူး။

ဖေ့စ်ဘွတ်ဟာလည်း ရှုပ်ထွေးလှတဲ့ ဝက်ဘ်ဆိုက်တွေမှာ အပြန်အလှန်ဆက်သွယ်မှုတွေရှိနေပါတယ်။ ကြော်ငြာသမားတွေဟာ အကယ်၍သာ ဖေ့စ်ဘွတ်ခ်က ရှောင်ခွာခဲ့မယ်ဆိုရင် ဆိုးကျိုးတွေရရှိနိုင်ပါတယ်လို့ နယူးယောက်တက္ကသိုလ် ဈေးကွက်ပရော်ဖက်ဆာ စကော့တ်ဂယ်လိုဝေးက ပြောခဲ့ပါတယ်။

ကြော်ငြာသမားတွေဟာ သူတို့ရဲ့ ကြော်ငြာတွေကို အွန်လိုင်းမှာ ကြော်ငြာဖို့ဆိုရင် အခြေခံမူဝါဒလမ်းစဉ်နှစ်ခုရှိပါတယ်။ ဖေ့စ်ဘွတ်က တခြားသူတွေကို လိုအပ်တာထက် ကြော်ငြာသမားတွေဟာ ဖေ့စ်ဘွတ်ခ်ကို ပိုပြီးလိုအပ်ပါတယ်လို့ နယူးယောက်တက္ကသိုလ် ဈေးကွက်ပရော်ဖက်ဆာ စကော့တ်ဂယ်လိုဝေးက ပြောခဲ့ပါတယ်။

အမေဇုန်ကလည်း အွန်လိုင်းဈေးဝယ်သူတွေထံမှနေပြီး အချက်အလက်တွေရယူပြီးတော့ ပိုကောင်းအောင် လုပ်ဆောင်သလို ဂူဂဲလ်ပိုင်ရှင် ဝေမိုနဲ့ Uber ကုမ္ပဏီတို့ဟာလည်း အသုံးပြုသူတွေထံက အချက်အလက်တွေ ကောက်ယူပြီး ဒီထက်ပိုကောင်းတဲ့ နည်းပညာတွေကို ဆန်းသစ်တီထွင်လာခဲ့ကြပါတယ်။ စမတ်နာရီကလည်း နာရီဝတ်ဆင်သူတွေထံမှ အချက်အလက်တွေရယူပြီး ဆေးပညာသုတေသနတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အွန်လိုင်းဝန်ဆောင်မှု အသုံးပြုတွေဟာ ဒစ်ဂျစ်တယ်ကျေးကျွန်တွေဖြစ်မှန်းမသိဖြစ်ခဲ့ကြတယ်လို့ တချို့ပညာရှင်တွေက ပြောခဲ့ကြပါတယ်။ သူတို့ရဲ့ ထုတ်ကုန်တွေ အသုံးပြုတဲ့သူ တွေမှ တစ်ဆင့် အကြံတွေရရှိခဲ့ကြပါတယ်။

တစ်ဖက်ကလည်း နည်းပညာအသုံးပြု အွန်လိုင်းကြော်ငြာသမားတွေဟာ သူတို့ရဲ့ လိုချင်တဲ့ ဈေးကွက်ဖော်ဆောင်မှုမျိုးကို အွန်လိုင်းအသုံးပြု ကာ ဖော်ဆောင်နိုင်ခဲ့ပါတယ်။

မည်သို့ပင်ဆိုစေ နည်းပညာတွေဟာ လူတွေရဲ့ဘဝမှာ ပိုပြီးအရေးပါလာလေလေ၊ လူတွေရဲ့အရေးကြီးတဲ့အချက်ပေါက်ကြားမှု ပိုမိုဖြစ်နိုင်လေလေပဲဖြစ်ပါတယ်ဆိုတဲ့အချက်ကတော့ ငြင်းလို့မရပါဘူး။ ဒါကြောင့် တိုးတက်လာတဲ့ နည်းပညာခေတ်ကြီးမှာ နည်းပညာတွေကို အသုံးပြုတဲ့သူတွေအနေနဲ့ နည်းပညာရဲ့ ကျေးကျွန်မဖြစ်ဖို့ လိုအပ်ပါတယ်။

ဒီလောက်ကြီးမားတဲ့ အသုံးပြုသူ သန်း ၅၀ ကျော်ရှိတဲ့ ဖေ့စ်ဘွတ်ဟာ အသုံးပြုသူတွေရဲ့အချက်အလက်ပေါက်ကြားမှုအတွက် တောင်းပန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါဟာ နည်းပညာ မလုံခြုံမှု၊ မလျော်မကန်အသုံးပြုမှု၊ နည်းပညာခြိမ်းခြောက်မှုတွေကို ပြသလိုက်တဲ့ သဘောပဲ ဖြစ်ပါတယ်။ အသုံးပြုသူတွေအနေနဲ့ တခြားဘယ်နေရာတွေမှာ သူတို့ရဲ့အချက်အလက်တွေ ပေါက်ကြားမလဲဆိုတာ စိုးရိမ်စိတ်တွေ ဖြစ်နေကြပါတယ်။

ဖေ့စ်ဘွတ်အနေနဲ့လည်း အခုလိုဖြစ်သွားတဲ့အတွက် သူ့ရဲ့ ဈေးကွက်တန်ဖိုးလည်း ကျဆင်းသွားတာကို တွေ့ရပါတယ်။ ထို့အတူ အသုံးပြုသူတွေကော၊ ကြော်ငြာရှင်တွေအနေနဲ့ပါ တခြားလူမှုကွန်ရက် စာမျက်နှာဖြစ်တဲ့ တွစ်တာလိုမျိုး နေရာတွေမှာတောင် အသုံးပြုဖို့ လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ဖေ့စ်ဘွတ်မှ မဟုတ်ပါဘူး၊ တခြားဘယ်လူမှုရေး ဝက်ဘ်ဆိုက်မဆို အသုံးပြုတွေရဲ့ သတင်းအချက်အလက် မပေါက်ကြားဖို့ အကောင်းဆုံး လုပ်ဆောင်သွားဖို့ လိုအပ်လှပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ၊ ဆင်ဟွာ**

> **“မည်သို့ပင်ဆိုစေ နည်းပညာတွေဟာ လူတွေရဲ့ဘဝမှာ ပိုပြီးအရေးပါလာလေလေ၊ လူတွေရဲ့အရေးကြီးတဲ့အချက် ပေါက်ကြားမှု ပိုမိုဖြစ်နိုင်လေလေပဲ ဖြစ်ပါတယ်ဆိုတဲ့ အချက်ကတော့ ငြင်းလို့မရပါဘူး၊ ဒါကြောင့် တိုးတက်လာတဲ့ နည်းပညာခေတ်ကြီးမှာ နည်းပညာတွေကို အသုံးပြုတဲ့သူတွေအနေနဲ့ နည်းပညာရဲ့ ကျေးကျွန်မဖြစ်ဖို့ လိုအပ်”**

# နန်နင်းမြို့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအတွက် ပြခန်းနေရာများ စီစဉ်ထား

**မန္တလေး မတ် ၂၈**

တရုတ်နိုင်ငံ ကွမ်ရှီပြည်နယ် နန်နင်းမြို့တွင် ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ယခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအတွက် ပြခန်းနေရာများလည်း စီစဉ်ထားကြောင်း မတ် ၂၃ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အဆိုပါပြပွဲနှင့်ပတ်သက်သော ရှင်းလင်းပွဲမှ သိရသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ဒေသထုတ်ကုန်များ၊ လယ်ယာ၊ နည်းပညာ၊ အသေးစားစက်မှုလက်မှု အစရှိသော သက်ဆိုင်ရာနိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများကို ပြခန်းများဖြင့် ပြသနိုင်ရန် စီစဉ်ထားပြီး ပြပွဲသို့ တရုတ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သွားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ ကျောက်မျက်နှင့်ကျောက်စိမ်းများ၊ ရိုးရာလက်မှုပစ္စည်းများ၊ မြန်မာ့လက်ဖက်နှင့် ကော်ဖီထုတ်ကုန်များ စသည်တို့အတွက် ပြခန်းနေရာများ စီစဉ်ထားပြီး မြန်မာလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အရည်အသွေးမြင့် ကုန်ပစ္စည်းများကို လာရောက်၍ ခင်းကျင်းပြသနိုင်မည်ဖြစ်ကာ ပြပွဲသို့ တက်ရောက်မည့် ဧည့်သည်တော်များအတွက် တည်းခိုနေထိုင်ရေးနှင့် သွားရေးလာရေး အဆင်ပြေချောမွေ့စေရန်အတွက် Shettle Bus နှင့် ကြို၊ ပို့ယာဉ်များ ထားရှိပေးမည့်အပြင် အခြားသော ဝန်ဆောင်မှုများကိုလည်း တတ်နိုင်သမျှ လိုလေသေးမရှိအောင် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ဘက်စုံတိုးတက်စေရေး၊ ၂၁ ရာစု၏ ရေကြောင်းပိုးလမ်းမကြီးကို အတူတကွတည်ဆောက်ပြီး ဆန်းသစ်သော အခွင့်အလမ်းများနှင့်အတူ China Asean အဖွဲ့အစည်းကို ကျစ်လျစ်စွာဖွဲ့စည်းနိုင်ရေး၊ ပြပွဲကြီးမှတစ်ဆင့် နိုင်ငံအသီးသီး၏ ဈေးကွက်လိုအပ်မှု Market Potential ရှိသော ကုန်ပစ္စည်းများနှင့်ဆက်နွှယ်သော ကုမ္ပဏီ၊ လုပ်ငန်းရှင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက် များရရှိစေရေး၊ အခွန်နှုန်းများ လျှော့ပေါ့နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကျင်းပပြီးခဲ့သော တရုတ်-အာဆီယံကုန်စည်ပြပွဲ တစ်လျှောက်လုံးတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီလုပ်ငန်းပေါင်း ၁၂၆ ခု၊ ပြခန်းပေါင်း ၁၄၈ ခန်းနှင့် တက်ရောက်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၄၆၀၀ အထိရှိခဲ့ကာ မြန်မာနိုင်ငံမှ လာရောက်ပြသသော ကုန်ပစ္စည်းများအနေဖြင့် တရုတ်ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြောင်း၊ ၁၅ ကြိမ်မြောက် ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၂၀ ကျော်၏ ပြခန်းများ လာရောက်ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၆၀ ကျော်၏ ကုမ္ပဏီလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုန်သည်များ တက်ရောက်မည်ဖြစ်ကြောင်းနှင့် ယင်းပြပွဲ သို့ ဧည့်သည်တော်ပေါင်း ၇၀၀၀၀ ခန့် တက်ရောက်နိုင်ရန် မျှော်လင့်ထားကြောင်း စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# မြဝတ်ဆင်စေတီ ထီးတော်သစ်ကို တနင်္သာရီမြို့ပေါ်နှင့် ကျေးရွာများသို့ လှည့်လည်အပူဇော်ခံ

**တနင်္သာရီ မတ် ၂၈**

တနင်္သာရီမြို့နယ်၏ကျက်သရေဆောင် ချောင်းကြီးရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မြဝတ်ဆင်စေတီတော်၌ မတ် ၃၀ ရက်တွင် တင်လှူပူဇော်မည့် ထီးတော်သစ်ကို မြို့နယ်ဌာနဆိုင်ရာဦးစီးအရာရှိများ မြို့နယ်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးကော်မတီဝင်များ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ မတ် ၂၆ ရက်က မြို့ပေါ်ရှိ ချောင်းကြီးရပ်ကွက်၊ ချောင်းငယ်ရပ်ကွက်များနှင့် တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လယ်တောင်ယာရွာ၊ တမုတ်ချုန်းရွာ၊ ကမ်းမလိုင်းရွာ၊ ရှမ်းအင်းတော်ရွာနှင့် ရေဖြူရွာတို့သို့ လှည့်လည်အပူဇော်ခံကြရာ အလှူတော်ငွေ ကျပ်ခြောက်သိန်းကျော် ရရှိခဲ့ကြောင်းသိရသည်။

ထီးတော်သစ်အား မတ် ၂၆ ရက်မှစ၍ မတ် ၃၀ ရက် ညနေအထိ တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဈေးရောင်းပွဲတော်နှင့်အတူ အပူဇော်ခံ ထားရှိမည်ဖြစ်ပြီး မတ် ၃၀ ရက် ည ၇ နာရီတွင် ထီးတော်သစ်ကို တင်လှူပူဇော်မည်ဖြစ်ကြောင်း၊ မတ် ၃၁ ရက် နံနက်ပိုင်းတွင် ငှက်မြက်နားတော်နှင့် စိန်ဖူးတော်သစ်ကို တင်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ရေစက်ချ တရားနာ အမျှပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ထီးတော်သစ်သည် ဘဏ်တော်အမြင့် ၁၁ ပေနှင့် အချင်းမှာ ၃၆ လက်မ အရွယ်အစားရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# လမ်းခင်းသည့်လုပ်ငန်းအတွက် ငွေကြေးကောက်ခံ၍ လမ်းသူလမ်းသားအချို့မကျေမနပ်ဖြစ်

**ရန်ကုန် မတ် ၂၈**

လုပ်ငန်းမြန်ဆန်စွာပြီးစီးရန်နှင့် ကျွေးမွေးစရိတ်ဟူ၍ ငွေကြေးကောက်ခံမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် JFPR မှ ထောက်ပံ့လှူဒါန်း၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ စီမံခန့်ခွဲမှုဖြင့် ရပ်ကွက်အတွင်း ရေဝပ်ရေလျှံသည့် လမ်းများတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဘောက်စ်ကားဗတ် (box culvert) တပ်ဆင်ခြင်းတို့ကို မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လမ်းလုပ်ငန်းဆောင်ရွက်နေသည့် လမ်းတစ်ခုဖြစ်သော အမှတ် ၇ ရပ်ကွက် မေယုလမ်းတွင် မတ် ၂၆ ရက်ညပိုင်းက လမ်းသူလမ်းသားများထံမှ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးတို့က ၁၀ ပေ တစ်အိမ်လျှင် ကျပ်ငါးထောင်နှင့်ပေ ၂၀ တစ်အိမ်လျှင် ကျပ်တစ်သောင်း ကောက်ခံသွားသည့်အတွက် အခမဲ့လှူဒါန်းဆောင်ရွက်မှုအပေါ် ယခုလိုငွေကြေးကောက်ခံခြင်းနှင့် ပတ်သက်၍ လမ်းသူလမ်းသားအချို့က မကျေမနပ်ဖြစ်ခဲ့ကြောင်း သိရသည်။

"ဂျပန်က အလှူရှင်ပေါ့၊ အာရှဖွံ့ဖြိုးရေးဘဏ်က တစ်ဆင့် ဆောင်ရွက်ပေးတာပါ၊ လမ်းထဲမှာ လမ်းခင်းဖို့အတွက် ငွေကြေးကောက်ခံလို့မရဘူး၊ ဘာအကြောင်းပြချက်နဲ့ပဲဖြစ်ဖြစ် ဒီပရော့ဂျက်မှာ ကောက်ခံလို့မရဘူး၊ ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနဲ့လည်း ပတ်သက်မှုမရှိဘူး" ဟု အမှတ် ၇ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်က ပြောသည်။

ငွေကောက်ခံခဲ့သောအဖွဲ့မှ ဆယ်အိမ်မှူးတစ်ဦးကမူ "လမ်းထဲမှာ ငွေကောက်တာက လမ်းခင်းတဲ့သူတွေကို ထမင်းကျွေးဖို့နဲ့ ကွန်ကရစ်လောင်းတာ မြန်မြန်ပြီးအောင်ပေးဖို့ပါ" ဟု ပြောသည်။

လှိုင်သာယာမြို့နယ်အတွင်း စီမံချက်ဖြင့် ကွန်ကရစ်လမ်းများခင်းခဲ့ရာတွင် အမှတ် ၇ ရပ်ကွက်အတွင်းမှ လေးလမ်းနှင့် ၁၀ ရပ်ကွက်အတွင်းမှ လမ်း ၁၀ လမ်း ခင်းကျင်းရန်ကျန်ရှိခဲ့၍ မိုးရာသီတွင် ရေဝပ်ရေလျှံမှုများ ဖြစ်နေဆဲဖြစ်သဖြင့် JFPR မှ ထောက်ပံ့ကူညီမှုဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ စီမံခန့်ခွဲမှုနှင့်အတူ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက တာဝန်ယူကာ မတ် ၂၆ ရက်မှစ၍ အမှတ် ၇ ရပ်ကွက်အတွင်း လမ်းခင်းခြင်းကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အမှတ် ၇ ရပ်ကွက် မေယုလမ်းတွင် အိမ်ရှေ့ရေမြောင်းနှင့် အိမ်နောက်ဘက်ရေမြောင်းများမှာ ပိတ်ဆို့လျက်ရှိကာ ရေမြောင်းပေါ်၌ ကျူးကျော်ဆောက်လုပ်သော ဈေးဆိုင်၊ အဆောင်နှင့် လူနေအိမ်များကြောင့် ယခုနွေရာသီတွင်ပင် နေအိမ်များအောက်နှင့် လမ်းပေါ်၌ ရေဝပ်မှုများဖြစ်နေကြောင်းလည်း သိရသည်။

**၁၆၄**



# အင်းတော်မြို့နယ်၌ ရှင်အပါး ၁၅၀ ရှင်ပြုပွဲကျင်းပ

**အင်းတော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် ဆင်းရဲနွမ်းပါး မိသားစုဝင်များ၏ သားသမီးများအား သာသနာ့ဘောင်သို့ သွတ်သွင်းပေးခြင်း အလှူတော်မင်္ဂလာကို အလှူရှင်မိသားစုတစ်စုက သုံးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်ပေးလျက်ရှိရာ ယခုနှစ်တွင် ရှင်အပါး ၁၅၀ စုပေါင်းရှင်ပြုပွဲကို မတ် ၂၆ ရက်က အင်းတော်မြို့မ ပရိယတ္တိစာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

"ကောင်းမွန်တဲ့အလုပ်ဖြစ်တဲ့ မရှိဆင်းရဲနွမ်းပါး မိသားစုဝင်တွေရဲ့ သားသမီးတွေကို သာသနာ့ဘောင် သွတ်သွင်းပေးတာ ဝမ်းသာပါတယ်၊ သာသနာအကျိုးကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်တာ ကောင်းမွန်တဲ့အလုပ်ပါ" ဟု အင်းတော်မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် ဦးပဏ္ဍိတက မိန့်ကြားသည်။

ဆရာတော်ဦးပဏ္ဍိတအား အမှူးထား၍ မန္တလေးမြို့နေ အလှူ့ဒါယိကာမ ဒေါ်တင်တင်နွဲ့(ဒေဝီရွှေဆိုင်)နှင့် အင်းတော်မြို့နေ ဒေါ်တင်တင်အေး(သမာဓိရွှေဆိုင်)တို့က ဆင်းရဲနွမ်းပါး မိသားစုဝင်များ၏ သားသမီးများအား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း၊ ရှင်လောင်းဝတ်စုံ၊ သင်္ကန်းပရိက္ခရာနှင့် ကျောင်းစိမ်းဝတ်စုံများ လှူဒါန်းခြင်းကို သုံးနှစ်တစ်ကြိမ် ပြုလုပ်ပေးလျက်ရှိရာ ပထမအကြိမ် ၂၀၁၁ ခုနှစ်၌ ရှင်လောင်း ၁၀၈ ပါး၊ ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်၌ ရှင်လောင်း ၁၇၀ နှင့် ယခုနှစ်တွင် ရှင်လောင်း ၁၅၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကသာမြို့တွင် ဗိုလ်ချုပ်ကြေးရုပ် ဖွင့်ပွဲကျင်းပ

**ကသာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တု ဖွင့်ပွဲကို မတ် ၂၇ ရက် နံနက်က အဆိုပါရုပ်တုထားရှိရာ ကသာမြို့မီတာ ၄၀၀ အားကစားကွင်းရှေ့ ရွှေတြိဂံပန်းခြံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗိုလ်ချုပ်မြင်းစီးရုပ်တုကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုန်နှင့် ရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေတို့က အမှာစကားများပြောကြားသည်။ ထို့နောက် ရုပ်တုဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သော အားကစားပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများမှ ဆုရသူများကို ဆုများပေးအပ်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြေးရုပ်တုသည် အမြင့်မှာ ၁၂ ပေခွဲရှိပြီး အောက်ခံခုံအမြင့်မှာ ၁၄ ပေခွဲရှိရာ စုစုပေါင်း ၂၇ ပေမြင့်ကြောင်း၊ ကုန်ကျငွေ ကျပ်သိန်း ၃၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေက ပြောကြားသည်။ ရုပ်တုကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကသာမြို့သူမြို့သားနှင့် နယ်သူနယ်သားများ ဝမ်းမြောက်လျက်ရှိကာ ဖွင့်ပွဲသို့လည်း ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်



အတူ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**လူအောင်(ကသာ)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၆)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းကြောင့် အီကွေတာနှင့်နီးကပ်သော နိုင်ငံများနှင့် အပူပိုင်းဒေသအတွင်း ကျရောက်နေသော နိုင်ငံများတွင် ပိုမို ပူပြင်းခြောက်သွေ့လာနေသည့်အတွက် နွေရာသီကာလများတွင် နေ့အပူချိန်များ သိသာစွာ မြင့်တက်လာလျက်ရှိသည်။ သို့ရာတွင် အပူချိန်မြင့်တက်လာခြင်းနှင့် ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာသင့်ရောက်မှု ခံရခြင်းတို့ကို လွဲမှားစွာဖြင့် မရောထွေးမိစေရန် လိုအပ်သည်။

ကမ္ဘာ့အိုဇုန်းလွှာအပေါက်ကြီး တည်ရှိနေသည့်နေရာမှာ အန္တာတိကတိုက်၏ အပေါ်တည့်တည့်နှင့် တောင်အမေရိကတိုက်၏ တောင်ဘက်အဖျားပိုင်းဖြစ်သော အာဂျင်တီးနားနိုင်ငံနှင့် ချီလီနိုင်ငံတို့၏ တောင်ဘက်အစွန်းနေရာများသာလျှင်ဖြစ်သော်လည်း စကြဝဠာအတွင်း ကမ္ဘာက မိမိဝင်ရိုးပေါ်၌ လည်နေခြင်းနှင့် နေကိုလှည့်ပတ်နေခြင်း ဖြစ်စဉ်တို့ကြောင့် အိုဇုန်းလွှာအပေါက်ကြီးမှတစ်ဆင့် ဖောက်ထွင်း ဝင်ရောက်လာသော ခရမ်းလွန်ရောင်ခြည်များသည် ရာသီကာလအပေါ်မူတည်ပြီး ကမ္ဘာ့နိုင်ငံအတော်များများသို့ ပျံ့နှံ့ရောက်ရှိလာသည်။

### ခရမ်းလွန်ရောင်ခြည်

ခရမ်းလွန်ရောင်ခြည်သည် လူသားတို့အတွက် ဆိုးကျိုးသက်သက်ကိုသာ ပေးနိုင်သည်မဟုတ်ဘဲ ကောင်းကျိုးတချို့ကိုလည်း ရရှိစေနိုင်သည်။ လူ့ခန္ဓာကိုယ် အရေပြားပေါ်သို့ ခရမ်းလွန်ရောင်ခြည် သင့်တင့်မျှတစွာ သင့်ရောက်ခြင်းသည် ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်ဒီကို ရရှိစေသည်။ ဗီတာမင်ဒီသည် သွေးထဲ၌ ကယ်လ်စီယမ်ဓာတ်ကို ကြွယ်ဝစေခြင်း၊ အာရုံကြောနှင့် ကြွက်သားကလပ်စည်းများကို အားကောင်းစေခြင်းနှင့် ကလေးငယ်များအတွက် အရိုးပျော့ရောဂါကို ကာကွယ်ပေးနိုင်ခြင်းစသော အာနိသင်များကို ခံစားရရှိစေသည်။

ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာ သင့်ရောက်မှုသည်သာလျှင် ကျန်းမာရေးနှင့်ပတ်သက်သော ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်ဖြစ်ရာ အသိဉာဏ်နှင့်ယှဉ်ပြီး သွားလာနေထိုင်ကြခြင်းအားဖြင့် ခရမ်းလွန်ရောင်ခြည်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများ၏ အန္တရာယ်မှ ကြိုတင်ရှောင်ရှားနိုင်ကြမည် ဖြစ်ပေသည်။

### မီးခိုးမြူနှင့် ကျန်းမာရေးပြဿနာ

ဆောင်းရာသီကုန်ဆုံး၍ နွေဦးကာလသို့ ကူးပြောင်းစအချိန်တွင် မြူခိုးများကို နေရာအနှံ့ တွေ့ရှိနိုင်သည်။ မြူခိုးဟူသည်မှာ ပထဝီသွင်ပြင်အနေအထားနှင့် ရာသီဥတု အပြောင်းအလဲတို့ကြောင့် ဖြစ်ပေါ်လာသော သဘာဝမြင်ကွင်းတစ်ရပ်သာလျှင်ဖြစ်သည်။ သဘာဝမြူခိုးများသည် နေမထွက်မီနှင့် နေထွက်စအချိန်များ၊ ညနေခင်း နေဝင်လုဆဲဆဲ အချိန်များ၌ ဖြစ်ပေါ်တတ်ပြီး နေရောင်တောက်ပစွာ ထွက်ပေါ်လာသည့်အခါ သို့မဟုတ် လေတိုက်ခတ်လာသည့် အခါများ၌ အလိုအလျောက် ပျောက်ကွယ်သွားလေ့ရှိသည်။ တစ်နည်းဆိုရသော် သဘာဝမြူခိုးတို့၏ တည်ရှိမှုအချိန်ကာလမှာ အလွန်ပင် တိုတောင်းလှသည်။

သိပ္ပံပညာသဘောတရားအရ မြေမျက်နှာပြင်၏အထက်ကပ်လျက်တွင် အေးမြသောလေလွှာများ ဖြစ်ပေါ်နေစဉ်ယင်းလေလွှာများ၏ အပေါ်၌ ပူနွေးသောလေလွှာများ ထပ်ဆင့်ဖြစ်ပေါ်နေသည့် အခြေအနေမျိုးတွင် မြူခိုးများကို တွေ့မြင်ကြရလေ့ရှိသည်။ ထိုအနေအထားမျိုး၌ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လေ့ရှိသော အခြေအနေတစ်ရပ်မှာ လေတိုက်ခတ်မှုမရှိခြင်းပင် ဖြစ်သည်။ အရပ်အခေါ်အားဖြင့် လေငြိမ်နေခြင်းပင်ဖြစ်သည်။ ဤသို့အားဖြင့် သဘာဝအလျောက်ဖြစ်ပေါ်နေသော မြူခိုးများကို နေရာအနှံ့တွင် တွေ့ရှိနိုင်သည်။

### သဘာဝမြူခိုးများ

တောင်စဉ်တောင်တန်းများ၏ ပတ်ဝန်းကျင်များတွင်လည်းကောင်း၊ တောင်ရိုးတောင်စွယ်များတစ်ဝိုက်၌ လည်းကောင်း၊ တောင်ထိပ်နှင့် မြေပြင်တို့၏အကြား၌လည်းကောင်း မြူခိုးများ အုံ့ဆိုင်းဖြာဝေလျက် ရှိနေတတ်သည်။ ထို့ကြောင့်ပင် ဂန္ထဝင်မြောက် တေးသီချင်းအချို့၌ ဟိုတောင်ပေါ်ရိုးဆီက မြူခိုးတွေလွှင်ဟူ၍လည်းကောင်း၊ ဆောင်းနှင်းမြူနှင့် ကိုယ့်ချစ်သူဟူ၍လည်းကောင်း သဘာဝမြင်ကွင်း၏ အလှအပ ပသာဒကို ရသမြောက်အောင် ရေးဖွဲ့သီကုံးခဲ့ကြသည်။



**အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ်တွင် တောမီးကြောင့် ဖြစ်လာသော မီးခိုးမြူများ**

တောင်ပေါ်မြို့များသို့သွားသည့် ခရီးလမ်းတစ်လျှောက်တွင်လည်း တောင်တက်ကားလမ်းဘေးဝဲယာရှိ သစ်ပင် တောအုပ်တို့၏ အလယ်တွင် မြူခိုးများကို မြင်တွေ့ကြရမည်ဖြစ်သည်။ လူတို့နေထိုင်လျက်ရှိသော မြို့ပြများ၌မူ ဆောင်းအကုန်နွေအကူးကာလတွင် နံနက်ပိုင်း နေမထွက်မီနှင့် နေအလင်းရောင် ထွက်ပေါ်စအချိန်များ၌လည်းကောင်း၊ ညနေပိုင်း နေမဝင်မီအချိန်များ၌လည်းကောင်း မြူခိုးများကို မြင်တွေ့နိုင်သည်။

ထိုကဲ့သို့သော သဘာဝမြူခိုးများနှင့် ထင်မှတ်မှားစရာ ကိစ္စတစ်ရပ်အဖြစ် ၁၉ ရာစုအကုန်တွင် ထူးဆန်းသော ဖြစ်ရပ်ကြီးတစ်ခုကို ကြုံတွေ့ခဲ့ကြရသည်။ ၁၉၀၀ ပြည့်နှစ်ကာလမှစ၍ ဗြိတိန်နိုင်ငံ၏မြို့တော် လန်ဒန်နှင့် အနီးတစ်ဝိုက်တွင် သိပ်သည်းသောမြူများ အုံ့ဆိုင်းနေသည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ထိုမြူများသည် ပျောက်ကွယ်သွားခြင်းမရှိဘဲ ရက်ကာလကြာရှည်စွာ ဖြစ်ပေါ်နေခဲ့သည်ကို ထူးဆန်းစွာ ကြုံတွေ့ခဲ့ကြရသည်။

ထိုဒေသ၌ဖြစ်ပေါ်ခဲ့သော မြူများသည် ပထဝီသွင်ပြင် အနေအထားနှင့် ရာသီဥတု ပြောင်းလဲမှုတို့ကြောင့် ဖြစ်ရသော သဘာဝဖြစ်စဉ်တစ်ခုမဟုတ်ဘဲ ကျောက်မီးသွေးလောင်စာများနှင့် စက်မှုဖွံ့ဖြိုးမှုတို့၏ နောက်ဆက်တွဲ အကျိုးဆက်ကြောင့် ဖြစ်ရသော မီးခိုးမြူများသာလျှင် ဖြစ်ကြသည်။

လွန်ကဲသောအအေးဒဏ်ကို အံတုနိုင်ရေးအတွက် နေအိမ်များဆီသို့ အပူငွေ့ထုတ်လွှတ်ပေးနိုင်ရန် ဘွိုင်လာများကို ကျောက်မီးသွေးမီးဖြင့် အပူပေးရာမှ ထွက်ပေါ်လာသော ဆာလဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့များသည် လေထုထဲရှိ ရေငွေ့နှင့်ပေါင်းစပ်ရာမှ မီးခိုးမြူများကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။ အခြားတစ်နည်းမှာ စက်ရုံအလုပ်ရုံ၊ မော်တော်ကားနှင့် အင်ဂျင်များမှထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ကာဗွန်မိုနော့ဆိုက် ဓာတ်ငွေ့များသည် နေရောင်ခြည်နှင့် အပူဓာတ်တို့ကြောင့် ဓာတ်ပြုမှုဖြစ်စဉ်များ ပေါ်ပေါက်ပြီး အဆိပ်သင့်စေနိုင်သော ဓာတ်တိုးပစ္စည်းများကို ဖြစ်ပေါ်လာစေခြင်းကြောင့် ဖြစ်သည်။

### ကျန်းမာရေးပြဿနာ

ထို့ကြောင့်ပင် သိပ္ပံပညာရှင်တို့က ၁၉၀၅ ခုနှစ်မှစ၍ မီးခိုးမြူ(Smog)ဟူသော ဝေါဟာရသစ်ကို စတင်အမည်ပေးခဲ့ကြသည်။ မီးခိုးမြူများ ထူထပ်စွာဖြစ်ပေါ်မှု ကာလကြာရှည်ပါက အဆိပ်သင့်မှုများကို ဖြစ်ပွားလာစေနိုင်သည်။ မီးခိုးမြူများ၏ အကြောင်းရင်းခံတစ်ခုဖြစ်သော ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် လူတို့၏ အသက်ရှူထုတ်မှုလုပ်ငန်းစဉ်ကို သိသာစွာ အနှောင့်အယှက်ဖြစ်စေပြီး အဆုတ်ကိုပါ ထိခိုက်လာစေနိုင်သည်။ တစ်နည်းအားဖြင့် အသက်ရှူရခက်ခဲခြင်းနှင့် အသက်ရှူကျပ်ခြင်းတို့ကို ဖြစ်ပွားလာစေနိုင်သည်။

ထို့အတူပင် မီးခိုးမြူ၏ အကြောင်းရင်းခံ နောက်တစ်ခုဖြစ်သော ဓာတ်တိုးပစ္စည်း အိုဇုန်းသည် မျက်စိ၊နှာခေါင်းနှင့် လည်ချောင်းတို့ကို ယားယံစေပြီး အဆုတ်ကိုလည်း ပျက်စီးစေနိုင်သည်။ ၁၉၄၈ ခုနှစ်က အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဒိုနိုရာမြို့ပေါ်တွင် နေရောင်အလင်း ဓာတုပစ္စည်း ဓာတ်ပြုမှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူများသည် လူ ၆၀၀၀ ခန့်ကို နာမကျန်းဖြစ်စေခဲ့ပြီး လူ ၂၀ ကို အသက်ဆုံးရှုံးစေခဲ့သည်။ ၁၉၅၂ ခုနှစ်ကလည်း လန်ဒန်မြို့ပေါ်တွင် မီးခိုးမြူများ ငါးရက်တိုင်တိုင် သိပ်သည်းစွာ ကျရောက်ခဲ့ခြင်းကြောင့် မြို့သူမြို့သား ၄၀၀၀ ခန့်သေဆုံးခဲ့ရသည်။

### သစ်တောများမီးလောင်ခြင်း

ကမ္ဘာ့အရပ်ရပ်တွင် သစ်တောများ မီးလောင်ကျွမ်းသည့်အခါ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုကြီးကြောင့်လည်း အနီးတစ်ဝိုက် ဒေသများ၏ ကောင်းကင်ယံတွင် မီးခိုးမြူများ ရက်ကာလကြာရှည်စွာ ဖြစ်ပေါ်လာလေ့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံများရှိ သစ်တောများမီးလောင်ခြင်းကြောင့် စင်ကာပူတစ်နိုင်ငံလုံးတွင် မီးခိုးမြူများ ရက်အတန်ကြာ ဖုံးလွှမ်းခဲ့ဖူးသည်။ ထို့အတူပင် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၏ တောမီးကြောင့် အနီးတစ်ဝိုက်ရှိ ပြည်နယ်များတွင် မီးခိုးမြူဖုံးလွှမ်းမှု ရက်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ရသည်။

သဘာဝမြူခိုးများသည် လူတို့ကို ဘေးဥပါဒ်မဖြစ်စေနိုင်သော်လည်း မီးခိုးမြူများကမူ လူတို့၏ ကျန်းမာရေးကို သိသာစွာ ယိုယွင်းပျက်စီးလာစေနိုင်သည်။ ကျောက်မီးသွေး လောင်စာများ၊ စွန့်ထုတ်ကာဗွန် အခိုးအငွေ့များ၊ သစ်တောမီးသင့်ရာမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် ထုထည်ပမာဏကြီးမားသော မီးခိုးမြူများကို ဖြစ်ပေါ်လာစေပြီး အဆိုပါမီးခိုးမြူများသည် လေတိုက်ခတ်ရာ လမ်းကြောင်းအတိုင်း လိုက်ပါရွေ့လျားကာ ပတ်ဝန်းကျင်ဒေသများ၏ ကောင်းကင်ယံ၌ ရက်ပေါင်းများစွာ ဖြစ်တည်နေတတ်သည်။

မြူခိုးများဝေနေချိန်တွင် လေတိုက်ခတ်လာပါက အေးမြသောလေလွှာများ၏ အပေါ်၌ ပူနွေးသောလေလွှာများ ဖြစ်ပေါ်တည်ရှိနေခြင်းကို ပျက်ပြားသွားစေသည့်အတွက် မြူခိုးများမှာ ပျောက်ကွယ်သွားကြရသည်။ သို့ရာတွင် မီးခိုးမြူများကမူ သဘာဝမြူခိုးများ ဖြစ်တည်လာပုံနှင့် ကွဲပြားခြားနားသည့်အတွက် လွယ်လင့်တကူ ပျောက်ကွယ်ခြင်းမရှိသည့်အပြင် လေတိုက်ခတ်မှုကြောင့် နေရာရွေ့လျားသွားကာ အနီးပတ်ဝန်းကျင် ဒေသများ၏ ကောင်းကင်ယံပေါ်၌ ရက်ပေါင်းများစွာ ဖြစ်ပေါ်တည်ရှိနေတတ်သည်။

လူတို့ကိုဒုက္ခပေးနိုင်သော မီးခိုးမြူများ ဖြစ်ပေါ်လာခြင်းမရှိအောင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို ထိန်းချုပ်ကြရန်လိုအပ်သည်။ ကျောက်မီးသွေးကဲ့သို့သော ရုပ်ကြွင်းလောင်စာများ လွန်ကဲစွာ အသုံးပြုနေခြင်းကို လျှော့ချရန် လိုအပ်သည်။ သစ်တောများကို မီးမသင့်အောင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်။ အကယ်၍ သစ်တော မီးသင့်ခဲ့ပါက ရက်အနည်းငယ်အတွင်း မီးကိုထိန်းချုပ်ပြီး ငြိမ်းသတ်နိုင်မည့် စီမံချက်များကို စနစ်တကျ ရေးဆွဲထားရန် လိုအပ်သလို ကြိုတင်လေ့ကျင့်ထားရန်လည်း လိုအပ်မည်ဖြစ်သည်။

### မီးခိုးမြူများနှင့် ကြုံတွေ့ရလျှင်

ကောင်းကင်ယံတွင် မီးခိုးမြူများဖုံးလွှမ်းနေသည့် အခြေအနေမျိုးနှင့် ကြုံတွေ့ရပါက မျက်စိနှင့် နှာခေါင်းကို အကာအကွယ်ရအောင် ဝတ်ဆင်ထားကြရမည်ဖြစ်သည်။ စားသောက်ဖွယ်ရာများကို မီးခိုးမြူကင်းစင်သည့် အခန်းများထဲ၌သာ စားသုံးရမည်ဖြစ်သည်။ ပြတင်းတံခါးများကို ပိတ်ထားရန်နှင့် မဖြစ်မနေကိစ္စမှအပ နေအိမ်ပြင်ပသို့မထွက်ရန်လည်း လိုအပ်သည်။ အများပြည်သူကို ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများအနေဖြင့် နှာခေါင်းစည်းနှင့် ဓာတ်ငွေ့ကာမျက်နှာဖုံးများကို ဝတ်ဆင်ထားကြရန်လိုအပ်သည်။

ကမ္ဘာ့လေထုလွှာ၏ အောက်ပိုင်းတွင် မီးခိုးမြူများ စုဝေးဖြစ်ပေါ်လာခြင်းသည် လေထုညစ်ညမ်းမှု အမျိုးအစားတစ်ရပ်ပင် ဖြစ်သည်။ မီးခိုးမြူများ ဖြစ်ပေါ်တည်ရှိမှုကာလ မည်မျှတာရှည်နိုင်သည်၊ မည်မျှ ဆိုးရွားပြင်းထန်နိုင်သည် ဆိုသည်မှာ မီးခိုးမြူများဖြစ်ပေါ်နေသည့် ဒေသ၏ ရာသီဥတုနှင့် ပထဝီအနေအထားတို့ပေါ်တွင် တည်မီလျက်ရှိသည်။

နေရောင်ခြည်ရရှိမှုကာလ တာရှည်ပြီး ပူနွေးသည့် ရာသီဥတုမျိုးရှိသော အရပ်ဒေသများတွင် လေထုလွှာအထက်ပိုင်းရှိ လေများသည် သိသာစွာ ပူနွေးနေခြင်းကြောင့် ဒေါင်လိုက်လေစီးကြောင်းများ လှည့်ပတ်ရွေ့လျားနေမှုနှင့် လေထုညစ်ညမ်းစေသည့် ဓာတ်ပစ္စည်းများ ပျံ့နှံ့နေမှုတို့ကို ဟန့်တားထားနိုင်စွမ်းရှိသည်။ တစ်နည်းအားဖြင့် လေထုလွှာ၏အောက်ပိုင်းတွင် မီးခိုးမြူများကို ပိတ်လှောင်ထားသကဲ့သို့ ဖြစ်စေသည်။

မြေနိမ့်ချိုင့်ဝှမ်းဒေသများ၌လည်း ဘေးပတ်လည်ရှိ တောင်ကုန်းတောင်တန်းများက လေလှည့်ပတ်တိုက်ခတ်မှုကို ကာရံထားပေးသကဲ့သို့ ဖြစ်နေသည့်အတွက် သိပ်သည်းသော အလင်းဖွဲ့ ဓာတုမီးခိုးမြူများသည် ရက်ကာလကြာရှည်စွာ ဖွဲ့စည်းဖြစ်ပေါ်နေတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လေထုညစ်ညမ်းမှု ဖြစ်စဉ်များကြောင့် နှစ်စဉ် လူပေါင်း ၅၀၀၀၀ ကျော် သေဆုံးနေကြရသည်ဟု ခန့်မှန်းထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများကို ပိုမိုကြုံတွေ့ခံစားနေကြရသည်။ ထိုနိုင်ငံမျိုးများတွင် မီးခိုးမြူများအပါအဝင် လေထုညစ်ညမ်းမှု အမျိုးမျိုးတို့ကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်ခြေရှိမှုအပေါ် အလေးအနက်ထားခြင်း မရှိကြသလို လေထုညစ်ညမ်းမှု မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ရမည့် အစီအမံများကိုလည်း ဆောင်ရွက်ထားမှု မရှိခြင်းကြောင့် ညစ်ညမ်းနေသော ကမ္ဘာ့အောက်လွှာလေထုကို မကြာခဏဆိုသလို ထိတွေ့ရှူရှိုက်နေကြရသည်။

### ကျိုတိုသဘောတူညီချက်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ မူဘောင်သတ်မှတ်ရေး ညီလာခံကြီးက ၁၉၉၇ ခုနှစ်တွင် ကျိုတိုသဘောတူညီချက်ကို ပြဋ္ဌာန်းခဲ့သလို အဆိုပါ ကျိုတိုသဘောတူညီချက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၈၂ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးလိုက်ခြင်းကြောင့် ၂၀၀၈ ခုနှစ်မှစ၍ အသက်ဝင်လာခဲ့သည်။

တစ်နည်းအားဖြင့် ကျိုတိုသဘောတူညီချက် အသက်ဝင်လာခြင်းသည် အလင်းဖွဲ့ဓာတုမီးခိုးမြူများ ဖြစ်ပေါ်မှု လျှော့ချရေးနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် အပြန်အလှန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ကြမည့် လမ်းကြောင်းတစ်ခု ပွင့်သွားခြင်းပင်ဖြစ်သည်။ အံ့သြစရာကောင်းသည့်အချက်မှာ ကမ္ဘာကြီးပူနွေးမှု လျှော့ချရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသော အမေရိကန်ပြည်ထောင်စုသည် ကျိုတိုသဘောတူညီချက်ကို ယနေ့အထိတိုင် ပါဝင်လက်မှတ်ရေးထိုးမှု မရှိသေးခြင်းပင်ဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ မက္ကဆီကို၊ တရုတ်နှင့် အရှေ့တောင်အာရှ နိုင်ငံအချို့တို့တွင် စက်မှုလုပ်ငန်းများကြောင့် မီးခိုးမြူများ ဖွဲ့စည်းဖြစ်ပေါ်လာနေခြင်းကို အတိုင်းအတာတစ်ရပ်အထိ လျော့ကျသွားအောင် ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း အားရကျေနပ်လောက်ဖွယ် အဆင့်အထိ မရောက်ရှိနိုင်ကြသေးပေ။

ပတ်ဝန်းကျင်တခွင်တပြင်၌ သဘာဝမြူခိုးမျာ း လွှင်နေခြင်းသည် ကြည်နူးဖွယ်၊ သာမောဖွယ်၊ ဆွတ်ပျံ့ဖွယ် ကောင်းလှသော်လည်း မီးခိုးမြူများ ဖုံးလွှမ်းနေခြင်းကမူ ဓာတုအဆိပ်သင့်မှုများ ဖြစ်ပေါ်စေနိုင်သည်ကို ကွဲကွဲပြားပြား သိရှိလက်ခံကြရမည်ဖြစ်သည်။ ကမ္ဘာ့လူသားအားလုံးတို့အနေဖြင့် မိမိတို့ဒေသပတ်ဝန်းကျင်တွင် မီးခိုးမြူများ ဖွဲ့စည်းဖြစ်ပေါ်လာခြင်း မရှိရလေအောင် ကျောက်မီးသွေးလောင်စာ သုံးစွဲမှုများကို သိသိသာသာလျှော့ချခြင်း၊ ကာဗွန်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို ထိထိရောက်ရောက် ထိန်းချုပ်ခြင်း၊ သစ်တောများ မီးလောင်ကျွမ်းမှုမရှိအောင် တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် ကြိုတင်ကာကွယ်သွားကြရမည် ဖြစ်ပေသည်။ ။

**'သဘာဝမြူခိုးများနှင့် ထင်မှတ်မှားစရာ ကိစ္စတစ်ရပ်အဖြစ် ၁၉ ရာစုအကုန်တွင် ထူးဆန်းသော ဖြစ်ရပ်ကြီးတစ်ခုကို ကြုံတွေ့ခဲ့ကြရသည်။ ၁၉၀၀ ပြည့်နှစ်ကာလမှစ၍ ဗြိတိန်နိုင်ငံ၏မြို့တော် လန်ဒန်နှင့် အနီးတစ်ဝိုက်တွင် သိပ်သည်းသောမြူများ အုံ့ဆိုင်းနေသည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ထိုမြူများသည် ပျောက်ကွယ်သွားခြင်းမရှိဘဲ ရက်ကာလကြာရှည်စွာ ဖြစ်ပေါ်နေခဲ့သည်ကို ထူးဆန်းစွာ ကြုံတွေ့ခဲ့ကြရသည်။ ထိုဒေသ၌ဖြစ်ပေါ်ခဲ့သော မြူများသည် ပထဝီသွင်ပြင် အနေအထားနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ရသော သဘာဝဖြစ်စဉ်တစ်ခုမဟုတ်ဘဲ ကျောက်မီးသွေးလောင်စာများနှင့် စက်မှုဖွံ့ဖြိုးမှုတို့၏ နောက်ဆက်တွဲ အကျိုးဆက်ကြောင့် ဖြစ်ရသော မီးခိုးမြူများသာလျှင် ဖြစ်ကြသည်'**

# လားရှိုး၊ ကျောက်မဲနှင့် မူဆယ်ခရိုင်များသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်

**လားရှိုး မတ် ၂၈**
ရှမ်းပြည်နယ် လားရှိုး၊ ကျောက်မဲနှင့် မူဆယ်ခရိုင်တို့အတွင်းမှ မြို့များနှင့် ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး လုပ်ငန်းများ ပြီးစီးပါက ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကျောက်မဲခရိုင် နမ္မတူမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ မန်စံပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်(မ)၊ လားရှိုး၊ မိုင်းရယ်၊ တန့်ယန်း၊ သိန်းနီ၊ ကွတ်ခိုင်၊ တာမိုးညဲ၊ ကောင်းခါးမြို့များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ အဆိုပါ မန်စံ ပင်မဓာတ်အားခွဲရုံတွင် ၂၃၀ ကေဗွီ Switchbay တစ်စုံ၊ ၂၃၀/၆၆/၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၆၆ကေဗွီ Switchbay တစ်စုံတို့ကို တိုးချဲ့တည်ဆောက်နေခြင်းဖြစ်ပြီး လုပ်ငန်းများမှာ ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

အလားတူ မန်စံ-လားရှိုး ၆၆ ကေဗွီဓာတ်အားလိုင်း ၂၉ မိုင် အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆/၃၃ ကေဗွီ လားရှိုးထပ်ဆင့်ဓာတ်အားခွဲရုံတွင် ၆၆ ကေဗွီ Switchbay တစ်စုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်း မေလအကုန်တွင် ပြီးစီးအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ၆၆/၃၃ကေဗွီ လားရှိုးထပ်ဆင့်ဓာတ်အားခွဲရုံရှိ ၆၆/၃၃ ကေဗွီ၊ ၂၀ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးအနက် တစ်လုံးကို ၃၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် အင်အားတိုးမြှင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ ၃၃/၁၁ ကေဗွီ လားရှိုးဓာတ်အားခွဲရုံအမှတ်(၂)ရှိ ၃၃/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးကို ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် အင်အားတိုးမြှင့်လဲလှယ်တပ်ဆင်ခြင်းကို ယခုနှစ် မတ်လတွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်းလည်း သိရသည်။

အဆိုပါလုပ်ငန်းများ တည်ဆောက်ခြင်းဖြင့် လားရှိုးခရိုင်၊ ကျောက်မဲခရိုင်နှင့် မူဆယ်ခရိုင်အတွင်းရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိပြီး တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် မြောက်ပိုင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**ဟန်ဌေး(လားရှိုး)**

# တွံတေးမြို့နယ်၌ ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**တွံတေး မတ် ၂၈**
၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့တွင် မြန်မာဓလေ့နှင့်လျော်ညီစွာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာရိုးရာအတာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် သင်္ကြန်ပွဲတော်ကာလအတွင်း ပြဿနာများမဖြစ်ပွားစေရေးအတွက် ကြိုးကြပ်ဆောင်ရွက်သွားရန် မတ် ၂၆ရက်က လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ပြောကြားခဲ့ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်ကို ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ရိုးရာယဉ်ကျေးမှုအနှစ်သာရများ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်စေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

တွံတေးမြို့တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊ ဗဟိုမဏ္ဍပ်နေရာကို တွံတေးမြို့ ဈေးသစ်ရပ်ကွက် မြို့မဈေးရှေ့တွင် နေရာရွေးချယ်သတ်မှတ်ခြင်း၊ မြို့ပေါ်ရှိ လူစည်ကားရာနေရာတွင် ပြိုင်ပွဲဝင်မည့်ယိမ်းအဖွဲ့များ သတ်မှတ်ခြင်း၊ ညှိ့ခံဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ မြို့ပေါ် ရှစ်ရပ်ကွက်မှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ရှစ်ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်းအဖွဲ့ လေးဖွဲ့တို့ဖြင့် ဖျော်ဖြေရေးအစီအစဉ်များနှင့် ရေကစားသူများ ရေလုံလောက်စွာရရှိရေး စီစဉ်ခြင်းများကို ကြိုတင်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက ပြိုင်ပွဲလုပ်သေးတယ်၊ မလုပ်ဖြစ်တာ ငါးနှစ်လောက်ရှိမယ်၊ ရိုးရိုးလမ်းလျှောက်သင်္ကြန်နဲ့ ကားတချို့ရှယ်၊ ရေပက်မဏ္ဍပ်ရယ်ပဲ ရှိတာပါ၊ အခုနှစ်မှာ ဗဟိုမဏ္ဍပ်မှာ ယိမ်းပြိုင်ပွဲတွေရှိတယ်ဆိုတော့ ဒီနှစ်အတာသင်္ကြန် စည်ကားလာမှာပါ၊ ရေကစားသူ၊ရေပက်ခံသူတွေ စည်းကမ်းရှိရှိနဲ့ကစားရင် ဘာပြဿနာမှ ရှိမှာမဟုတ်ပါဘူး"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးစိုးမြင့်က ပြောသည်။

**မျိုးလှိုင် (တွံတေး)**

# ကန်ပက်လက်မြို့၌ သက်တမ်းလွန်စားသောက်ကုန်များကို လိုက်လံစစ်ဆေးပြီး မီးရှို့ဖျက်ဆီး

**ဟားခါး မတ် ၂၈**
ချင်းပြည်နယ် ကန်ပက်လက်မြို့ပေါ်၌ ပြည်သူများအနေဖြင့် အစားအသောက်များကို ကျန်းမာရေးနှင့်အညီ ဘေးကင်းလုံခြုံစိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု မရှိစေရန် တာဝန်ရှိသူများ ပူးပေါင်း၍ မတ် ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးသောင်းကြိုင်၊ ကျန်းမာရေးဌာနမှ ဒေါက်တာ အောင်ကျော်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှေ့နိုင်း၊ ကန်ပက်လက်မြို့မရဲစခန်းမှူး ဒုရဲမှူးသက်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထွန်းမြင့်၊ ကန်ပက်လက်မြို့ မြို့မအမှတ် ၁ နှင့် ၂ တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့တို့က မြို့ပေါ်ဈေးဆိုင်များ၌ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ မရှိကို လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်ပြီး သိမ်းဆည်းရမိသော သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများကို ကန်ပက်လက်-ဆောကားလမ်းဘေး၌ မီးရှို့ဖျက်ဆီးခဲ့သည်။**ပြည်နယ်(ပြန်/ဆက်)**




# သံဃာတော်၊ သီလရှင်နှင့် သက်ကြီးရွယ်အိုများအား မျက်စိအခမဲ့ စမ်းသပ်ပေးမည်

**မြင်းမူ မတ် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် ပထမဆုံး ပုဂ္ဂလိကမျက်မှန်ဆိုင်ဖြစ်သော ကြည်လင်ဗွီးရှင်းမျက်မှန်ဆိုင်ကို မတ် ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မျက်မှန်အမျိုးအစားစုံလင်စွာ ဝယ်ယူရရှိနိုင်မည်ဖြစ်ကာ ဆိုင်ဖွင့်သည့်နေ့တိုင်းတွင်လည်း ဆရာတော် သံဃာတော်များ၊ သီလရှင်များနှင့် သက်ကြီးရွယ်အိုများအား မျက်စိအခမဲ့ စမ်းသပ်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမျက်မှန်ဆိုင်တွင် မျက်စိဝေဒနာရှင်များအနေဖြင့် ခေတ်မီစက်ပစ္စည်းများဖြင့် စမ်းသပ်စစ်ဆေးနိုင်ပြီး မျက်မှန်မျိုးစုံကို ဝယ်ယူတပ်ဆင်နိုင်မည့်အပြင် မကြာမီအချိန်တွင် ခေတ်မီစက်ပစ္စည်းများတပ်ဆင်ကာ ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးသွားရန်လည်း စီစဉ်လျက်ရှိကြောင်း အရောင်းဆိုင်တာဝန်ရှိသူထံမှ သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

**သင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေးအတွက် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာရှိ ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးများ ရောင်းချခြင်းမပြုစေရန် ကြိုတင်စစ်ဆေးမှုများကို မတ် ၂၆ ရက် ညနေပိုင်းက အုန်းချောနယ်မြေရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်စဉ်။** အောင်စံမောင်



# ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့က ထားဝယ်၌ ငြိမ်းချမ်းရေးလှုံ့ဆော်မှုများဆောင်ရွက်

**ထားဝယ် မတ် ၂၈**
ရန်ကုန်မြို့ ခဝဲခြံမျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူများနှင့် အခြားမသန်စွမ်းသူများပါဝင်သည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ မတ် ၂၆ ရက်က ရောက်ရှိကာ မြို့တွင်း၌ ငြိမ်းချမ်းရေးလှုံ့ဆော်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံအတွင်း ပစ်ခတ်တိုက်ခိုက်လျက်ရှိသော တိုက်ပွဲများအားလုံး အဆုံးသတ်ရပ်စဲရေး တွန်းအားပေးရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုစားပွဲဝိုင်းတွင် ညှိနှိုင်းအဖြေရှာစေရေး တွန်းအားပေးရန်၊ ပစ်ခတ်တိုက်ခိုက်နေသူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ခွင့်လွှတ်ပြီး ငြိမ်းချမ်းရေးသို့ ဦးတည်စေရေး တိုက်တွန်းနှိုးဆော်ရန်နှင့် ပြည်သူလူထုအကြား လူမျိုးဘာသာမခွဲခြားဘဲ ငြိမ်းချမ်းရေးစိတ်ဓာတ် ပေါ်လွင်ထင်ရှားစေရန်နှင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်မှုများ လိုက်လံဆောင်ရွက်ခြင်းဖြစ်သည်။

နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ 'တို့လိုချင်တဲ့ငြိမ်းချမ်းရေး နှုတ်ကဖွင့်ဟပေး' (Speak Out For Peace That We Want) နှင့် 'မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ' ဆိုင်းဘုတ်ဖွင့်ပွဲကို ကျင်းပပြီး အခမ်းအနားကိုကျင်းပကာ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မျက်မမြင်များကျောင်း (ခဝဲခြံ)မှ ကျောင်းအုပ်ကြီး ဦးသိန်းလွင်က ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လှည့်လည်၍ ဒေသခံပြည်သူများထံမှ ငြိမ်းချမ်းရေးလက်မှတ်များ စုဆောင်းလျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးခရီးတစ်လျှောက်တွင် ယခုလို မြေစိုက်ပိုစတာ စိုက်ထူခြင်းများလည်း ဆောင်ရွက် ကြောင်း၊ စစ်ပွဲများဖြစ်နေသည့် နေရာများအတွက် ငြိမ်းချမ်း သောနယ်မြေများမှ ပြည်သူများသည်လည်း ယခုလို တာဝန်သိ၊ တာဝန်ရှိစွာဖြင့် တက်ရောက်လာကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းရေးကို မမေ့မပျောက်စေရန်နှင့် အမြဲသတိရ ဆောင်ရွက်နိုင်စေရန် ပိုစတာ စိုက်ထူခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က အမှာစကားပြောကြားရာတွင် မိမိတို့ဒေသသည် ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးအတွက် မိမိတို့မြို့သူမြို့သားများက ဆက်လက်ဝိုင်းဝန်း၍ လိုအပ်သည့်ကွက်လပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားအဖွဲ့သည် အာဇာနည်လမ်းအတိုင်း ရုံးကြီးလမ်းဆုံ၊ ထိုမှတစ်ဆင့် အလယ်လမ်း၊ ဈေးတောင်ဘက်လမ်းရှိ မြို့နယ်စည်ပင်သာယာဈေးကြီးတစ်ဝိုက် လှည့်လည်၍ ဒေသခံပြည်သူများထံမှ ငြိမ်းချမ်းရေးလက်မှတ်များ ကောက်ခံရယူခဲ့ပြီး ညနေပိုင်းတွင် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ အမြင်အာရုံ မသန်စွမ်းသူများက ငြိမ်းချမ်းရေးတေးသီချင်းများ ဖျော်ဖြေတင်ဆက်ခြင်း၊ ငြိမ်းချမ်းရေးကဗျာရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှု အကြောင်းအရာများ ဟောပြောခြင်း၊ ငြိမ်းချမ်းရေးလိုလားသူ ပြည်သူများ၏ ဆန္ဒလက်မှတ်များ ကောက်ယူခြင်းနှင့် ရင်တွင်းဖြစ်စကားသံများ စုဆောင်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သမိုင်းတစ်ခေတ်က အနုပညာလက်ရာများကို လေ့လာနိုင်မည့် ကော့ဂွန်းဂူဘုရား



သမိုင်းတစ်ခေတ်က ဗုဒ္ဓရုပ်ပွားတော်များနှင့် အနုပညာလက်ရာများကို ဖူးမြော်လေ့လာနိုင်သည့် နေရာတစ်ခုဖြစ်သော ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ကော့ဂွန်းဂူဘုရားသို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ နေ့စဉ် ရာနှင့်ချီ၍ လာရောက်လည်ပတ် လေ့လာလျက်ရှိပြီး ယခင်ထက် လာရောက်မှုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

ကော့ဂွန်းဂူဘုရားသို့ ဘားအံမြို့နယ် သံလွင်တံတားအနီး ဘားကပ်ကျေးရွာလမ်းခွဲမှတစ်ဆင့် ယာဘက်သို့ချိုးကွေ့ကာ လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း လာရောက်နိုင်ကာ ကော့ဂွန်းဂူဘုရားသို့ နေ့စဉ် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ရာနှင့်ချီ၍ လာရောက်လျက်ရှိသည်။ ကရင်ပြည်နယ် ဧည့်လမ်းညွှန်အသင်း ဖွဲ့စည်းထားသော်လည်း ချိတ်ဆက်ငှားရမ်းနိုင်ရန် အစီအမံများ အားနည်းနေသည့်အတွက် ဧည့်လမ်းညွှန်ငှားရမ်းမလာဘဲ ကိုယ်တိုင်နေ့ချင်းပြန် လာရောက်ကြသည့် နိုင်ငံခြားသားများအနေဖြင့် ဘာသာစကားအခက်အခဲကြုံတွေ့ရသည်များလည်းရှိကာ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်ချက်အချို့ရှိနေသေးကြောင်းလည်း သိရသည်။

"နေ့စဉ် နိုင်ငံခြားသားခရီးသွားဧည့်သည် ငါးဆယ်နှင့်တစ်ရာအကြား လာရောက်ပြီး ပြည်တွင်းဘုရားဖူးသူက ငါးရာကျော်အထိ နေ့စဉ် လာရောက်ပါတယ်၊ ပြည်တွင်းဘုရားဖူးလာသူများအနေနဲ့ အခက်အခဲမရှိပေမယ့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအနေနဲ့ ဘာသာစကားအခက်အခဲကြောင့် ဘာသာစကား ကျွမ်းကျင်တဲ့ ဧည့်လမ်းညွှန်တွေ ထားပေးရင်တော့ ပိုပြီးအဆင်ပြေမယ်၊ ဦးပဉ္ဇင်းအနေနဲ့ ဂိုက်မပါလာတဲ့ နိုင်ငံခြားသားဧည့်သည်တွေကို အချိန်ရသလောက်တော့ ရှင်းပြပေးတယ်၊ ခုဆိုရင် နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေက တစ်နေ့ထက်တစ်နေ့ ပိုများလာတယ်၊ အချို့က နေ့ချင်းပြန်လာတာကြောင့်ရော တစ်ခါမှ မရောက်ဖူးတာကြောင့်ရော ဘုရားတွေမှာပဲ ဧည့်လမ်းညွှန် စီစဉ်ထားတာတွေ ရှိမယ်ထင်ပြီး ဧည့်လမ်းညွှန်တွေ ပါမလာဘူးလေ၊ ဒီရောက်တော့ သူတို့သိချင်တာကို ဦးပဉ္ဇင်းက ရှင်းပြပေးရတယ်၊ အချို့လည်း သိချင်ပေမယ့် ဘာသာစကားအခက်အခဲကြောင့် လှည့်လည်ကြည့်ရှုပြီး ပြန်သွားရတယ်၊ ရှင်းပြနိုင်တဲ့သူရှိရင်တော့ ကိုယ်နိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတကာက ပိုမိုသိရှိလာနိုင်တယ်"ဟု ကော့ဂွန်းဂူ သဒ္ဓမ္မရတနာဓမ္မာရုံကျောင်းတိုက်မှ ဆရာတော် ဦးဓမ္မပါလက မိန့်ကြားသည်။

ဘားအံမြို့နယ်အတွင်း နိုင်ငံခြားသားများစိတ်ဝင်စားသည့် နေရာများဖြစ်သော ဘုရင့်ညီဂူ ရေပူစမ်း၊ ရသေ့ပျံဂူ၊ ကော့ဂွန်းဂူ၊ လင်းနို့ဂူ၊ ဆဒ္ဒန်ဂူနှင့် ကော့ကသောင်ဂူတို့မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည်သည်များ အနေဖြင့် နေ့ချင်းပြန်သွားလာ၍ရသည်အတွက် နေ့စဉ် ခရီးသွားဧည့်သည်များ လာရောက်မှုများပြားလာလျက်ရှိသည်။

အဆိုပါ ဂူဘုရားများတွင် ကော့ဂွန်းဂူသည် သမိုင်းဝင်ဂူဘုရားဖြစ်ပြီး ဂူအတွင်း၌ ရှေးဟောင်းလက်ရာများဖြစ်သော အုတ်ခွက်ဘုရားများနှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်း ဗုဒ္ဓဝင် ကျောက်ဆစ်ပန်းပုလက်ရာများ၊ သက္ကတဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာ၊ ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ဖြစ်သော ဓမ္မစကြာလှည်းဘီးပုံ၊ လက်ရေးစင်းအမှတ်အသားပါ အုတ်ချပ်များ၊ ကျောက်ဆစ်ပန်းပု လက်ရာများ အစရှိသည်တို့မှာ သမိုင်းတစ်ခေတ်က အနုပညာလက်ရာများဖြစ်ရာ ရှေးဟောင်းရုပ်ပွားတော်များနှင့် အနုပညာလက်ရာများကို ဖူးမြော်လေ့လာနိုင်သည့်အတွက် ခရီးသွားဧည့်သည်များ နေ့စဉ် လာရောက်မှု များလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

**သတင်းဆောင်းပါး-မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## မကွေးမြို့၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မကွေးမတ် ၂၈**

မတ် ၂၄ ရက်တွင် ကျရောက်သည့် (၂၃)ကြိမ်မြောက် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက "နိုင်ငံတော်အစိုးရမှ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပံ့ပိုးပေးလျက်ရှိပါတယ်၊ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကိုလည်း ပံ့ပိုးပေးလျက်ရှိပြီး ယခုလို အချိန်အခါကောင်းမှာ တီဘီရောဂါကင်းစင်တဲ့ ကမ္ဘာလောကကြီးအဖြစ် သမိုင်းမှတ်တိုင်အသစ်ရေးထိုးနိုင်ဖို့ ရောဂါရှာဖွေခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းများကို ကျန်းမာရေးနဲ့ အခြားဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ကြပါ၊ ပြည်သူများအကြား အသိအမြင်၊ ဗဟုသုတများ တိုးပွားလာပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများမှာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြပါ"ဟု အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး တီဘီဆရာဝန်ကြီးတို့က တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

တီဘီရောဂါဖြစ်ပွားစေသော တီဘီပိုးကို ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ခ်)က ရှာဖွေတွေ့ရှိခဲ့ပြီး ၁၈၈၂ ခုနှစ် မတ် ၂၄ ရက်တွင် ကမ္ဘာကိုကြေညာနိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ရှိရာမှ ပညာရှင်များက အစွမ်းထက်တီဘီရောဂါကု ဆေးဝါးများ၊ ကာကွယ်ဆေးများကို ဆက်လက်ဖော်ထုတ်နိုင်သဖြင့် လူသားများ၏ အသက်များစွာ ချမ်းသာရရှိခဲ့ခြင်းကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခမ်းအနားများကျင်းပကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြည်နယ်အဆင့်ဆွေးနွေးပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး မတ် ၂၈**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ချင်းပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ပေးခြင်းဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ တတိယအကြိမ် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား) ပြည်နယ်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ပြည်နယ်အတွင်း MCCT အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်မှာ နှစ်လတစ်ကြိမ်ငွေကြေးထောက်ပံ့မှု လေးကြိမ်မြောက် ရှိတော့မည်ဖြစ်ကြောင်း၊ မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် MCCT အစီအစဉ်တွင် ငွေကြေးထောက်ပံ့မှု တစ်ခုတည်းသာမဟုတ်ဘဲ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများလည်း ပါဝင်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ်သည် မိမိတို့ ချင်းပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်သည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်တို့က MCCT အစီအစဉ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သော အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြကာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဂျပန်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်ကျောင်းဆောင်သစ်ဖွင့်

**မိုးမောက် မတ် ၂၈**

ကချင်ပြည်နယ် မိုးမောက်မြို့ အထကကျောင်းတွင် ဂျပန်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် မစ္စတာ ရိုရှီမာခဆအိ၊ ခရိုင်ပညာရေးမှူး ဦးသန်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် မစ္စတာ ရိုရှီမာခဆအိက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အဆိုပါ အထိမ်းအမှတ်ကျောင်းဆောင်သစ်သည် လေးခန်းတွဲ နှစ်ထပ် အမျိုးအစားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ နီးပါး အကုန်ကျခံ၍ မြို့နယ်ကျောင်းအကျိုးတော်ဆောင်ကော်မတီမှ တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းကျော်၊ မြို့နယ်ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများပါဝင်သော ပူးပေါင်းအဖွဲ့က လမ်းမတော်တောင်ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ မတ် ၂၆ ရက်က ဆောင်ရွက်စဉ်။**

ငွေသန်း(ပြန်/ဆက်)




## ကလေးစာပေပွဲတော်(ဟသ်ာတ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဟသ်ာတ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော် (ဟသ်ာတ)ကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တွင် ဟသ်ာတမြို့ ရွှေစေတီလမ်းရှိ အထက ၃ ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၊ ကလေး၊ လူငယ် လူရွယ်များ၊ မိဘတိုးဘွားများ အရွယ်စုံ ပါဝင်ဆင်နွှဲနိုင်ပြီး ပုံပြော၊ ကဗျာရွတ်၊ စက္ကူခေါက်၊ ပန်းချီ၊ ကာတွန်း၊ ဆေးရောင်ခြယ်၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဆန်ကောရွက်၊ ပြေးခုန်ပစ်၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်၊ ချိုချဉ်ကိုက် စသည့်ပြိုင်ပွဲများနှင့် အရုပ်ဆက်ကစားနည်း၊ စကားပုံဆက်ကစားနည်းနှင့် အိမ်ဆောက်အရုပ်ဆက် စသည့်ကစားနည်းများကို ကလေးများ ပါဝင်ကစားနိုင်အောင် ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ပညာဗဟုသုတရရှိစေမည့် ခေါင်းစဉ်များဖြင့် စာရေးဆရာများ၏ ဟောပြောမှု၊ စာပေဆွေးနွေးမှုများ၊ ကလေးစာပေပြခန်း၊ မင်းသုဝဏ် စာအုပ်ပြခန်းနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပြခန်းများ၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် တက္ကသိုလ်ကျောင်းများမှ သိပ္ပံလက်တွေ့ပြခန်းနှင့် အိမ်တွင်းမှုပြခန်း၊ တီထွင်စမ်းသပ်မှုပြခန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို ပြသထားရှိပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့မှ စာအုပ်ဆိုင်များနှင့် ဒေသခံစာအုပ်ဆိုင်များကလည်း စာအုပ်စာစောင်များကို ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်တွင် နိုင်ငံ့၏ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် နှုတ်မှုရေးရာပြောဆိုနိုင်သည့် စွမ်းရည်များမြင့်မားလာစေရန်၊ ကလေးများ စာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါ ကလေးစာပေပွဲတော်(ဟသ်ာတ)ကို ကျင်းပသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်းက ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးအကဲဖြတ်ခြင်းဆိုင်ရာ သင်တန်းပေး

**မြိတ် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မောတောင်လမ်းနှင့်ဆက်စပ်သည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများအား အကဲဖြတ်နိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှု အကဲဖြတ်ခြင်းဆိုင်ရာသင်တန်း(High Conservation Valute-HCV)ကို Fauna & Flora International(FFI)နှင့် အင်ဒိုနီးရှားနိုင်ငံမှ Daemeter တို့ ပူးပေါင်း၍ မြိတ်မြို့ GRAND JADE ဟိုတယ် အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

မတ် ၂၆ ရက်က သင်တန်းဖွင့်ပွဲတွင် Fauna & Flora Internation(FFI)မှ တနင်္သာရီအစီအစဉ်မန်နေဂျာ Mr.Mark Gridley က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြကာ အင်ဒိုနီးရှားနိုင်ငံ Daemeter မှ ynm&Sif Mrs.Felicia Lasmana က ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှုအကြောင်းနှင့် ဂေဟဗေဒစနစ်၊ သဘာဝတောတောင်ရှုခင်းများနှင့် ဆက်နွယ်နေထိုင်မှုများကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး သင်တန်းစတင်ခဲ့သည်။

အဆိုပါသင်တန်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တနင်္သာရီမြို့နယ်နှင့် မောတောင်မြို့မှ ဒေသခံများ စုစုပေါင်း



၆၅ ဦး တက်ရောက်ခဲ့ကြပြီး ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှုစနစ် ဆွေးနွေးခြင်း၊ လူမှုရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနည်းလမ်းများ၊ ဂေဟဗေဒစနစ် ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုတန်ဖိုးများ၊ လူမှုရေးစစ်တမ်းကောက်ယူခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို Daemeter မှ ပညာရှင်နှင့် အကြံပေးအရာရှိ Mrs.Daryatun Ridwan တို့က ဦးဆောင်၍ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သင်တန်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

**ခိုင်ထူး(မြိတ်)**

# မယ်စဲ့မြို့နယ်မှ ဟိုစဲ့-ဘီပီ ၁၄ လမ်း ကတ္တရာခင်းခြင်း မကြာမီပြီးစီးမည်

**မယ်စဲ့ မတ် ၂၈**

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုး



ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုစဲ့-ဘီပီ ၁၄ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အောင်နတ်သားကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် နွေရာသီတွင် ဖုန်များထူထပ်၍ မိုးရာသီတွင်ရွှံ့ဗွက်များဖြင့် သွားလာရေးခက်ခဲကြောင်း၊ ယခုအခါအမာခံမြေသားလမ်းကို ကတ္တရာခင်းပေးသည့်အတွက် ရာသီမရွေး သွားလာမှုလွယ်ကူစေပြီး တစ်ဖက် ထိုင်းနိုင်ငံ မယ်စရင်းမြို့နှင့် မယ်စဲ့မြို့တို့ကြား နှစ်နိုင်ငံကူးသန်းသွားလာရေး အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း ဟိုစဲ့ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဟိုစဲ့-ဘီပီ ၁၄ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၉၆ သန်းဖြင့်လည်းကောင်း၊ ယင်းလမ်းပေါ်ရှိ အရှည် ၂၅ ပေ၊ အကျယ် ၁၆ ပေ ကွန်ကရစ်တံတားတစ်စင်းကို ရန်ပုံငွေ ကျပ် ၂၅ ဒသမ ၅သန်းဖြင့်လည်းကောင်း အောင်နတ်သားကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပြီး ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးရေးအတွက် လုပ်သားအင်အားများဖြည့်ဆည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# ကျေးရွာခြောက်ရွာ၌ ရေစက်ရုံနှင့် စက်ရေတွင်းတူးဖော်

**ဟသ်ာတ မတ် ၂၈**

ဟသ်ာတမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ နွေရာသီရေပြတ်လပ်မှုမရှိစေရေးအတွက် ၄ လက်မ၊ ပေ ၄၀၀ စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်များကို ကျေးရွာခြောက်ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် ၇၀ ဒသမ ၇၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားကြောင်း သိရသည်။ အဆိုပါ ရေရရှိရေးလုပ်ငန်းများကို သမ္ဘာရာတိုင်း၊ သဲရိုး၊ ရေလယ်ကျွန်း၊ သာယာအေး၊ ကုက္ကိုစုနှင့် ချောက်ကုန်း(န) ကျေးရွာများတွင် ဆောင်ရွက်ပေးခဲ့၍ သန့်ရှင်းသောသောက်သုံးရေများကို ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## သတင်းတိုများ

### ကျေးရွာခန်းမဆောင်သစ် ဖွင့်ပွဲကျင်းပ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပလန(၄) ယုဇနမြိုင်ကျေးရွာ၌ တည်ဆောက်ပြီးစီးသွားသည့် ကျေးရွာခန်းမဆောင်ဖွင့်ပွဲကို မတ် ၂၆ ရက်က ခန်းမဆောင်ရှေ့၌ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်နု၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျေးရွာခန်းမဆောင်သည် အလျား ပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၃ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အားတန်ဖိုး ကျပ် ၂၂ သိန်းကျော်ဖြင့် စုပေါင်း တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

### မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က လက်နက်ကိုင်တွယ်အသုံးပြုရေးသင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ကြီးမှူး၍ ခေတ်မီလက်နက်များ စနစ်တကျ ထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ် ၃/၂၀၁၇ ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ မတ် ၂၆ ရက်က ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး အဆိုပါသင်တန်းကို မတ် ၂၆ ရက်မှ ဧပြီ ၆ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

**လူမှုဝန်ထမ်းဦးစီးဌာန တော်ဝင်ရတနာမူလတန်းကြိုကျောင်း(နေပြည်တော်)၌ ၂၀၁၇-၂၀၁၈ ခုနှစ် ပဒေသာကပွဲနှင့် ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်းပေးအပ်ပွဲကို မတ် ၂၃ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရင်သွေးငယ်များ ကပြဖျော်ဖြေစဉ်။**

ကိုကိုစိုးညွှန့်




# မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူး၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

၁။ ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့
(ခ) မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး
(ဂ) နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့
(ဃ) လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့
(င) လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှုန်သမျှတိုက်ဖျက်ပစ်
(စ) ဦးစွာနားထောင်ပါ (Listen FIRST - Listening to children and youth is the first step to help them grow healthy and safe)

၂။ ဝတ္ထုတိုနှင့် ဆောင်းပါး စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

၃။ ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ ၊ ( ပါဒ ၁၀၀ မှ ၂၀၀ )အတွင်း ရှိရမည်။

၄။ တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသောသီချင်း CD Master နှင့်အတူ စာသားကိုသပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်း တစ်စောင်နှင့်အတူ ပေးပို့ရမည်။

၅။ ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေးသုံးပုံမှ ငါးပုံ အထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် ၁၂ × ၁၈ လက်မအရွယ် ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

၆။ ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်း သပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား ၇ × ၉ လက်မ အရွယ် A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများကို ကူးယူရေးဆွဲခြင်းမပြုရ။ ယှဉ်ပြိုင်သည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်း မပြုရ။

၇။ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် ၃၊ ၄ တန်း၊ အလယ်တန်းအဆင့် ၅၊ ၆၊ ၇ တန်းနှင့် အထက်တန်းအဆင့် ၈၊ ၉၊ ၁၀ တန်း ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ ၁၅ × ၂၀ လက်မအရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

၈။ ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် ၅၊ ၆၊ ၇ တန်းနှင့် အထက်တန်းအဆင့် ၈၊ ၉၊ ၁၀ တန်းဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

၉။ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်း ပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ၊ ယှဉ်ပြိုင်ခွင့်ရှိသည်။

၁၀။ ဓာတ်ပုံ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂ × ၁၈ လက်မအရွယ် Photo Essay လေးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီး တစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။

၁၁။ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး ပြည်နယ်များက သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

၁၂။ ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

၁၃။ ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့် ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၁-၅၀၅၂၆၁ ဖြစ်ပါသည်။

၁၄။ ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | |
|---|---|
| (က) တေးသီချင်း | ၂ - ၅ -၂၀၁၈ |
| (ခ) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၁- ၅ -၂၀၁၈ |
| (ဂ) ဓာတ်ပုံ | ၅ - ၆ -၂၀၁၈ |
| (ဃ) ကွန်ပျူတာပိုစတာ | ၆ - ၆ -၂၀၁၈ |
| (င) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ | ၈ - ၆ -၂၀၁၈ |

၁၅။ ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုသုံးဆုစီ ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

၁၆။ ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ကော့သောင်းမြို့အဝင် ကားလမ်းဘေးတွင် အမှတ်တရအထိမ်းအမှတ် ရွှေရောင်စာလုံးများတပ်ဆင်

**ကော့သောင်း မတ် ၂၈**

ကော့သောင်းမြို့သို့ ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် စတင်ဝင်ရောက်လာပါက သီရိမြိုင်ရပ်ကွက် အစ ဝန်းကျင်သည် အန်ဒမန်ပင်လယ်ဝရှိ ပင်လယ်ကျွန်းနှင့်သာယာလှပသည့် အပေါ်စီးရှုခင်းများကြောင့် မြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အမှတ်တရ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ မြို့ခံပြည်သူများ အပန်းဖြေအနားယူခြင်းဖြင့် အစဉ်စည်ကားလျက်ရှိသည့် နေရာတစ်ခုဖြစ်သည်။




မြို့ပိုမိုသာယာလှပရေးနှင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားများ ဓာတ်ပုံရိုက်ကူးရာတွင် မြန်မာနိုင်ငံတောင်ဘက်စွန်းရောက် အမှတ်တရဖြစ်ကြစေရန် ဗျူးပွိုင့်နေရာဖြစ်သော ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေးတွင် Welcome To KAWTHAUNG အထိမ်းအမှတ်နှင့် လင်းပိုင်ငါးပုံစံနှင့် ရွှေရောင်သံမဏိပြားစာလုံးကြီးများ မတ် ၂၇ ရက်က တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေနိုင်ကြရေးအတွက် အဆိုပါ စာလုံးများတပ်ဆင်ခြင်းလုပ်ငန်းကို မြို့အင်္ဂါရပ်နှင့်အညီ လှပတင့်တယ်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## တပ်မတော်နေ့ဂုဏ်ပြု ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**ကျောက်ထု မတ် ၂၈**

(၇၃) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အေးချမ်းသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲ ဖွင့်ပွဲကို မတ် ၂၇ ရက်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ပြပွဲဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူး ဟံသာတိုး၊ မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၀၁**

## နှစ်စဉ်ဝင်ငွေတိုးနေသည့် မြနဒီသရက်ခြံ



မြန်မာတောင်သူလယ်သမားဘဝဝင်ငွေတိုးစေဖို့ သရက်သီးစိုက်ကြစို့ဟူသော ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေးဦးစီးဌာန၊ ဉယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနက မြန်မာတစ်နိုင်ငံလုံးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် သရက်ဉယျာဉ် ခြံများစိုက်ပျိုးထားရှိပြီး နာမည်ကြီးဝင်ငွေရသည့် စိန်တစ်လုံး၊ ရင်ကွဲ၊ မြကျောက်၊ ပျားရည်ဆမ်း၊ မချစ်စု၊ မသီ၊ ရွှေဟင်္သာ၊ မတ္တရာခေါင်းချိုး၊ နက်တပ်ပန်းဆွဲသရက်သီး အမျိုးမျိုး ကို စိုက်ပျိုးပြီး တောင်သူလယ်သမားများဝင်ငွေတိုးစေရန် သရက်စိုက်ပျိုးနည်းပညာပေး၍ သရက်ပင်များစိုက်ပျိုးစေခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ဉယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကင်းတားသွားကားလမ်းဘေးတွင် ၁၉၈၆ ခုနှစ်က "မြနဒီ" သရက်ခြံကို စတင်တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စဉ်က မြေဧက ၂၆၀ ပေါ်တွင် နာမည်ကြီး စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ အောင်ဒင်သရက်ပင် ၁၂၄၈၀ ကို စတင်စိုက်ပျိုးခဲ့သည်။ သရက်ပင်စိုက်ပြီး လေးနှစ်အကြာ ၁၉၉၀ ပြည့်နှစ်တွင် အသီးများသီးပြီး စတင်ရောင်းချခဲ့ရသည်။

မြနဒီသရက်ခြံမှ တစ်နှစ်ထက်တစ်နှစ် အသီးများပိုမိုသီးလာရာ နှစ်စဉ်ဝင်ငွေများ တိုးတက်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် သရက်ဧက ၁၀၀ တိုးချဲ့စိုက်ပျိုးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မတ္တရာခေါင်းချိုးသရက်မျိုးကို စတင်စိုက်ပျိုးခဲ့သည်။ ယခုအခါ မြနဒီသရက်ခြံမှာ မြေဧက ၃၆၀ တွင် သရက်ပင်ပေါင်း ၁၇၂၈၀ စိုက်ပျိုးထားသည်။ ယခုနှစ်တွင် စိန်တစ်လုံးသရက်ပင် ၁၁၂၉၂ ပင်မှ အသီး ၁၆၄၆၄၀၊ ရွှေဟင်္သာ ၄၇၇၆ ပင်မှအသီး ၁၅၆၇၉၂၀၊ အောင်ဒင်သရက်ပင် ၁၂ ပင်မှ အသီး ၁၂၀၀၀ နှင့် ပတ္တမြားငမောက် သရက်ပင် ၁၂၀၀ မှ အသီး ၇၄၄၅၆၀ ရခဲ့သည်။

ယခုနှစ် မြနဒီသရက်ခြံမှထွက်သမျှအသီးများကို လေလံတင်ရောင်းချခဲ့ရာ မူဆယ်မြို့ထက်အာကာပွဲရုံမှ ငွေကျပ်သိန်း ၁၀၀၁ သိန်းရှစ်သောင်းဖြင့် လေလံဆွဲယူသွားပြီး ဧပြီလတွင် အသီးများစတင်ဆွတ်ခူးသွားမည်ဆို၏။ ၂၀၁၇ခုနှစ်ကလည်း မြနဒီသရက်ခြံမှ သရက်သီးများကို ငွေကျပ်သိန်း ၇၀၀ ဖြင့် လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။ မြနဒီသရက်ခြံမှာ တစ်နှစ်ထက်တစ်နှစ်အသီးများ ပိုမိုများပြားလာပြီး နှစ်စဉ်ဝင်ငွေကျပ်သိန်းပေါင်းရာချီရရှိနေသော အောင်မြင်နေသည့် သရက်ခြံကြီး ဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**

## ကမ်းလက်များစာကြည့်တိုက် နွေရာသီ ဂျပန်စကားပြောသင်တန်းဖွင့်

**နေပြည်တော် မတ် ၂၈**

နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ကမ်းလက်များ စာကြည့်တိုက်မှ နွေရာသီပညာဒါန ဂျပန်စကားပြောသင်တန်းဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်ရှိ အဆောက်အအုံတွင် မတ်လတတိယပတ်ကကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် စာရေးဆရာမဇင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ကမ်းလက်များစာကြည့်တိုက် ဥက္ကဋ္ဌ ဦးကျော်နှင့်အတွင်းရေးမှူး ဦးကျော်ဇင်မင်းတို့က စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့် ပညာဒါနဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်ဂျပန်စာသင်ကြားရေးဆရာမ ဒေါ်ဝင်းသန္တာက သင်တန်းကိစ္စများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်း တွင်တက်ရောက်ပညာသင်ယူသူ ၄၃ ဦးရှိပြီး ပညာဒါနအဖြစ် ဆရာမဒေါ်ဝင်းသန္တာက ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## လမ်းမတော်မြို့နယ်အတွင်း ရေဖူလုံစွာသုံးစွဲနိုင်ရေး မျှော်လင့်နေ

**ရန်ကုန် မတ် ၂၈**

လမ်းမတော်မြို့နယ်တွင် ရေအရည်အသွေးစစ်ဆေးချက်အရသောက်သုံးရန် မသင့်လျော်သော အဝီစိတွင်းများကို ရပ်ဆိုင်းထားပြီး ရေကောင်းရေသန့် အစားထိုးပေးနိုင်ရန် မင်းရဲကျော်စွာလမ်းတစ်လျှောက်၌ ရှစ်လက်မ အဝီစိတွင်းရှစ်တွင်း၊ ဗိုလ်ချုပ်လမ်း၌ ရှစ်လက်မ အဝီစိတွင်း သုံးတွင်း စုစုပေါင်း ၁၁ တွင်းထားရှိပြီး လက်ရှိရေပိုက်လိုင်းအတွင်းသို့ အားဖြည့်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂ လမ်းမှ ဘုန်းကြီးလမ်းအထိ အနော်ရထာလမ်းအောက်ဘက်ခြမ်း လူသွားလမ်းဘေးတွင် ၉၀ မီလီမီတာ HDPE ပိုက်လိုင်းအရှည် ၂၂၂၅ ပေ နှင့် အနော်ရထာလမ်းအထက်ခြမ်း လူသွားလမ်းဘေး ဘုန်းကြီးလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိ ၃၁၅ မီလီမီတာပိုက်ဖြင့်အရှည် ၃၂၅၃ ပေ ဆက်သွယ်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကုက္ကိုဝမြစ်ရေတင်စီမံကိန်းကိုလည်း ရန်ကုန်မြို့တွင်းမြို့နယ်များ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

သို့သော် လမ်းမတော်မြို့နယ်အတွင်း အထူးသဖြင့် ၂ ရပ်ကွက် ၅ လမ်း၊ ၆ လမ်းအတွင်းပိုက်လိုင်းရေရရှိမှုအခက်အခဲများ မကြာခဏတွေ့ကြုံနေရခြင်းမှာ မတ်လတတိယပတ်အထိ ရှိနေသည်ဟု ယင်းလမ်းများတွင်နေထိုင်သူအချို့က ပြောသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက် တွင် ရေအခက်အခဲတွေ့ကြုံနေရသော ယင်း ၅ လမ်းအတွင်းနေသူအချို့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံ၍ ရေရရှိရေး အခက်အခဲများအပေါ် ရှင်းလင်းပြောကြားခြင်းရှိခဲ့သည်။ သို့သော်ယနေ့တိုင်ပိုက်လိုင်းရေရရှိရေးအတွက်အချိန်ပေးရေတင်နေရသော်လည်း ရေရရှိခြင်းနည်းနေဆဲကိုမကြာခဏတွေ့ကြုံနေရသည်ဟု ယင်းတွေ့ဆုံပွဲတက်ရောက်ခဲ့သူ တစ်ဦးက ပြောသည်။

ထို့အတူ ၆ လမ်းအတွင်းတွင်လည်း ရေတင်ရရှိရေးအတွက် အိမ်သားတစ်ဦးသည် နံနက်ပိုင်း ၂ နာရီမှစ၍ နာရီအတန်ကြာ အိပ်ရေးပျက်ခံကာရေစောင့်တင်နေရသည့်နေ့များရှိနေသည်ဟု အထပ်မြင့်နေ အငှားယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယင်းသို့ ရေရရှိမှုအခက်အခဲမှာ ယနေ့တိုင် ယင်းလမ်းများတွင် မကြာခဏတွေ့ကြုံနေရဆဲအပေါ် ဖြေရှင်းပေးမည့်အကူအညီကို လမ်းအတွင်းနေသူအချို့က မျှော်လင့်နေသည်ဟု ၅ လမ်း နေသူတစ်ဦးက ပြောသည်။

ရေသုံးစွဲသည့် အခွန်မပျက်မကွက်ပေးဆောင်နေရသော်လည်း ပိုက်လိုင်းရေရရှိမှုလအတန်ကြာ မကြာခဏအခက်အခဲတွေ့ကြုံနေရသော လမ်းမတော်မြို့နယ် ၅ လမ်းနေသူများ၏ နေ့စဉ်ခံစားနေရသော ရေသောကကို လတ်တလောကာလများတွင် သက်ဆိုင်ရာက ဖြေရှင်းပေးစေလိုသည်ဟု ပြောဆိုနေကြသည်။

**ခင်ဆိုင်**

## ပြည်ပသို့ဆန်များတိုးမြှင့်တင်ပို့နိုင်ရန် ဖျာပုံမှ ရန်ကုန်သို့ တစ်လဆန်အိတ်တစ်သိန်းကျော်တင်ပို့

**ဖျာပုံ မတ် ၂၈**

ဖျာပုံမြို့နယ်သည် မိုးစပါးနှင့် ဆောင်းစပါး အထွက်ကောင်းသည့် မြို့တစ်မြို့ဖြစ်ပြီး မြို့နယ်မှ ထွက်ရှိသည့်စပါးများကြိတ်ခွဲနိုင်ရန် တစ်နေ့ ၁၆ တန်မှ တန် ၆၀ ကြိတ်ခွဲပေးနိုင်သည့် တန်းဝင်ဆန်စက်ကြီး ၁၆ လုံးရှိ၍ ဆန်စက်အားလုံး လည်ပတ်ကြိတ်ခွဲမည်ဆိုပါက တစ်နေ့ဆန်အိတ် ၁၁၀၀၀ ထွက်ရှိနိုင်ကြောင်းနှင့် ဟာလာဆန်စက်ငယ် ၁၇၂ လုံးရှိ၍ ဟာလာဆန်စက်ငယ်များမှ တစ်နေ့ဆန်အိတ် ၂၅၀၀၀ ကြိတ်ခွဲထွက်ရှိနိုင်ကြောင်း မြို့နယ်ဆန်စက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဦးအုန်းဟန်ကမတ် ၂၇ ရက်က ပြောကြားသည်။



သို့ဖြစ်၍ ဖျာပုံမြို့နယ်တွင်ဆန်စက်ကြီးများနှင့် ဟာလာဆန်စက်ငယ်များ ပေါင်းပြီးလျှင် တစ်နေ့ဆန်အိတ်ပေါင်း ၃၆၀၀၀ ကြိတ်ခွဲထွက်ရှိနိုင်သဖြင့် မြို့နယ်အတွင်း စားသုံးမှုအနေဖြင့် ဆန်အိတ် ၃၂၀၀၀ ကျော် ချန်လှပ်ထားပြီးတစ်နေ့လျှင်ရန်ကုန်ဆန်စျေးကွက်သို့ ဆန်အိတ် ၃၅၀၀ ကျော် တစ်လပျမ်းမျှဆန်အိတ် တစ်သိန်းကျော် လစဉ်ရေလမ်း၊ ကားလမ်းတို့မှ တင်ပို့လျက်ရှိနေကြောင်း မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းနှင့် မြို့နယ်ကုန်တင်ကုန်ချအသင်းတို့၏ မှတ်တမ်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပ ၆၂ နိုင်ငံသို့ ဆန်တင်ပို့နိုင်မှုမှာ ဆန်တန်ချိန် သုံးသန်းကျော်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့လျက်ရှိနေကြောင်း သိရသည်။ ပြည်ပသို့ ဆန်တင်ပို့နိုင်မှုမှာ နှစ်ပေါင်း ၇၀ အတွင်း စံချိန်တင်နိုင်ပြီး လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်လေးသန်းအထိ တင်ပို့နိုင်ရန်နှင့် ကမ္ဘာ့ဆန်အများဆုံး တင်ပို့နိုင်သည့် ငါးနိုင်ငံစာရင်းတွင် မြန်မာနိုင်ငံပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## ပျဉ်းမချောင်းကျေးရွာ အဝင်လမ်း ဖွင့်လှစ်

**မြောင်းမြ မတ် ၂၈** - မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Project ) အစီအစဉ်ဖြင့် ဆောင်ရွက်သော မြောင်းမြမြို့နယ် ပျဉ်းမချောင်းကျေးရွာ အဝင်လမ်း၊ ဂဝံလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီး၍ မတ် ၂၇ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးရွာအဝင်လမ်းမှာ အရှည်ပေ ၃၃၀၀၊ အကျယ်ရှစ်ပေခြောက်လက်မရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဖြင့် ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီမှ ဂဝံလမ်းခင်းခြင်း ဆောင်ရွက်နေကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# စာနာမှုဖြင့်ကူညီ တို့ကြက်ခြေနီ

## ဒေါက်တာ အောင်ကျော်(သွား / ဆရာဝန်)

'ဘွားလေးအေး … ရှူးရှဲသုပ်ကျွေးနော်'

'မြေး စုစုက လက်ဖက်သုပ် စားချင်လို့လား၊ ရှူးရှဲ အသင့်ထုပ်တွေက စပ်လွန်း၊ ပူလွန်းတယ်၊ ဗိုက်နာလိမ့်မယ်ကွယ့်။ အပူအစပ်စားများရင် အစာအိမ်နာဖြစ်တတ်တယ် မြေးလေးရဲ့'

'ဒေါ်လေးစပယ် လက်ရာက စပ်တော့စပ်တယ်၊ စားလို့တော့ ကောင်းတယ် ဘွားလေးအေး'

'မြေးစုစုစားချင်ရင် ဘွားလေးက ကြက်ခြေနီသုပ် လုပ်ကျွေးမယ်ကွယ့်'

'ကြက်ခြေနီဆိုတာ ဆေးခန်းကို ပြောတာမဟုတ်ဘူးလား ဘွားလေးအေး'

'ဟုတ်တယ်လေ ဆေးရုံ၊ ဆေးခန်းတွေနဲ့ ပတ်သက်ရုံမကဘူး၊ ကြက်ခြေနီတပ်ဖွဲ့ ဆိုတဲ့ ရှေးဦးသူနာပြုအဖွဲ့အစည်းတွေရဲ့ အမှတ်တံဆိပ်လည်း ဟုတ်တာပဲကွယ့်'

'ဘွားလေးအေးကို ပြောပြရဦးမယ်၊ စုစုတို့ ပညာရောင်ခြည် အဆင့်မြင့် ကိုယ်ပိုင်ကျောင်းမှာလည်း ရှေ့ပြေးပြုစုပေးနိုင်ဖို့တဲ့ အရေးပေါ် ဆေးသတ္တာဖြူဖြူ ပေါ်မှာ ကြက်ခြေနီအမှတ်တံဆိပ်ပါတယ်ရှင့်'

'ကျောင်းတိုင်း၊ ဌာနတိုင်း၊ စက်ရုံအလုပ်ရုံတိုင်းတွေမှာတင် ဘယ်ကမလဲ၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ တိုင်းပြည်များမှာလည်း ကြက်ခြေနီအဖွဲ့အစည်းတွေ ရှိနေတော့၊ ကြက်ခြေနီတံဆိပ်ကို မြင်လိုက်တာနဲ့ စာမတတ်တဲ့သူတွေတောင် ဒါ ဆေးခန်း၊ ဆေးရုံ၊ လူမှုကရုဏာ ကြက်ခြေနီအဖွဲ့တွေနဲ့ ပတ်သက်တဲ့ ကျန်းမာရေးဌာနတစ်ခုပဲလို့ သိပြီးသားပေါ့ကွယ်'

'နေပါဦး ဘွားလေးအေးရဲ့ လက်ဖက်သုပ်နဲ့ ကြက်ခြေနီ ဆေးခန်းတံဆိပ်နဲ့ ဘာဆိုင်လို့လဲရှင့်'

'ဆိုင်လို့ပေါ့ မြေးစုစုရယ်၊ ကြက်ခြေနီသုပ်ဆိုတာ ချဉ်စပ်လက်ဖက်သုပ်ကို ပြောတာကွယ့်၊ အဲဒီအသုပ်မျိုးခေတ်စားလာတာလည်း တိုက်ဆိုင်မှုလို့ ဆိုနိုင်တယ်လေ။ တိုက်ဆိုင်ဖြစ်ဖို့ ဆိုတာကလည်း စေတနာဖြူဖြူ မေတ္တာကြီးကြီး စိတ်အခြေခံကနေပြီး ပေါက်ဖွားလာတာကွယ့်'

'ရှင်းပြပါဦး ဘွားလေးအေးရေ။ စုစုဖြင့် ဘယ်လိုမှ ဆက်စပ်တွေးလို့မရပါဘူး'

'ဒီလိုကွယ့် . . မန္တလေးက နာမည်ကြီး အရီးတောင်းလက်ဖက်ဆိုတာ စုစု ကြားဖူး၊ စားဖူးတယ်နော်၊ နှစ်ပေါင်း သုံးလေးဆယ်တော့ ရှိရော့မယ်၊ ဈေးချိုတော်မှာ လုပ်အားပေးတွေနဲ့ သန့်ရှင်းရေး ဆောင်ရွက်ကြတာမှာ ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်တွေလည်း ပါတာပေါ့၊ အဲဒီလုပ်အားပေးတွေကို အရီးတောင်းမိသားစုက အမောပြေစားဖို့ ကြွေဇလုံကြီးတွေနဲ့ လက်ဖက်သုပ်ပြီး ကျွေးမွေးခဲ့တာတဲ့၊ ချဉ်ချဉ်စပ်စပ်လေး သုပ်ပေးလိုက်တော့ အရသာတွေ့သွားကြတယ်ဆိုကိုး၊ မောမော ဆာဆာနဲ့ သူတစ်ဇွန်း၊ ကိုယ်တစ်ဇွန်း အလုစား မဟုတ်ဘဲ ဟန်မဆောင်တမ်း အဝစားကြရတာတဲ့၊ ရေနွေးကြမ်းနဲ့ လိုက်မှလိုက်ဆိုတော့ နာမည်ကို ကြီးသွားရောတဲ့လေ၊ နောက်နေ့မှာ လက်ဖက်သုပ်လာဝယ်ကြတဲ့ မိတ်ဆွေတွေက ဟိုနေ့က လုပ်အားပေးကြက်ခြေနီတွေကို သုပ်ပေးတဲ့ လက်ဖက်သုပ်မျိုးလေးရောင်းပေးပါလို့ ပွဲတောင်းကြသတဲ့၊ ဒါနဲ့ပဲ ကြက်ခြေနီ သုပ်ရယ်လို့ နာမည်တစ်လုံး တွင်ကျန်ရစ်ပြီး သိပ်ရောင်းကောင်းတာမှ လက်မလည်ဘူးတဲ့ မြေးလေးရဲ့'

'စေတနာကောင်းကောင်း၊ မေတ္တာကြီးကြီးနဲ့ သုပ်ကျွေးလို့ စားကောင်းတာနေမှာနော် ဘွားလေးအေး'

'ဟုတ်တာပေါ့ကွယ်၊ ကြက်ခြေနီတပ်ဖွဲ့အပါအဝင် လုပ်အားပေးတွေကလည်း အများအကျိုး ရွက်ဆောင်ပိုးတဲ့နေရာမှာ စေတနာဖြူ မေတ္တာကြီးမားကြသလို မေတ္တာရှိ ကျွေးမွေးကြသူတွေကလည်း စေတနာပြည့်ဝ မေတ္တာလှလှဆိုတော့ အကောင်းအကောင်းချည်း တိုက်ဆိုင်ပြီး အကျိုးရှိတဲ့ပွဲလို့ ဆိုနိုင်တာပေါ့ မြေးလေးရယ်'

နောက်နေ့တွင် သုပ်ကျွေးဖို့ရာ ဘွားလေးအေးက လက်ဖက်ကို ကျကျနန နှပ်ပါ သည်။ လုပ်ရင်းကိုင်ရင်း ကျောင်းသူဘဝကို ပြန်လည်အမှတ်ရနေ၏။ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ (၁၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ရှမ်းပြည်နယ် မြို့တော် တောင်ကြီး၌ နိုင်ငံတော်ပွဲကြီးအဖြစ် ကျင်းပရန် အလှည့်ကျ၏။ ၁၉၆၅ ခုနှစ်၊ မတ်လကုန်လောက်မှာ တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကပိုင် စာသင်ကျောင်းတွေ အားလုံး ပြည်သူပိုင်သိမ်းသဖြင့် ဘွားလေးအေးတို့ နေခဲ့သည့် စိန့်အင်းကွန်ဗင့်ဟိုက်စကူး သည်လည်း အမှတ်(၃)အထက ဖြစ်သွားခဲ့ရပြီး ပြည်ထောင်စုပွဲကြီး၌ ကြက်ခြေနီ တပ်ဖွဲ့ဝင်များစွာ လိုအပ်၏။ အင်အားဖြည့်ရန် တောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းများ၌ ဦးစွာ စာတွေ့သင်တန်းလာပေး၏။ တောင်ကြီးသူ ဒေါက်တာဒေါ်အေးကြည်က သင်ကြားပို့ချပေး၏။ သင်ညွှန်းကုန်လျှင် စာမေးပွဲစစ်၏။ ရေးဖြေအောင်မြင်သူများ အနက် အမှတ်ကောင်းသူများကို သီးသန့်ရွေးချယ်ကာ လက်တွေ့သင်တန်းပို့ချ လေ့ကျင့်ပေး၏။ လက်တွေ့စာမေးပွဲအောင်မြင်သူများကိုသာ ကြက်ခြေနီတပ်ဖွဲ့ဝင်အဖြစ် လက်ခံပါသည်။

စာတွေ့ကို သူ့ကျောင်း ကိုယ့်ကျောင်း၌ သီးခြားစီ သင်ကြားဖြေဆိုကြသော်လည်း လက်တွေ့သင်တန်းကိုမူ ဘောလုံးကွင်းကြီးထဲ၌ ကျောင်းပေါင်းစုံမှ ရေးဖြေအဆင့်ဆင့် အောင်မြင်ခဲ့သူများ အားလုံးစုစည်းကာ တစ်ပြိုင်တည်း သင်ကြားလေ့ကျင့်ကြရ၏။ တပ်စု တပ်စိပ်တွေဖွဲ့ကာ အဖွဲ့အချင်းချင်း ယှဉ်ပြိုင်ကြရ၏။ ဘွားလေးအေးမှာ စာတွေ့ အောင်မြင်ခဲ့ပြီး လက်တွေ့ကျရှုံးခဲ့၏။ ကိုယ်ခန္ဓာ အနည်းငယ် ပြည့်ဖြိုးနေးကွေးခြင်းက တစ်ပန်းရှုံးချေပြီ။ အောင်သူတွေပြုံး၍ ရှုံးသူတွေ မှိုင်ရသည့်ပွဲပါ။ ကြက်ခြေနီဝတ်စုံမှာ စစ်ဝတ်စုံနှင့်တူ၏။ ကာကီရှပ် လက်ရှည်၊ ဇင်စနက်ပြာ ဘောင်းဘီရှည်၊ ခါးပတ်ကို စစ်တပ်က ထုတ်ပေး၏။ မြသုခရပ်ရှင်ရုံ အောက်ထပ်၊ ဂျိုးဇက်အပ်ချုပ်ဆိုင်မှာ ကိုယ်တိုင်း ပေးရ၏။ ကျသင့်ငွေထက်ဝက်သာ ပေးသွင်းရ၏။ ကျန်ထက်ဝက်ကို နိုင်ငံတော်က ကျခံပေး၏။ လည်စည်းအဖြူ သုံးထောင့်အစကြီးမှာ အရေးပေါ်ပတ်တီးအဖြစ် အသုံးပြုနိုင်သည်။ ကက်ဦးထုပ်ပျော့၊ ကင်းပတ်ဖိနပ်အဖြူ၊ ခြေစွပ်အဖြူဆိုလျှင် ဝတ်စုံပြည့်ဖြစ်ပြီး ရင်ဘတ်မှာထိုးထားဖို့ ကြက်ခြေနီတံဆိပ်ငယ်လေးကို တစ်ကျပ် ပြား ခြောက်ဆယ်နှုန်းဖြင့် အဖွဲ့ဝင်တိုင်းကို ရောင်းချပေးပါသည်။

> “အချိန်မရွေး ဖြစ်ပေါ်နိုင်သော လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း မဆိုထား၊ မြေလျှောင် ... (see bold quote below)

**“အချိန်မရွေး ဖြစ်ပေါ်နိုင်သော လေပြင်းမွှေခံရခြင်း၊ မြေလျှောင်ကြီးများလှုပ်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်း စသော သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါကျရောက်ခြင်းနှင့် ရပ်မှုရွာမှု အများအကျိုး သယ်ပိုးပေးရခြင်းများဟူသည် တစ်ချိန်ချိန်၌ အမှန်တကယ် လိုအပ်လာနိုင်သဖြင့် ရှေးဦးပြုစုနည်း အခြေခံပညာရပ် တတ်မြောက်ထားမှုတို့ကြောင့် ကြီးမည့်အမှုကို ငယ်စေနိုင်၏။ ငယ်သည့်အမှုကို ပြေငြိမ်းစေနိုင်”**

ပြည်ထောင်စုနေ့ကျင်းပသည့် ပွဲခင်းကြီးမှာ မြို့တောင်ဘက်အစွန်ဆုံးမှာဖြစ်၏။ သဲတွင်းများ၏ မြောက်ဘက်နှင့် ၂၁၂ ဆက်သွယ်ရေးတပ်ဝင်းကြီး၏ တောင်ဘက်ကြား ရှိ ဂေါက်ကလပ်အနီး၊ တောင်ကြီးတက္ကသိုလ်အဖြစ် နောင်တွင် တည်ဆောက်မည့် ကွင်းပြင်ကျယ်ကြီး နေရာဖြစ်၏။ နိုင်ငံတော်ပွဲကြီးမို့ နိုင်ငံကျော် အဆိုတော်ကြီးများ နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ နာမည်ကျော် ဇာတ်သဘင်အဖွဲ့များ စုံလင်လှ၏။ ပွဲပြီး၍ ဆင်တောင်နှင့် ခွေးရုပ်ဘူတာအကြား ရထားဘီးချော် တိမ်းမှောက်ရာ သတင်းစာမျက်နှာဖုံးပေါ်၌ ဖော်ပြရသော စက်ရပ်သတင်း ဖြစ်သွားတော့၏။ ကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မယ်များ အရန်သင့် လေ့ကျင့်သင်တန်းပေးထား၍ များစွာမှ အထောက်အကူရရှိခဲ့ပါ၏။ ဒဏ်ရာရရှိသော လူနာများကို ရှေးဦးပြုစုခြင်းဖြင့် ကူညီ ပံ့ပိုးပေးပြီးမှ ကလောပြည်သူ့ဆေးရုံနှင့် တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးသို့ ဆက်လက် ကုသမှုခံယူနိုင်ရန် ပို့ဆောင်ပေးရကြောင်းကို မှတ်မိနေပါသေးသည်။

မူလသင်တန်းပေးစဉ်က ပွဲတော်ရက်အတွင်း ရွှေပွဲတော်လာ ပရိသတ်များအနက် မူးမော်ခြင်း၊ အော့အန်ခြင်း၊ ထိခိုက်မိ၍ ဒဏ်ရာအသေးအဖွဲရခြင်းများအတွက်သာ ရည်ရွယ်ရင်းဖြစ်သော်လည်း ကားမှောက်၊ ရထားမှောက်စသည့် မျှော်လင့်မထားသော ကြီးကြီးမားမားမတော်တဆမှုများနှင့် ကြုံဆုံကြရသည့်အခါ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကို အလွန်မှ အားကိုးကြရ၏။ အားကိုးလောက်အောင်လည်း သင်ကြား လေ့ကျင့်ပေးထား၍ မျက်နှာပန်းလှကြရ၏။ ရှေးဦးပြုစုနည်းစနစ်ကျကျဖြင့် ဝေဒနာ ဒဏ်ရာသက်သာမှုပေးနိုင်၊ ပြုစုနိုင်၍ စိတ်လက်သက်သာမှု ရရှိစေပြီးနောက် ဆေးရုံ၊ ဆေးခန်းများသို့ ဆက်လက်ပြသရန် စီစဉ်ပေးကြရ၏။ အချို့သေးငယ်သော ကိစ္စ များကား ရှေးဦးပြုစုမှုခံယူရရှိပြီးနောက် ဆေးရုံ၊ ဆေးခန်းသို့ပင် ဆက်လက်ပြသ ဖို့ မလိုအပ်တော့ဘဲ နေအိမ်သို့ စိတ်ချလက်ချ ပြန်နိုင်ကြပါပြီ။

ပွဲကြီးပွဲလမ်းကြီးများရှိသော အခါကျမှမဟုတ်ပါ။ ရပ်ရွာတွင်း၌ အချိန်မရွေး ဖြစ်ပေါ်နိုင်သော လေပြင်းမွှေခံရခြင်း၊ မြေလျှောင်ကြီးများလှုပ်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်းစသော သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါကျရောက်ခြင်းနှင့် ရပ်မှုရွာမှု အများအကျိုး သယ်ပိုးပေးရခြင်းများဟူသည် တစ်ချိန်ချိန်၌ အမှန်တကယ် လိုအပ်လာနိုင်သဖြင့် ရှေးဦးပြုစုနည်း အခြေခံပညာရပ် တတ်မြောက်ထားမှုတို့ကြောင့် ကြီးမည့်အမှုကို ငယ်စေနိုင်၏။ ငယ်သည့်အမှုကို ပြေငြိမ်းစေနိုင်၏။ မထိတ်မလန့် စေရန်နှင့် သွေးထွက်မလွန်စေရန် ကြိုတင်ကာကွယ်ပြုစုပေးနိုင်၍ အသက်အန္တရာယ်မှ လွတ်ကင်းချမ်းသာစေသည့်အပြင် အများပြည်သူတို့၏ စိတ်လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်ပါသေးသည်။ ဇီဝိတဒါနလည်းဖြစ်၊ ရပ်ရွာလူထုအကျိုးဆောင်လုပ်ငန်း လည်းဖြစ်၍ လူတိုင်းသင်ကြားတတ်မြောက်ထားရန် လိုအပ်လှပါတော့သည်။

'ဘွားလေးအေးရဲ့ လက်ရာ ကြက်ခြေနီသုပ်ကတော့ လျှာလည်အောင် သိပ်ကောင်းတာကိုးရှင့်'

'စုစုကြီးလာရင် ကြက်ခြေနီသုပ် ကောင်းကောင်းလုပ်တတ်အောင်သင်မှာ ဘွားလေးအေး'

'လက်ဖက်သုပ်ထက်အရေးကြီးတာက ကြက်ခြေနီသင်တန်းတက်ဖို့ပဲ စုစု မြေးလေးရေ'

'အို..အများအကျိုး ဆောင်ရွက်ပေးနိုင်ဖို့ စုစုက ကြက်ခြေနီ သင်တန်းကို လည်း တက်မှာပါ။ စိတ်ချပါနော်'

'စာနာစိတ်ထားနဲ့ ကူညီပေးချင်တဲ့ဝါသနာအထုံလေးက တန်ဖိုးမဖြတ်နိုင်ဘူး ကွယ့်။ ခုဘဝမှာလည်း ကောင်း၊ နောင်သံသရာဘဝများမှာလည်း အကျိုးပေး ကောင်းမယ် မြေးလေးမှတ်ထား ဟုတ်ပီလား'

'ကြက်ခြေနီသင်တန်းက ဘယ်မှာတက်ရတာလဲ ဘွားလေးအေး'

'ကျောင်းတွေမှာ စာတွေ့လက်တွေ့သင်တန်းပေးတတ်တယ်၊ ဘွားလေးတောင် တက်ခဲ့ဖူးသေးတာပေါ့ကွယ်'

'လူရည်ချွန်လို ထူးချွန်တဲ့သူတွေကို ရွေးချယ်ဂုဏ်ပြုတာမျိုး ရှိသလား သိချင်လိုက်တာ'

'ကြက်ခြေနီလူရည်ချွန်ဆိုတာ ရှိခဲ့ဖူးတာပေါ့။ ကမ္ဘာမှာ အမြင့်ဆုံးဆုက ဟင်နရီဒူးနန့်ဆုတံဆိပ်လေ မြေးလေးရဲ့'

'အဲဒီဆုတံဆိပ်ကို စုစုတို့ မြန်မာနိုင်ငံက ရဖူးသလား ဘွားလေးအေး'

'သိပ်ရဖူးတာပေါ့ကွယ်၊ စိုင်းအောင်လှိုင်မြင့် ထင်ပါရဲ့ ဘွားလေးလည်း အသက်ကြီးလာတော့ မေ့တော့တော့ရယ်'

'သူ့အကြောင်းသိချင်လိုက်တာ ပြောပြပါလားရှင်'

'မြန်မာနိုင်ငံကြက်ခြေနီအသင်းက စိန်ရတုမဂ္ဂဇင်းထုတ်မှာတဲ့၊ ထွက်တဲ့အခါကျမှ မြေးစုစု တစ်ဝကြီးကို ဖတ်ပေတော့နော်၊ အခုတော့ ကြက်ခြေနီသုပ်ရယ် ရေနွေးကြမ်းရယ်ကိုပဲ အားပေးလိုက်ပါဦး'

ကြက်ခြေနီလုပ်ငန်းသည် လူမှုကရုဏာလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြရသည်ကို ဘွားလေးအေး သိထား၏။ ကရုဏာထားနိုင်ဖို့ စိတ်ကောင်း၊ စေတနာကောင်း၊ စာနာထောက်ထားတတ်မှု၊ မေတ္တာကြီးကြီးရှိရန် လိုအပ်ပါသည်။ ဤလူမှုရေးစိတ်ဓာတ်ကို ကျောင်းသား လူငယ်ဘဝကတည်းက မိတ်ဆက်ပေးထား ခြင်းအားဖြင့် အလေ့အကျင့်ကောင်းများရရှိစေဖို့ အရေးကြီးပါသည်။ ကြက်ခြေနီ စိတ်ဓာတ်လေး ကိန်းအောင်းသွားခဲ့လျှင် တစ်သက်တာပတ်လုံး လူကောင်း သူကောင်း ဖြစ်နိုင်ပါပြီ။ သူ့၌ စာနာစိတ်နှင့် ကူညီပေးလိုစိတ်တို့ ယှဉ်တွဲစွဲမြဲ နေတော့မည် ဖြစ်ပါသောကြောင့်ပါ။ ယနေ့တွင်လူငယ် နောင်တစ်ခေတ်ဝယ် တိုင်းပြည် ခေါင်းဆောင်ကောင်းကြီးများ ဖြစ်လာနိုင်သဖြင့် အလွှာအသီးသီးရှိ လုပ်သား ပြည်သူတိုင်း၌ စာနာစိတ်ကောင်းတစ်ခု စွဲမြဲကျင့်သုံးနိုင်ရန်၊ ကျောင်းသားဘဝတွင် မသင်မနေရ ကြက်ခြေနီပညာ ပြဋ္ဌာန်းပေးနိုင်လျှင် ကောင်းပေစွဟူ၍ ဘွားလေး အေး တစ်ယောက်ဆက်တွေးပြီး တောင့်တနေမိပါတော့သည်။ ။

## သံဓာတ်တိုင်များနေရာ၌ ကွန်ကရစ်ဓာတ်တိုင်များ လဲလှယ်

**ရေစကြို မတ် ၂၈**

ရေစကြိုမြို့၏ မိန်းလမ်းမကြီးနှစ်လမ်းအနက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ ယခင် သံဓာတ်တိုင်များနေရာတွင် ကိုးမီတာအမြင့်ရှိ ကွန်ကရစ်ဓာတ်တိုင်များဖြင့် တစ်ပြေးညီ လဲလှယ်စိုက်ထူလျက်ရှိကြောင်း သိရသည်။

“ရေစကြိုမြို့ရဲ့ မိန်းလမ်းမကြီးတွေဖြစ်တဲ့ ပင်လုံလမ်းနဲ့ဗိုလ်ချုပ်လမ်းတွေမှာ ယခင်က လျှပ်စစ်ဓာတ်တိုင်တွေကို သံတိုင်တွေအသုံးပြုခဲ့ပါတယ်၊ နှစ်တွေကြာလာတဲ့ အခါ သံတိုင်တွေအောက်ခြေက ဆွေးမြည့်လာတဲ့အတွက် အန္တရာယ်ရှိလာတယ်၊ ပြီးတော့ သံဓာတ်တိုင်ဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အားစီးဆင်းမှုကြောင့်လည်း အန္တရာယ်ရှိလာနိုင်ပါတယ်၊ ဒါကြောင့် ယခုဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်မှာ ယခင်က အသုံးပြုခဲ့တဲ့ လျှပ်စစ်သံတိုင်တွေအားလုံးကို ကိုးမီတာအမြင့်ရှိတဲ့ ကွန်ကရစ်ဓာတ်တိုင် တွေနဲ့ အစားထိုးလဲလှယ်စိုက်ထူပေးခြင်းဖြစ်ပါတယ်၊ ယခုလို ကွန်ကရစ်ဓာတ်တိုင်တွေနဲ့ အစားထိုးလဲလှယ်စိုက်ထူခြင်းအားဖြင့် လေပြင်းဒဏ်ခံနိုင်သလို လျှပ်စစ်အန္တရာယ် လည်း ကင်းဝေးသွားစေမှာဖြစ်ပါတယ်” ဟု ရေစကြိုမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုးက ပြောသည်။

ဖေထွဏ်းဇော်-ရေစကြို



## စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နောင်ချို မတ် ၂၈**

စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၆ ရက်က နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာအုပ်စု ရေဖြူဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းတို့က စိုက်ပျိုးရေးလုပ်ငန်း ဆိုင်ရာများကို အသိပညာပေးဆွေးနွေးရှင်းလင်းပြောကြားသည်။

အသိပညာပေးဆွေးနွေးပွဲတွင် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

စိုး‌ဝင်း(နောင်ချို)

**စက်ရုံလွှင့်ထုတ် လေညစ်ပုပ်၊ တောတွင်းသစ်ပင် အကုန်စုပ် တို့တွေရှူသွင်း လေသန့်ရှင်း၊ မခြွင်းရမှာ တောကသာ**

# ဇလုံတောင်တော်တွင် ဘုရားဖူးပြည်သူများ အလွယ်တကူသွားလာနိုင်ရေး လူသွားအဆင်းလမ်းတစ်ခုတည်ဆောက်

**ဗန်းမောက် မတ် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ဇလုံတောင်ပေါ်သို့ တက်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများအတက်အဆင်း အဆင်ပြေစေရန်အတွက် လူသွားအဆင်းလမ်းတစ်ခုအား အခိုင်အမာထပ်မံတည်ဆောက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူးဖြစ်သူ တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအောင်သူဦး ပြောသည်။

"ဇလုံတောင်က ပြီးခဲ့တဲ့ ရုံးပိတ်ရက်လေးရက်တုန်းက ဘုရားဖူးတွေက မထင်မှတ်လောက်အောင် များပြားတာကို တွေ့ရတယ်၊ တောင်အလယ်ရင်ပြင်တော်ကနေ တောင်တော်ပေါ်တက်ဖို့ကို အတော့်ကို အခက်အခဲဖြစ်ကြတယ်၊ အခုလက်ရှိမှာက တောင်တော်ပေါ်ကလူသွားလမ်းကျဉ်းကျဉ်းလေးကနေပဲအတက်၊ အဆင်းလုပ်နေရတယ်၊ တောင်တော်ပေါ်မှာ ဘုရားဖူးညှော့်သည်တွေ အလွယ်တကူအတက်အဆင်း မလုပ်နိုင်ဘူးဖြစ်နေတဲ့အတွက် အင်ဂျင်နီယာတွေနဲ့ အတတ်နိုင်ဆုံးအဆင်းလမ်းတစ် လမ်းဖော်ထုတ်ပေးနိုင်ရင် ကောင်းမယ်ဆိုပြီး စဉ်းစားတယ်၊ တောင်တော်ပေါ်မှာလည်း လူတွေက ဘုရားရှိခိုးနိုင်ရင် လူဦးရေ ၃၀ ကနေ ၄၀ လောက်ပဲဆံ့တာ၊ အပေါ်တက်လိုက်အောက်ဆင်းလိုက်နဲ့ လမ်းကျဉ်းလေးတစ်ခုတည်းဖြစ်နေတဲ့အတွက် အခုလက်ရှိအသုံးပြုနေတဲ့လမ်းကို အတက်လမ်းအဖြစ်နဲ့ထားပြီးတော့ နောက်တစ်ဖက်မှာ အဆင်းလမ်းတစ်ခုကို ခိုင်ခိုင်မာမာနဲ့ စတီးလ်လက်ရန်းနဲ့လုပ်မယ်၊ ကားရပ်နားစခန်းကနေ တောင်တော်ပေါ်သို့ ခြေကျင်သွားရာလမ်းတွေကို လည်းပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ လုပ်နေပါပြီ "ဟု ၎င်းကဆက်လက်ပြောသည်။ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်သို့ ခရီးသွားဝင်ရောက်မှုသည် ယခုနှစ်ဘုရားဖူးရာသီတွင် ယခင်နှစ်ထက်ထက်ဝက်ခန့် မြင့်တက်လာသဖြင့် ဇလုံတောင်တော်သို့ တက်ရောက်ကြသည့်ခရီးသွားပြည်သူများ အလွန်များပြား၍ လက်ရှိအသုံးပြုလျက်ရှိသော လူသွားလမ်းအပြင် အဆင်းလမ်းတစ်ခုကို ထပ်မံတည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါလမ်းကို မတ်လဒုတိယပတ်အတွင်းမှ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# တာတမော့ရေလယ်ကျွန်းသို့ ပြည်တွင်းခရီးသွားများ အပန်းဖြေလေ့လာရေးခရီးလာရောက်မှုများပြား

**လွိုင်ကော် မတ် ၂၈**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်အတွင်း၌ တည်ရှိသော တာတမော့ရေလယ်ကျွန်းသို့ ပြည်တွင်းခရီးသွားများ အပန်းဖြေလေ့လာရေး ခရီးလာရောက်မှု များပြားလာကြောင်း သိရသည်။

အဆိုပါ တာတမော့ရေလယ်ကျွန်းသည် သံလွင်မြစ်အတွင်း၌ သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျွန်းတစ်ကျွန်းဖြစ်ပြီး မျက်နှာပြင်သည် သုံးဧကခန့်အကျယ်အဝန်းရှိသည်။ ကျွန်းမျက်နှာပြင်သည် မြက်ခင်းပြင်ရှိသော အပိုင်းနှင့် ကျောက်တုံး၊ ကျောက်ခဲ၊ သဲသောင်ပြင်ထူထပ်သောအပိုင်းနှစ်ပိုင်းကွဲကာ လှပစွာဖြစ်ပေါ်တည်ရှိနေသည်။ ရေလယ်ကျွန်းသို့ လာရောက်သူများသည် ရေလယ်ကျွန်းပေါ်တွင် ထမင်း၊ ဟင်းချက်ပြုတ်စားသောက်ခြင်း၊ ငါးမျှားခြင်း၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးဖြင့် နှစ်သက်ဖွယ်ရာရှိသည့် ကျောက်တုံး၊ ကျောက်ခဲလေးများ ကောက်ယူခြင်း၊ သံလွင်မြစ်ရေတိမ်ကမ်းစပ်တွင် ရေချိုးခြင်း၊ သဲသောင်ပြင်ပေါ်အိပ်စက်ခြင်း၊ သံလွင်မြစ်အတွင်း စက်လှေစီးကာ သဘာဝရေမြေတောတောင် အလှကို ကြည့်ရှုခြင်းစသည်ဖြင့် အပန်းဖြေအနားယူကြသည်။

တာတမော့ ရေလယ်ကျွန်းသည် ရှားတောမြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိကာ ကတ္တရာလမ်းခင်းထားပြီးဖြစ်၍ သွားလာရေး အဆင်ပြေကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး ညှိနှိုင်း

**မြောင်းမြ မတ် ၂၈**
သင်္ကြန်ကာလရုံးပိတ်ရက်များတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြည်သူအများစုသည် မိဘရပ်ထံပြန်ခြင်း၊ ဘုရားဖူးသွားလာခြင်းနှင့် အခြားဒေသများသို့ လေ့လာရေးခရီးထွက်ခွာသွားလာကြမည်ဖြစ်သည့်အတွက် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် မတ် ၂၆ ရက်က မြောင်းမြမြို့ပေါ်ရှိ မော်တော်ယာဉ်လိုင်းများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"“အခုနှစ် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာသွားလာနိုင်ဖို့အတွက် ယာဉ်စီးခသတ်မှတ်နှုန်းထက် ပိုမိုတောင်းတာတွေ၊ ခရီးစဉ်များကို အချိန်နဲ့ တစ်ပြေးညီမထွက်တာတွေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် လမ်းခရီးမှာ ယာဉ်ချွတ်ယွင်းမှုပေါ်ပေါက်ခဲ့ရင် အချိန်မီယာဉ်ချိန်းပေးမှုမရှိတာတွေအတွက် တိုင်ကြားမှုတွေကို သက်ဆိုင်ရာအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတိုးလွင်က ပြောသည်။

ဆွေးနွေးပွဲသို့ မြောင်းမြ -ရန်ကုန် မော်တော်ယာဉ်လိုင်းရှစ်လိုင်းနှင့် မြောင်းမြ-ပုသိမ်မော်တော်ယာဉ်လိုင်းခြောက်လိုင်းမှ ဂိတ်မှူးများ၊ မော်တော်ယာဉ်ပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ )**

# မြစ်ကြီးနားမြို့တွင် ဆိုင်ကယ်ဘေးတွဲယာဉ်များကို အရေးယူသွားမည်

**မြစ်ကြီးနား မတ် ၂၈**
မြစ်ကြီးနားမြို့ရှိ ဆိုင်ကယ်များတွင် ယာယီပြုလုပ်ထားသည့်ဆိုင်ကယ်ဘေးတွဲနှင့် ဆိုင်ကယ်နောက်တွဲယာဉ်များကို အရေးယူသွားမည်ဖြစ်ကြောင်း အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ယင်းဆိုင်ကယ်ဘေးတွဲယာဉ်များကို ပြုပြင်ပြောင်းလဲတည်ဆောက်ထားခြင်း၊ တရားဝင်လုပ်ပိုင်ခွင့်မရှိခြင်းနှင့် စည်းကမ်းနှင့်မညီညွတ်ခြင်းစသည့် အချက်များကြောင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဖေဖော်ဝါရီလတွင် စတင်ဖမ်းဆီးအရေးယူနေခြင်းဖြစ်ပြီး ဆက်လက်၍ အရေးယူခြင်းမျိုးပြုလုပ်သွားရန်ရှိကြောင်း သိရသည်။



"မော်တော်ယာဉ်နည်းဥပဒေအရ အဲ့ဒီလိုယာဉ်ကို ပြုပြင်ပြောင်းလဲတည်ဆောက်တာက ဥပဒေနဲ့လည်း မညီညွတ်ဘူး၊ ဆိုင်ကယ်ရဲ့ ဘေးတွဲပေါ်မှာ ထိုင်စီးတဲ့သူတွေလည်း အလွန်အန္တရာယ်များလို့ ဖမ်းဆီးရခြင်း ဖြစ်ပါတယ်"ဟု အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်စိုးဦးက ပြောသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် မြစ်ကြီးနားမြို့အတွင်းရှိ ဆိုင်ကယ်ဘေးတွဲယာဉ်သုံးစီးကို ဖမ်းဆီးကာသတ်မှတ်ဒဏ်ကြေးငွေကျပ် ၂၀၀၀ ပေးဆောင်စေပြီး ဆိုင်ကယ်များကို ဘေးတွဲများဖြုတ်၍ ပြန်လည်ပေးအပ်ခြင်းမျိုးပြုလုပ်ကာ အရေးယူခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ပေါ်တွင် အဆိုပါဆိုင်ကယ်ဘေးတွဲနှင့် ဆိုင်ကယ်နောက်တွဲယာဉ်များကို အများအားဖြင့် ယခင်အနေးယာဉ်ဆိုက်ကားမောင်းသူများနှင့် ဈေးရောင်းသည့် ဈေးသည်များမှအများဆုံးအသုံးပြုလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# ယခင်နှစ်ထက်ဈေးကောင်းရ၍ ရာသီမတိုင်မီ ဈေးကွက်အတွင်းမျှစ်ချဉ်ပြတ်လပ်နိုင်

**နေပြည်တော် မတ် ၂၈**
ပျဉ်းမနားမြို့နယ်၏ ဒေသထုတ်ကုန်တစ်ခုဖြစ်သော ပျဉ်းမနားမျှစ်ချဉ်သည် ယခုနှစ်မတ်လတွင် ယခင်နှစ်မတ်လထက် ဈေးပိုမိုရရှိနေရာ မိုးရာသီမျှစ်ပေါ်ချိန်တွင် မျှစ်ချဉ်တစ်ပိဿာငွေကျပ် ၈၀၀ ကျော်ဝန်းကျင်သာရှိပြီး လက်ရှိဈေးကွက်အတွင်း တစ်ပိဿာငွေကျပ် ၂၀၀၀ ခန့်အထိ ရှိနေကာမိုးရာသီမရောက်မီ ကုန်ပစ္စည်းပြတ်လပ်သွားနိုင်ကြောင်း သိရသည်။

"ဒီနှစ်ကမျှစ်ချဉ်ဈေးတော်တော်ကောင်းလာတယ်၊ မနှစ်ကဒီအချိန်ဆိုရင် အမြင့်ဆုံးဈေးကတစ်ပိဿာငွေကျပ်၁၂၀၀ ဝန်းကျင်လောက်ပဲ ရှိတယ်၊ဒီနှစ်တော့ တစ်ပိဿာကိုငွေကျပ် ၂၀၀၀ ဝန်းကျင်ရှိလာတယ်၊ အရင်ကပျဉ်းမနားပွဲစားတွေ အများဆုံးနဲ့ မိတ္ထီလာဘက်က ပွဲစားတွေအဓိကလာဝယ်ကြတယ်၊ ဒီနှစ်မှာက ရန်ကုန်ပွဲစားတွေလည်း ရွာအထိလာဝယ်ကြတယ်၊ မိုးရာသီမရောက်ခင် လက်ကျန်မျှစ်ချဉ်တွေ ကုန်သွားနိုင်တယ်၊ အိမ်မှာက တစ်မိသားစုလုံးဆိုရင် မျှစ်ချဉ်ပိဿာချိန် ၁၀၀၀၀ ကျော် သိပ်ထားတယ်၊ တစ်ရွာလုံးဆိုရင် အများကြီးပေါ့"ဟုဇေယျာသီရိမြို့နယ် တဲကုန်းကျေးရွာမှ မျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းရီက ပြောသည်။

ပျဉ်းမနားမျှစ်ချဉ်သည် နှစ်စဉ်မိုးဦးရာသီမှစ၍ ရှမ်းရိုးမပေါ်ရှိ ပေါက်ရောက်နေသောဝါးပိုးမျှစ်များကို မျှစ်ချိုးသူများထံမှ မျှစ်စိမ်းတစ်ပိဿာငွေကျပ် ၃၅၀မှ ၅၀၀ ဝန်းကျင်ဝယ်ယူရပြီး မျှစ်ချဉ်သိပ်ခြင်းဖြစ်သည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ဓာတ်ပုံ- ဇော်ဘီ**



# ကချင်ပြည်နယ် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ပူတာအို မတ် ၂၈**
ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားကျန်းမာကြံ့ခိုင်ရေး ၊ အားကစားနည်းများကို စိတ်ပါဝင်စားလာပြီး မူးယစ်ဆေးဝါးအားရှောင်ရှားတတ်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသော ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖလား အမျိုးသား၊ အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ပူတာအိုမြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်(ခ)ပီတာက အမှာစကားပြောကြားသည်။ ထို့နောက်ကွင်းဖွင့်ပွဲအနေဖြင့် မချမ်းဘောလူငယ်ဘောလုံးအသင်းနှင့် ဆာရ်ခွမ်ဒမ်းလူငယ်ဘောလုံးအသင်းတို့ကယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ပူတာအို၊ မချမ်းဘောမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ၁၅ သင်း၊ အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ငါးသင်းပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိမ်သုံးဆား၏ ဆေးဖက်ဝင်အကျိုးကျေးဇူးများ

**ကြည်လွင်မြင့်(မှုံအြာ)**

အိမ်သုံးဆားကိုဈေးပေါသည်ဟူ၍ အထင်မသေးနှင့်။အငန်အရသာသည် လူတို့၏ သက်စောင့်ဓာတ်တစ်ပါးဖြစ်သည့်အပြင် သုံးတတ်လျှင် ရောဂါဘယများစွာပျောက်ကင်းစေနိုင်သော ဆေးဖက်ဝင် အာနိသင်များစွာရှိသည်။ဆားကိုအသုံးပြုသည့် အိမ်သုံးဆေးနည်းတို(ဆေးမြီးတို) များစွာရှိသည်။

**အရောင်ကျသက်သာ**

စာရေးသူငယ်စဉ်ကညဘက်လသာသာတွင် သူငယ်ချင်းများနှင့် ပြေးတန်းလိုက်တန်းဆော့သည်။ အခန့်မသင့်၍ ကစားဖော်တစ်ဦး၏ ဦးခေါင်းနှင့် မျက်နှာချင်းဆိုင်တိုက်မိသည်။ သူကအရပ်နိမ့်သဖြင့် သူ၏ဦးခေါင်းနှင့် စာရေးသူ၏ ညာဘက်မျက်လုံးမှာကွက်တိကျအောင် တိုက်မိသည်။ မျက်စိတွင် ပြာပြီးလဲကျသွားသည်။ အိမ်ပြန်ရောက်သောအခါ စာရေးသူ၏ မျက်လုံးအိမ်နှင့် မျက်ခွံပါဖူးရောင်နေသည်။ စာရေးသူ၏အဘွားသည် နံနက်လင်းသည်အထိ မစောင့်ချက်ချင်းပင် မီးဖိုပြီး ရေနွေးအိုးကို ဆူအောင်တည်သည်။ ဆားကိုအဝတ်ပါးဖြင့် ထုပ်ပြီး ကြပ်ထုပ်ပြုလုပ်သည်။ နှစ်ထုပ်ပြုလုပ်ထားသည်။ ရေနွေးအိုးပေါ်တွင်တင်ပြီးအပူငွေ့ခံသည်။ တစ်ထုပ်အေးလျှင် တစ်ထုပ်ထိုးနိုင်အောင် နှစ်ထုပ်ပြုလုပ်ခြင်းဖြစ်သည်။

စာရေးသူ၏ ဖူးရောင်နေသောမျက်ခုံးနှင့် မျက်လုံးပေါ်၌ အိမ်တွင်ရှိသာ နှမ်းဆီကိုကြေးဇွန်းတွင်ထည့် မီးအပူပေးပြီး လိမ်းသည်။ ဆားကြပ်ထုပ်ကိုခံနိုင်ရည်ရှိသမျှ ပူပူနွေးနွေးလေး ကပ်ကာထိုးပေးသည်။ တစ်နေ့လျှင် သုံးကြိမ်ခန့် ဆားကြပ်ထုပ်ထိုးပေးခြင်းဖြင့် အရောင်ကျသက်သာသွားသည်ကိုမှတ်မိနေပါသည်။

**ဆားကြပ်ထုပ်**

ဆားကိုအသုံးပြုသည့် မြန်မာ့ရိုးရာကုထုံးအများအပြားရှိရာ ဆားကြပ်ထုပ်ထိုးခြင်းသည်လည်း ထိခိုက်ဒဏ်ရာများနှင့် အရိုး၊ အကြော၊ အဆစ်များရောင်ခြင်း၊ တင်းခြင်းတို့ကိုပျောက်ကင်းစေနိုင်သည်။ ကြပ်ထုပ်ပြုလုပ်နည်းများစွာရှိသည်။ ချင်း၊ မိဿလင်၊ ကြောင်ပန်းရွက်၊ တမာရွက်၊ လင်းနေ၊ သက်ရင်းကြီး၊ မြေဇာမြက်စသည်ကြပ်ထုပ်ပြုလုပ်နိုင်သည်။ ဆေးဖက်ဝင်အရွက်၊ အမြစ်များစွာရှိသော်လည်း အလွယ်ကူဆုံးနှင့် အခြေခံအကျဆုံးမှာ ဆားကြပ်ထုပ်ဖြစ်သည်။

ဆားကြပ်ထုပ်ပြုလုပ်ရသည်မှာ အလွန်ပင်လွယ်ကူသည်။ အခြားကြပ်ထုပ် လုပ်နည်းများကဲ့သို့ ဆေးဖက်ဝင်အပင်အရွက်များ ရှာနေရန်မလို။ အိမ်တိုင်း၏ မီးဖိုချောင်တွင် ဆားရှိသည်။ ဆားနုဖြစ်စေ၊ ဆားကြမ်းဖြစ်စေအကြမ်းပန်းကန်တစ်လုံးစာခန့်ကိုအဝတ်၊ ပိတ်စသို့မဟုတ် ပုဆိုးဟောင်းဖြင့် အထုပ်ပြုလုပ်ရုံသာဖြစ်သည်။ အထုပ်၏ အရွယ်မှာလက်သီးဆုပ်ခန့်ရှိလျှင် ပို၍ကောင်းသည်။

ဆားကြပ်ထုပ်သည် ထိခိုက်ဒဏ်ကြောင့် ရောင်ခြင်း၊ နာခြင်းအတွက် အလွန်ပင်အစွမ်းထက်ပါ သည်။ နွားကန်ခံရသဖြင့် ခါးနာသောဘကြီးတစ်ဦးမှာသက်ရင်းကြီးရွက်ကိုဆားနှင့်ရောထောင်း ကြပ်ထုပ်ပြုလုပ်ပြီးရေနွေးငွေ့ဖြင့် အပူပေးကာ ကြပ်ထုပ်ထိုးသဖြင့် သက်သာပျောက်ကင်းသည်ကိုလည်း တွေ့ရဖူးပါသည်။ အလွန်ဒဏ်ကြေသော ဆားကြပ်ထုပ်ဖြစ်ပါသည်။ ရေနွေးငွေ့ခံရာတွင် ဆူပွက်အောင်တည်ထားသော ရေနွေးငွေ့ကိုဒန်အိုးအဖုံးတွင် အပေါက်ငယ်လေးများဖောက်၍ အငွေ့ထွက်အောင်ပြုလုပ်လျှင် ပိုကောင်းသည်။ အချို့ထမင်းပေါင်းအိုးများတွင် ရေနွေးငွေ့ဖြင့် ထမင်းကို ပြန်နွေးရန်အတွက် ဆန်ခါပါသည်။ ဆားကြပ်ထုပ်ထိုးရာတွင် မလောင်စေရန် အပူငွေ့ကိုချိန်ဆပြီးတိုးပေးသင့်သည်။ အလွန်ပူလွန်းလျှင် အသားကို လောင်နိုင်သည်ကိုသတိပြုရမည်။

**ဆားဖြင့် ထူးခြားသောရောဂါပျောက်ကင်းမှုများ**

စာရေးသူ၏ မိတ်ဆွေ အသက် ၅၀ ကျော် အရာရှိကြီးတစ်ဦးသည် အသက်အရွယ်နှင့် မလိုက်အောင် ထိပ်ပြောင်ပြီး ခေါင်းချွေးလည်း အထွက်များသည်။ အထူးသဖြင့် ပူအိုက်သောရာသီတွင် ခေါင်းချွေးများစီးကျပြီး လက်ကိုင်ပဝါတစ်ထည်ဖြင့် အမြဲသုတ်နေရသည်။ အဲယားကွန်းဖွင့်ထားသော အခန်းတွင်နေရသည်သာ အဆင်ပြေသည်။ အေးလွန်း၍ ခေါင်းချွေးခြောက်သွားလျှင်လည်း နှာစေးသောရောဂါကို ခံစားရလေ့ရှိသည်။

**ခေါင်းချွေးထွက်ခြင်းသက်သာလာ**

ထိုခေါင်းချွေးထွက်သောမိတ်ဆွေနှင့် တလောကတွေ့သောအခါ သူ၏ခေါင်းချွေးထွက်ရောဂါနှင့် နှာစေးရောဂါ သက်သာပျောက်ကင်းနေသည်ကိုတွေ့ရှိရသည်။ သူ၏ ပြောပြချက်အရ မြန်မာဆရာကြီးတစ်ဦး၏ လမ်းညွှန်မှုဖြင့် ညစဉ်အိပ်ရာမဝင်မီ ခြေဖဝါးကိုဆားပွတ်ပြီး အတော်အသင့်ပူလာသောအခါ ဒူးအထက်ပေါင်လယ်ခန့်မှ အောက်သို့ ရေလောင်းခြေဆေးပြီးမှ အိပ်ရာဝင်သည်။ ရေကိုလည်းရေအေးအသုံးပြုပြီး ဖလားဖြင့် ၁၀ ခွက်ခန့် လောင်းဆေးသည်။ ထိုသို့ဆေးပြီး တစ်ပတ်ခန့်ကြာသည့်အချိန်မှစ၍ ခေါင်းချွေးထွက်ခြင်း သက်သာလာသည်ဟုဆိုသည်။



**မျက်စိအမြင်ကြည်လင်**

ထိုသူတွင် ဆားပွတ်ရေလောင်းခါစက နံနက်အိပ်ရာထလျှင် မျက်ဝတ်များထွက်ပြီး မျက်စိကြည့်မကောင်းသလိုဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် မျက်ဝတ်မထွက်တော့ဘဲ မျက်စိအမြင်ကြည်လင်ပြီး ပို၍ပင်ကြည့်ကောင်းလာသည်။ တစ်လခန့်ကြာသောအခါ ခေါင်းချွေးထွက်ခြင်း လုံးဝမရှိတော့ဘဲခေါင်းချွေးဖြင့် အအေးပပ်၍ နှာစေးသောရောဂါပါ ပျောက်ကင်းသွားသည်ဟု ကိုယ်တွေ့ဖြစ်ရပ်ကိုပြောပြပါသည်။

ခြေဖဝါးဆားပွတ်ခြင်းနည်းဖြင့် အပူအပုပ်ခိုးများအောက်သို့ဆွဲချသောနည်းရှိသကဲ့သို့ ဆားနင်းခြင်းဖြင့်လည်း မျက်စိနှင့်ဦးနှောက်အတွင်းသို့ တက်သောအပူအပုပ်အခိုးများကို ဆွဲယူသောနည်းလည်း ရှိသည်။ ဆားနင်းခြင်းသည်လည်းရေရှည်လုပ်လျှင်ထိရောက်သောကျန်းမာရေးနည်းလမ်းကောင်းဖြစ်သည်။

ပင်လယ်ပြင်မှရေကို လယ်ကွက်ကဲ့သို့ ပြန့်ပြူးသောမြေပြင်သို့ သွင်းယူပြီးနောက် နေလှန်းသောအခါ အပူရှိန်ပြင်းသဖြင့် ရေများအငွေ့ပျံသွားသည်။ ဆားတို့သည် ကျန်နေခဲ့သည်။ ထိုသဘာဝနေလှန်းဆားမှာ အဖြူရောင်မဟုတ်၊ ညိုညစ်ညစ်အရောင် ဖြစ်သည်။ သဘာဝဆားကို ချွတ်ဆေးသုံးပြီး ချွတ်လိုက်သောအခါမှသာ ဖြူဖွေးသောဆားကိုရရှိသည်။ တကယ်တမ်းဆေးဖက်အဖြစ် အသုံးပြုမည်ဆိုလျှင် ချွတ်ဆေးမသုံးသော သဘာဝဆားမှာ ပို၍ဆေးဖက်ဝင်မည်ဖြစ်သည်။

ဆားသည် အပုပ်အစပ်မှန်သမျှ စုဝေးသောချောင်းမြောင်းတို့မှ လာသော်လည်းအပုပ်အစပ်တို့ကို ပြန်လည်ထိန်းချုပ်ရာတွင် အရေးပါသောပစ္စည်းဖြစ်သည်။ ငါး၊ ပုစွန်စသည်များ ပုပ်သိုးပြီးအနံ့ဆိုးမထွက်စေရန်၊ အကောင်မပျက်စေရန် စီမံရာတွင် ဆားကိုအသုံးပြုသည်။ ဆားသည်အပုပ်အခိုးမှန်သမျှ စုပ်ယူရုံသာမကပျောက်ကွယ်သွားအောင် ချေဖျက်ပစ်နိုင်စွမ်းရှိသည်။

**ပါးစပ်နံ့ခြင်းပျောက်ကင်း**

ရှေးကလူကြီးများသည် ဆားနှင့်သွားတိုက်ကြသည်။ ဆားကပါးစပ်အတွင်းမှ အပုပ်အစပ်များကိုစုပ်ယူသွားသဖြင့် ပါးစပ်နံ့ခြင်းကိုပျောက်ကင်းစေသည်။ ဆားရည်နှင့် ပလုတ်ကျင်းရုံဖြင့် သွားနာ၊ သွားဖုံးနာ၊ လည်ချောင်းနာ၊ အာခေါင်နာများ ပျောက်ကင်းစေနိုင်သည်ဟု ဆိုသည်။

ဆားရည်ကို ပလုတ်ကျင်းရုံသာမက မျက်စဉ်းလည်းခတ်နိုင်သည်။ ဓာတုဗေဒဆေးရည်ဖြင့် ပြုလုပ်သောမျက်စဉ်းအမျိုးမျိုးရှိသော်လည်း ဆားရည်သည် မျက်စိနာနှင့်သင့်သည်။ မတည့်၍ ဘေးဒုက္ခပေးခြင်းမရှိပေ။ အဖျားနှင့် ညောင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းတို့ကို ဆားရည်မျက်စဉ်းခတ်ပေးလျှင် သက်သာသည်ဟုရှေးလူကြီးများက ယူဆကြသည်။

**ကြွက်သားများကိုလည်း အားကောင်းစေ**

ဆားသည်ကြွက်သားများကိုလည်း အားကောင်းစေသည်။ ချွေးထွက်များလျှင် အားကစားသမားများ ကြွက်တက် တတ်သည်။ ချွေးနှင့်အတူဆားဓာတ်ပါသွားသဖြင့် ကြွက်တက်ရခြင်းဖြစ်သည်။ ကြွက်တက်သည်ကိုဆားရည်ဖျော်ပြီး ချက်ချင်းတိုက်ပေးခြင်းဖြင့် ကြွက်တက်ခြင်းကို ပြေလျော့စေနိုင်သည်။ ဝမ်းသွားဖန်များလျှင်လည်း ရေဓာတ်သာမကဆားဓာတ် ပိုဆုံးရှုံးသွားသဖြင့် ကြွက်တက်တတ်သည်။ ထို့ကြောင့် ဝမ်းသွားသူများကိုအချိုရည်နှင့် ရော၍ဓာတ်ဆားရည်ကိုပါ သွင်းပေးရသည့် ကုထုံးရှိသည်။

**ဆေးကျမ်းများ၏ အဆိုအမိန့်များ**

ဗင်္ဂလားဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသည့် ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းကြီးတွင်ဆား (လဝဏ) ငန်သောရသသည် ဝမ်းမီးကို ပြုတတ်၏။ ကိုယ်၏ထိုင်းမှိုင်းခြင်း၊ ကြမ်းတမ်းခြင်းကိုပယ်ဖျောက်တတ်၏။ ချွေးကိုထွက်စေတတ်၏။ နူတ်ကို မြိန်စေတတ်၏။ ဓာတ်သွားခြင်းကို ပြုတတ်၏။ သွေးလေကို ဖြစ်စေတတ်၏။ လွန်စွာသုံးဆောင်လျှင် ဆံကျွတ်ခြင်းကိုလည်းကောင်း၊ ဆံဖြူခြင်းကိုလည်းကောင်း၊ အရေတွန့်ခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။

အာယုဗေဒကျမ်းရင်း စရက ကျမ်း၌ ငန်သောအရသာသည် အစာကိုကြေစေတတ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ ဝမ်းကို သက်စေတတ်၏။ လေကိုပယ်တတ်၏။ လျှာရည်ယိုစေတတ်၏။ ကျင်ကြီး၊ ကျင်ငယ်လမ်းတို့ကို သုတ်သင်ရှင်းလင်းတတ်၏။ ထိုငန်သောရသကိုလွန်စွာစားမှုသည်းခြေပျက်စေတတ်၏။ သွေးကိုပွားစေတတ်၏။ ရေငတ်စေတတ်၏။ မူးဝေစေတတ်၏ (သွေးတိုးရောဂါ လက္ခဏာနှင့် တူသည်) ဟုဖော်ပြထားသည်။

ဆေးအဘိဓာန်အဖွင့်ကျမ်းတွင် ပကတိဆား၏ ဂုဏ်သည် ကားလေကြောင့်ဝမ်းလားသော်လည်းကောင်း၊ လေကြောင့်ဝမ်းချုပ်သော်လည်းကောင်း၊ ဝမ်းပြည့်သော်လည်းကောင်း၊ သလိပ်ခြောက်သွေ့သော်လည်းကောင်း၊ မအိပ်သော်လည်းကောင်း၊ ချွေးမထွက်သော်လည်းကောင်း၊ ခံတွင်းမချမ်းသာသော်လည်းကောင်း ဤသို့အားဖြင့် ခပ်သိမ်းသောအနာတို့၌သင့်လျော်၏ ဟုဆို၏။

ဒဗ္ဗဂုဏဆေးကျမ်းတွင် ဆားသည် (သမုဒ္ဒရာမှ ဖြစ်သောဆားကိုဆိုလိုသည်) အစာကြေခြင်းကို ပြုတတ်၏။ သွေး၊ လေ၊ သလိပ်တို့ကိုကြေစေတတ်၏။ အသံသာခြင်းကို ဖြစ်စေ တတ်၏ ဟုဖော်ပြထားသည်။

သမားတော်ဆရာကြီးဦးဘသင်၏ ရှုတော်မူဆေး အဘိဓာန်တွင်ဆား(လဝဏ)သည် အစာမကြေသောအနာ၊ ရင်လေးသောအနာ၊ သွေးပူသောအနာ၊ သလိပ်ခြောက်ကပ်သောအနာ၊ ကုတ်ဟီးချောင်းဆိုးနာ၊ လေအားကြီးသောအနာတို့ကို နိုင်၏။

**အိမ်သုံးဆားဖြင့် ရောဂါပျောက်ကင်းနိုင်သော ဆေးနည်းတိုများ-**

၁။ ကလေးများဥတုအကူးတွင် ချွဲပူထပြီးချောင်းဆိုးရင်ကြပ်ရောဂါဖြစ်လျှင် အိမ်သုံးဆားကို ကွမ်းရွက်တွင်ကန်တော့ ထိုး၍ အထုပ်ငယ်လေးများပြုလုပ်ကာ သံပြားပေါ်တွင်တင်၍ မီးအပူပေးပြာချပါ။ ထိုကွမ်းရွက်+ ဆားပြာကိုသံပရာရည်ဖြင့် ဖျော်၍ တိုက်ပေး၊ လျက်ပေးလျှင် ချောင်းဆိုးရင်ကျပ်ရောဂါ ပျောက်ကင်းစေနိုင်သည်။

၂။ လူကြီးများရေချိုးမှားအပူငုပ်၍ ချောင်းဆိုးလျှင် အိမ်သုံးဆားဟင်းစားဇွန်းတစ်ဇွန်းကိုဒယ်အိုးဖြင့် နီအောင်လှော်ပူနေတုန်းသံပရာသီးတစ်လုံး အရည်ညှစ်ချဖျော်ပြီး လျက်ပေးပါ။ အပူငုပ်အသံဝင် ချောင်းဆိုးပျောက်ကင်းနိုင်သည်။

၃။ ဥတုအကူးအပြောင်းတွင် လေတိုက်အခိုးငုပ်၍ ခန္ဓာကိုယ်အရေပြားတွင် မိတ်ကဲ့သို့ ယားဖုများထွက်လျှင် သနပ်ခါးအမြစ်ကို ဆားဖြင့်ရောသွေးလိမ်းခြင်းဖြင့် သက်သာစေနိုင်သည်။

၄။ မိတ်အိုင်းကဲ့သို့ ယားဖုကြီးများထွက်လျှင် ခရေပွင့်ခြောက်ကို ဆားအနည်းငယ်ဖြင့် သနပ်ခါးကျောက်ပျဉ်တွင် ရောသွေးလိမ်းလျှင် ပျောက်ကင်းနိုင်သည်။

၅။ သာမန်မျက်စိနာမျက်စိနီရဲသူများဆားရည်ဖျော်၍ အရည်ကြည်ကိုမျက်စဉ်းခတ်ပေးလျှင် မျက်စိနာခြင်း၊ နီရဲခြင်း၊ မျက်သားယားခြင်းပျောက်ကင်းနိုင်သည်။

၆။ ရုတ်တရက် ရေနွေးငွေ့ဟပ်မိလျှင် ဆီပူလောင်လျှင် ဆားလက်တစ်ဆုပ်ခန့်ကိုရေအေးတစ်ဖလားတွင်ဖျော်ပြီး စိမ်ပေးလျှင် အပူလောင်ဖုမထွက်ဘဲပျောက်ကင်းနိုင်သည်။

၇။ ဓာတ်ဆီ၊ ရေနံဆီ၊ ဓာတုပစ္စည်းတစ်မျိုးမျိုးပါးစပ်ထဲဝင်လျှင် ဆားရည်ဖျော်၍ မတ်ခွက်တစ်လုံးခန့်သောက်ပြီး အာခေါင်သို့ လက်ထိုးအန်ပစ်လျှင် အဆိပ်သင့်ခြင်းမှ သက်သာစေနိုင်သည်။

၈။ ခြေဖဝါးအသားမာနှင့် ဂျတ်တတ်သောယားနာများကို ရေမချိုးမီမန်ကျည်းမှည့်နှင့် ဆားရော၍ ပွတ်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

၉။ ပုရွက်ဆိတ်ကိုက်ခြင်း၊ ကြမ်းပိုးကိုက်ခြင်းကြောင့် အရေပြားတွင် အပိမ့်များထလျှင် ဆားနှင့် နနွင်းမှုန့်ကိုရော၍ ရေဖျော်လိမ်းပေးလျှင် သက်သာစေသည်။

၁၀။ လေထိုးလေအောင့်ဖြစ်လျှင် ဆားကိုလှော်ပြီးရှောက်သီးအရည်ဖြင့် အကြမ်းပန်းကန်တစ်လုံးစာ တိုက်ပေးခြင်းဖြင့် ထိုးအောင့်ခြင်းမှ သက်သာစေနိုင်သည်။

> "ခြေဖဝါးဆားပွတ်ခြင်းနည်းဖြင့် အပူအပုပ်ခိုးများ အောက်သို့ဆွဲချသောနည်းရှိသကဲ့သို့ ဆားနင်းခြင်းဖြင့်လည်း မျက်စိနှင့် ဦးနှောက်အတွင်းသို့ တက်သောအပူအပုပ်အခိုးများကို ဆွဲယူသောနည်းလည်း ရှိသည်။ ဆားနင်းခြင်းသည်လည်း ရေရှည်လုပ်လျှင် ထိရောက်သော ကျန်းမာရေးနည်းလမ်းကောင်းဖြစ်"

---

**လောကချမ်းသာစေတီတော်မြတ်ကြီး ဆွမ်းတော်ကြီးတင် ပူဇော်ပွဲကျင်းပ**

တောင်ငူ မတ် ၂၈

တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ ပရဝဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာစေတီတော်မြတ်ကြီးပဋ္ဌမအကြိမ်မြောက် ဆွမ်းတော်ကြီးတင်ပူဇော်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပရာ တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၂၀ တို့မှ ပင့်သံဃာအပါး ၁၀၀ တို့အား အရဏ်ဆွမ်းလောင်းခြင်း၊ စာရေးတံမဲလောင်းလှူခြင်းများ ပြုလုပ် ကုသိုလ်ယူကြသည်။ ဆွမ်းတော်ကြီးလောင်းလှူပူဇော်ပွဲသို့ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘိုးဘွားရိပ်သာအကျိုးဆောင်အဖွဲ့ဝင်များနှင့် အဘိုး အဘွားများ တက်ရောက်ကုသိုလ်ပြုကြကြောင်း သိရသည်။

၀၄၈

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအသုံးအဆောင်ပစ္စည်းများ (၃၀)မျိုး

၂။ တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော် ဖြစ်ပါသည်။

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် ၂၅-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို အထက်အပိုဒ်(၂)ပါ လိပ်စာတွင် ၂၈-၃-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ TK-C မှ စီကျီအိုများအား သံကန်အပြောင်းရှင်းစနစ်ဖြင့်လည်းကောင်း၊ အမှတ် (၂) ရေနံချက်စက်ရုံ(ချောက်)ရှိ ဆီပြာ(Blue Oil)အား သံကန်အပြောင်းရှင်းစနစ်ဖြင့်လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)ရှိ (ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စီကျီအို)တို့အားလည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)**
(၁) စီကျီအို - ၁၅၄၄၀၆၇ ဂါလန်
(ဂါလန်တစ်သန်းငါးသိန်းလေးသောင်းလေးထောင်ခြောက်ဆယ့်ခုနစ်တိတိ)

(ခ) **အမှတ် (၂) ရေနံချက်စက်ရုံ(ချောက်)**
(၁)ဆီပြာ (Blue-Oil) - (၉၅၀၀၀)ဂါလန်
(ဂါလန်ကိုးသောင်းငါးထောင်တိတိ)

(ဂ) **ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)**
(၁) ဓာတ်ဆီ - (၁၀၀၀၀၀၀) ဂါလန် (ဂါလန် တစ်သန်း တိတိ)
(၂) ဒီဇယ်ဆီ - (၁၀၀၀၀၀၀) ဂါလန် (ဂါလန်တစ်သန်းတိတိ)
(၃) စီကျီအို - (၁၀၀၀၀၀၀) ဂါလန် (ဂါလန် တစ်သန်းတိတိ)

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၅-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် (၄၄)၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၅-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၄း၀၀ နာရီ

၄။ သတ်မှတ်ထားသည့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၂၆-၃-၂၀၁၈ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## သမဝါယမတက္ကသိုလ်ဘွဲ့ရများ အလိုရှိသည်

ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)၏ စစ်တွေနှင့် ရန်ကုန်လုပ်ငန်းခွဲများတွင် တာဝန်ထမ်းဆောင်ရန် သမဝါယမတက္ကသိုလ်ဘွဲ့ရ(၅)ဦး(အိမ်ထောင်မရှိသူများ) အလိုရှိသည်။

ဘွဲ့လက်မှတ်၊ စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်တို့နှင့်အတူ

(၁) အမှတ် ၇၅၊ လမ်း ၃၀(မြေညီထပ်) ရန်ကုန်။
ဖုန်း-၀၁-၂၄၆၄၄၅၊ ၀၁-၃၇၇၁၇၄

(၂) အမှတ် ၂၆၊ ငပိန်လမ်း၊ ရှုပမြောက်ရပ်၊ စစ်တွေမြို့။
ဖုန်း-၀၄၃-၂၄၂၉၂၊ ၀၉-၄၂၁၇၃၄၇၃၀

တို့သို့ ၁၂-၄-၂၀၁၈ ရက် နောက်ဆုံးထားလျက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ **ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ် (လီမိတက်)**

## Invitation for Bids (IFB)

**Loan/Credit No. :** EDCF-MYA-7

1. The Government of the Republic of the Union of Myanmar has received Loan from the Export-Import Bank of Korea from the resources of the Economic Development Cooperation Fund (EDCF) of the Republic of Korea for the Design, Supply and Installation for 500kV Taungoo-Kamanat Transmission Line.

2. The Project Executing Agency now invites sealed bids from eligible bidders for **Design, Supply and Installation for 500kV Taungoo-Kamanat Transmission Line on turnkey basis.** The eligible bidders shall be Korea Company by the EDCF Guide Lines.

3. Interested eligible bidders may obtain further information from the tender Office or the Website (http://www.moee.gov. mm) in the head office of below address and inspect the bidding documents during office hour exclusive of public holidays.

4. A complete set of bidding documents may be purchased by any interested Bidder on the submission of a written application to the address below and upon payment of non- refundable fee of **US$ 1,000.**

5.Bids must be delivered to the address below between **13:00 to 14:00 (Local Time) on 18th May, 2018.**

All bids must be accompanied by a bid security of not less than one million one hundred thousand US Dollars (USD 1,100,000). Bids will be opened in the presence of the Bidder's representatives, who choose to attend at the address below after 14:00 ( Local Time ) on 18th May, 2018. Address: Meeting Room, Material Planning Department, Department of Power Transmission and System Control, Building No.27, MOEE, Nay Pyi Taw.

**Tender Committee**
**Department of Power Transmission and System Control**
**Ministry of Electricity and Energy, office No.27,**
**Nay Pyi Taw, Myanmar**
**Telephone : 067- 3410282, 3410209**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ မောင်းတုန်းကျေးရွာ၊ အလက အမှတ် ၁၀၀ မှ ဒုတိယတန်းဖြေဆိုထားသော မအေးသီသီသိမ့်၏ အမည်မှန်မှာ မအေးသီရိသိမ့်ဖြစ်ပြီး၊ အဋ္ဌမတန်းမှ မောင်ချစ်ရင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၁-၂၀၀၄ ဖြစ်ပါကြောင်းနှင့် မောင်ချစ်ရင်ဦးနှင့် မအေးသီရိသိမ့်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း ၈/ဆပဝ(နိုင်)၀၆၈၇၇၂ ဖြစ်ပါကြောင်း။

**ဦးမောင်ဆန်း၊ မအေးသီရိသိမ့်**

## ပျောက်ဆုံးကြောင်း အသိပေးကြေညာချက်

TOYOTA (VITZ) 2009 Model သွင်းကုန်ပါမစ်အမှတ် (ISP IDVY8 14-15 12289 14/11/14) နှင့် သွင်းကုန်ကြေညာလွှာအမှတ် (803062 YGN) မူရင်းပျောက်ဆုံးသွားပါကြောင်း အသိပေးအပ်ပါသည်။ တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**မောင်ထွန်းထွန်းဝင်း ၁၄/ဓနဖ(နိုင်)၁၁၁၄၆**
**ဖုန်း-၀၉-၄၃၁၇၄၄၄၁**

## မြန်မာရေးရာအမှတ်-၇ ဖြန့်ချိခြင်း




မြန်မာရေးရာလေ့လာရေးအဖွဲ့ (Center for Myanmar Affairs Studies) က ထုတ်ဝေသော မြန်မာရေးရာအမှတ်-၇ (၂၀၁၈၊ ဧပြီ) ထွက်ရှိလာသည်။

အမှတ်-၇ စာစောင်တွင် "ဖက်ဒရယ်နှင့် စဉ်းစားဆင်ခြင်ရန်များ" အထူးကဏ္ဍပါဝင်သည်။ အထူးကဏ္ဍတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း၊ ဗဒ်ုမင်းနှင့် ဖက်ဒရယ်လစ်ဇင်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ မဟာဗျူဟာများ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၏ နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက်များကို ဆန်းစစ်ခြင်း၊ ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်စနစ်ကို လေ့လာခြင်း၊ အမေရိကန်ဖက်ဒရယ်မိတ်ဆက်၊ ဘဏ္ဍာရေးဖက်ဒရယ်၊ ဘဏ္ဍာရေးဖက်ဒရယ်ပြဿနာနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးများတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်သစ်ဖွဲ့စည်းခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုမူ စသည့် ဆောင်းပါးများပါရှိသည်။

ဗိုလ်မှူးဘရှင်၊ မောင်မောင်လှမြင့်၊ ဒေါက်တာအောင်ကြီး၊ ဒေါက်တာမြင့်ဆန်း၊ နီမော်၊ နိုင်ထိုက်၊ ဒေါက်တာကျော်ဝင်း၊ အေးမောင်ကျော်၊ ကျော်လင်းဦး၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ခင်ဇော်ဦး၊ မင်းတင်၊ ဇေယျာသူ၊ ဒေါက်တာစိုင်းခိုင်မျိုးထွန်း၊ Z. ဖေဝင်း၊ ဝင့်ထန်း၊ ရဲမြင့်ကျော်၊ မော်လင်း၊ ဇော်အောင်၊ H.E.Mr.Hong Liang (သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ)တို့၏ ဆောင်းပါးများနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အင်တာဗျူးတို့ပါဝင်သည်။

မြန်မာရေးရာကို မြန်မာရေးရာလေ့လာရေးအဖွဲ့က သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် မြန်မာရေးရာအမှတ်-၇ ကို ဓူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁လမ်း (အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှတစ်ဦးချင်းမှာယူလိုသူများအတွက် ဓူဝံစာပေတိုက်က စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအတွက် နေ့ချင်းအရောက် ပေးပို့သွားမည်ဖြစ်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၃၈၇၅၆၈**
**ဓူဝံစာပေ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂**
**Email;duwunsarpay31apperst@gmail.com**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန
## SEAMEO CHAT

အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် CHAT Communication in English Language Course, Basic Level I(2/2018) သင်တန်းကို အောက်ပါအစီအစဉ်ဖြင့် လက်ခံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**သင်တန်းအမည်** - CHAT Communication in English Language Course, Basic Level I (2/2018)

**သင်တန်းဖွင့်လှစ်မည့်နေရာ** - ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန ပြည်လမ်း၊ ရန်ကုန်မြို့။

**သင်တန်းဝင်ခွင့်အရည်အချင်း** - သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီး CHAT Communication in English Course ဝင်ခွင့်စာမေးပွဲတွင် သင်တန်းက လက်ခံနိုင်သောလူဦးရေနှင့်အညီ သတ်မှတ်ထားသော အောင်လက်မှတ်ရရှိသူများ ဖြစ်ရမည်။

**သင်တန်းလက်ခံမည့်ပုံစံ** - ၂-၄-၂၀၁၈ ရက် နံနက် ၉း၀၀ နာရီတွင် SEAMEO CHAT facebook မှတစ်ဆင့် သင်တန်းဝင်ခွင့်ပုံစံကို download ရယူပြီး ပုံစံတွင်ဖော်ပြထားသော email address ကို ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။
(ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့် အချိန်၊ နေ့ရက်၊ နေရာတို့ကို SEAMEO CHAT facebook တွင်လည်းကောင်း၊ SEAMEO CHAT ဌာနတွင်လည်းကောင်း ဖော်ပြထားမည်ဖြစ်ပါသည်။)

**စီမံကြီးကြပ်အဖွဲ့**
**CHAT Communication in English Language Course**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၁/၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာသစ်လုံး/သစ်ခွဲသားများ တန်(၅၃၉၉)ခန့်**ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**(အထူး)အိတ်ဖွင့်တင်ဒါ** - (၂၄/၂၅-၄-၂၀၁၈)ရက် နံနက် ၀၈း၀၀နာရီမှစတင်မည်
ရန်ကုန်တိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)/ဧရာဝတီတိုင်းဒေသကြီး/ မွန်ပြည်နယ်/ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၆၂၅၃၊ ၀၁-၃၇၀၂၁၃၊ ၀၁-၃၇၁၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်
## မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း
## (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို ၂၀၁၈ ခုနှစ် ဧပြီ ၈ ရက် နံနက် ၉း၀၀ နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (သီရိအဏ္ဏဝါခန်းမ)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ဖိတ်ကြားစာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဟ/၉၀၀၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(မုံရွာ)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီသွယ် (ကျောက်တန်း)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**အသက်(၈၇)နှစ်**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်ရီရီသွယ်သည် ၂၆-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)ဝန်ထမ်းများ**
**နေပြည်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်စော
**အသက်(၇၄)နှစ်**

သူငယ်ချင်း အောင်မျိုး၏မိခင် ဒေါ်ကျင်စော အသက်(၇၄)နှစ်သည် ၂၈-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နော်ဖရီးဒါ(ခ)ဒေါ်လူးလူ
**သူနာပြုဆရာမကြီး(ငြိမ်း)**
**မျက်စိဆေးရုံကြီး၊ အမျိုးသားမျက်စိဘဏ်(ရန်ကုန်)**
**အသက်(၇၂)နှစ်**

ဟင်္သာတမြို့နေ(ဦးစောမောင်ကျော်-ဒေါ်နော်သတော)တို့၏သမီး၊ (ဦးစိမ်းမောင်-ဒေါ်ခင်မူ)တို့၏သမီးချွေးမ၊ ဦးဘော်လွင်(တပ်မတော်-လေ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊စောမိုးဇော်လွင်(ခေတ္တ-ဩစတြေးလျ)၏မိခင်သည် ၂၈-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ဒေါ်လှပန်းလမ်း၊ သမိုင်းကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမျိုးညွန့်ဦး
**ရဲမှူး(ငြိမ်း)၊ သူရ-၁၀**
**အသက်(၆၆)နှစ်**

နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ စစ်တောင်း ၁၅လမ်း၊ အမှတ် ၂၁၇၅၄နေ ဒေါ်ဝင်းဝင်းငွေး၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသက်ဦး(ခမရ-၄၁၆)-ဒေါ်မော်မော်ဦး၊ ဒုရဲအုပ်မင်းသက်ခိုင်(ငြိမ်း)၊ မောင်မျိုးမင်းဦး(လ·ဝ·က)-ဒေါ်ချစ်သဲညှာ(စာရင်းကိုင်-၃၊ လျှပ်စစ်)၊ မောင်ထွန်းလင်းအောင်(မထသ၊အဝေးပြေး)-မကေခိုင်မျိုး(အလပြ၊ရွာတော်)၊ ဗိုလ်ကြီးအောင်မျိုးငွေး(ကပစ-၁၈)၊ မမျိုးသဉ္ဇာ(ဒုလက်ထောက်ကွန်ပျူတာ၊ ရှေ့နေချုပ်ရုံး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၇-၃-၂၀၁၈ရက် ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးညွန့်ဦး
**ရဲမှူး(ငြိမ်း)၊ သူရ-၁၀**
**အသက်(၆၆)နှစ်**

နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ စစ်တောင်း(၁၅)လမ်း၊ အမှတ် ၂၁၇၅၄နေ ဒေါ်ဝင်းဝင်းငွေး၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသက်ဦး(ခမရ-၄၁၆)-ဒေါ်မော်မော်ဦး၊ ဒုရဲအုပ်မင်းသက်ခိုင်(ငြိမ်း)၊ မောင်မျိုးမင်းဦး(လဝက)-ဒေါ်ချစ်သဲညှာ(စာရင်းကိုင်-၃၊ လျှပ်စစ်)၊ မောင်ထွန်းလင်းအောင်(မထသ၊ အဝေးပြေး)-မကေခိုင်မျိုး(အလပြ၊ ရွာတော်)၊ ဗိုလ်ကြီးအောင်မျိုးငွေး(ကပစ-၁၈)၊ မမျိုးသဉ္ဇာ(ဒု-လက်ထောက်ကွန်ပျူတာ၊ ရှေ့နေချုပ်ရုံး)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၇-၃-၂၀၁၈ရက် ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**မထသ(အဝေးပြေး)၊ နေပြည်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာခင်စန်းမော်
**ကထိက၊ ဥပဒေပညာဌာန**
**မော်လမြိုင်တက္ကသိုလ်**
**အသက်(၄၃)နှစ်**

ဒေါက်တာခင်စန်းမော်သည် ၂၇-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ(ဌာနမှူး)နှင့်ဆရာမများ**
**ဥပဒေပညာဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာခင်စန်းမော်
**ကထိက၊ ဥပဒေပညာဌာန**
**မော်လမြိုင်တက္ကသိုလ်**
**အသက်(၄၃)နှစ်**

ဒေါက်တာခင်စန်းမော်သည် ၂၇-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Online LLB and PGDL**
**ကျောင်းသား ကျောင်းသူများ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်(ခ)ဒေါ်ငွေလန် အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း(၆)၊ အခန်း ၆နေ (ဦးစောရှိန်-ဒေါ်မမကြီး)၊ (ဦးဘစု-ဒေါ်အုန်းတင်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ကြီး)၏ဇနီး၊ (ဦးအောင်ချွန်-ဒေါ်ညွန့်ညွန့်)၊ ဦးသန်းလွင်၊ ဒေါက်တာလှမြင့်၊ ဒေါ်ကြည်ကြည်၊ ဒေါက်တာသန်းဦး-ဒေါ်အရပ်(ဟောင်ကောင်)၊ ဦးလှရှိန်-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်နောင်တို့၏အစ်မ၊ [ဒေါ်ခင်ထားဦး(ပတခ)]၊ (ဦးတင်ထွဋ်)-ဒေါ်ခင်ဝင်းကြည်၊ ဦးတင်ထူး-ဒေါ်ချိုချိုဝင်း၊ ဦးအောင်သန်းနိုင်-ဒေါ်နု၊ ဦးအောင်သန်းထွန်း-ဒေါ်သီသီအောင်၊ (ဒေါ်ခင်ခင်အေး)တို့၏မိခင်၊ ဦးသူရထွန်း(မြို့နယ်ကော်မတီဝင်၊ ပြည်ခိုင်ဖြိုး)၊ ဦးရဲဝင်းပိုင်-မစန်းမာလာထွန်း၊ ဦးကျော်စိုး-မချိုကလျာထူး(ခ)ကလျာ(Super Man Smart)၊ ကိုအောင်ရဲဟိန်း၊ မမိုးအိအိစိုး(ခ)အိတုံ၊ နိုနိုအောင်သန်းထွန်း၊ ပိုပိုအောင်သန်းထွန်း၊ မောင်မျိုးသီဟ၊ မြစ်ခုနစ်ယောက်၊ တီ တစ်ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ရက်(အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းသိန်းငွေး (ငါးသိုင်းချောင်း)
**အသက်(၈၃)နှစ်**

ငါးသိုင်းချောင်းမြို့နေ(ဦးမောင်ဟန်-ဒေါ်စောရင်)တို့၏သမီး၊ သထုံမြို့နေ(ဦးလှအောင်-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၁လမ်း၊ အမှတ် ၁၀၉၅(ခ)နေ (ဦးအောင်တင်)၏ဇနီး၊ (ဦးသိန်းကျော်-ဒေါ်ခင်တင့်)၊ (ဒေါ်ကျင်ဆင့်)၊ (ဦးထွန်းလှအောင်)တို့၏ညီမ၊ ဦးတိုးလှိုင်(ရေနံဓာတု၊ ငြိမ်း)-ဒေါ်နိုင်နိုင်အောင်(ရေနံသယ်ဖြန့်)၊ ဦးစိုးသိန်း(စိန်ဂေဟာ)-ဒေါ်ခိုင်ခိုင်အောင်၊ ဦးဘုန်းလွင်-ဒေါ်မြတ်မြတ်အောင်၊ ကိုမိုးညွန့်အောင်(Treasure Ivory Construction Co.,Ltd.)-ဒေါ်ချောစုဝင်း၊ ဦးမိုးမြင့်အောင်(2nd Mate FG)-ဒေါ်မျိုးမြတ်မြတ်ရှိန်၊ ဦးအောင်သူမိုး(Treasure Ivory Construction Co.,Ltd.)-ဒေါ်သန်းသန်းကျင်၊ ဦးစိုင်းလင်းအောင်(Treasure Ivory Construction Co.,Ltd.)-ဒေါ်တင်မိုးမတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ရက် ည ၁၁း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လေးမြင့်
**(လှည်းယဉ်ဆီးတော်ဖီလုပ်ငန်း)**
**အသက်(၈၀)**

(ဦးသံတိုင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးကြင်စိန်-ဒေါ်ခင်မြ)၊ (ဦးကာကာ-ဒေါ်သန်းတင်)၊ (ဦးကြည်-ဒေါ်သန်းခင်)တို့၏ညီမ၊ ဦးနေလင်း-ဒေါ်ခင်မြင့်ကြည်၊ ဦးမြင့်သောင်း၊ ဦးသောင်းလင်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်သူဇာတို့၏မိခင်၊ မောင်ဇာနည်နေဦး-မသဲမွန်ဦး၊ မဟေမာန်နှင်း၊ မသိမ့်သိမ့်ရွှေစင်တို့၏အဘွား၊ မောင်ဇဗ္ဗူလင်း၏အဘွား၊ မန္တလေးမြို့၊ ၈၆×၈၇လမ်းကြား၊ ၁၆×၁၇လမ်းကြား၊ အကွက်အမှတ်(၆၂)နေ [ဦးကြည်(ခ)ဦးမောင်ကြည်]၏ဇနီးသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်ပွား
**သစ်ထုတ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၃၃၃နေ(ဦးကျော်ရ-ဒေါ်ပြုံးမေ)တို့၏သမီး၊ (ဦးအုံးတင်-ဒေါ်သိန်းတင်)တို့၏ချွေးမ၊ ဦးလှိုင်တင်(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်ရင်မာ၊ (ဦးမောင်မောင်)-ဒေါ်ခင်နုအေး၊ ဦးအေးညို၊ ဦးဝင်းလှိုင်-ဒေါ်ငွေးဝင်းတို့၏အစ်မ၊ ဒေါ်မိမိလှိုင်၊ ဦးညီညီနိုင်-ဒေါ်ထားထားလှိုင်(ပြည်ပငွေကောက်ခံရေးဌာန)၊ ဦးဝင်းထိုက်လှိုင်(သစ်ထုတ်ရေးဌာန)-ဒေါ်ဝေဝေခိုင်၊ ဦးမင်းထိုက်လှိုင်(တင်ဝင်းထွန်းကုမ္ပဏီ)-ဒေါ်သဉ္ဇာငွေးတို့၏မိခင်၊ မောင်ဟိန်းဆက်နိုင်၊ မောင်ဉာဏ်လင်းထိုက်၊ မောင်ဉာဏ်မင်းပြည့်စုံ၊ မပြည့်မှူးခင်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## အလ်ဟာဂျ်မော်လဝီစယ္ယဒ် မိုအီနွဒ္ဒီန်းဟစန်း(ခ) ဦးအောင်နိုင်ဦး
**BE(Mechanical)Master of Aerospace Technology (U.K)**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၃၇ (ဒုတိယထပ်)နေ [အယ်ဟာဂျ်မော်လာနာ၊ ဟာဖိဇ်စယ္ယဒ်နူးရှုလ်အဇီမ်း(ခ)ဆရာကြီးဦးသန်းရွှေ]-ဟာဂျီမဒေါ်ဟစီနာဗေဂမ်(ခ)ဒေါ်လှလှအေးတို့၏သား၊ ပျဉ်းမနားမြို့နေ ဟာဂျီအီဗရာဟင်အီစွတ်ကာကာ(ခ)ဦးဘရီ-ဟာဂျီမ ဒေါ်ဟာဇရာကိုတဝါလ်တို့၏သားသမက်၊ ရာဘီယာ(ခ)ဒေါ်ခင်မာရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီဂိုဂိုး(ခ)ဦးဇော်နိုင်မြင့်-ဟာဂျီမ မယ်သာဗ်စယ္ယဒ္ဒါ(ခ)ဒေါ်ဥမ္မာသန်း(Shah Brothers Group of Companies)တို့၏အစ်ကို၊ ဒေါက်တာအဇီမ်း၏တူ၊ စနားရှာဟ်၊အာမက်ရှာဟ်၊မိုဇမီလ်ရှာဟ်၊ မိုနဝါရ်ရှာဟ်၏ ချစ်လှစွာသောဖခင်သည် London မြို့၌ ၂၇-၃-၂၀၁၈ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသည်။ မဂ်ဖိရဉ်အတွက် ဒိုအာပြုပေးပါရန်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ယဉ်ဝင်း
**အလပြ(ငြိမ်း)**
**အထက(၂)သာကေတ**
**အသက်(၆၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ် ၃လမ်း၊ အမှတ် ၃၄၄နေ (ဦးဝိုင်း-ဒေါ်တင်)တို့၏သမီး၊ (ဦးမောင်မြင့်)-ဒေါ်ခင်ဝ၊ (ဦးတင်ရှိန်-ဒေါ်ခင်စန်း)၊(ဒေါ်အုန်းမြင့်)၊ဒေါ်မေစီ၊ ဒေါ်မြဝင်း(အလပြ၊ ငြိမ်း၊ အမက-၂၄၊ သာကေတ)တို့၏ညီမ၊ [ဦးဘွန်ဟော(အလပြ၊ ငြိမ်း၊ အထက-၂၊သာကေတ)]၏ဇနီး၊ မခင်စုစုဝင်း(အင်/ယာ၊ ပြည်မဟာ Co.,Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်သည် ၂၈-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းရှိန် (မြန်အောင်)
**လ·ဝ·က ဦးစီးအရာရှိ(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဋ္ဌနနီလာလမ်း၊ အမှတ် ၂၁၊ ပထပ်နေ (ဦးဘုန်းမို-ဒေါ်စိန်မေ)တို့၏သား၊ (ဦးတင့်-ဒေါ်ဖွားညွန့်)တို့၏သားသမက်၊(ဦးဝင်းကြည်-ဒေါ်ခင်သန်းငွေး)တို့၏ညီ၊ ဦးမြင့်အောင်-(ဒေါ်ကြည်ကြည်အေး)တို့၏အစ်ကို၊ ဒေါ်အမာတင်၏ခင်ပွန်း၊ ဦးဇေယျာဦး-ဒေါ်ရီရီသိန်း၊ ဦးတင်အောင်ဝင်း-ဒေါ်မျိုးမမဝင်း၊ ဦးတင်ထွဋ်ဝင်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးတင်မျိုးဝင်း - ဒေါ်သင်းသင်းထွေးတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၂၈-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကြည် (ကျိုက်ထိုမြို့)
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၁ (သုံးလွှာ) ခေါင်းရင်းခန်းနေ [ဦးမြ-ဒေါ်ငွေခင်(ကျိုက်ထို)]တို့၏သား၊ (ဒေါ်မြင့်မြင့်သန်း)၏ခင်ပွန်း၊ ဦးထိန်အောင်လင်း-ဒေါ်ခင်ခင်မြင့်၊ ဦးဆန်းလွင်၊ ဦးကျော်ဇော-ဒေါ်အေးအေးဝင်းတို့၏ဖခင်၊ ကိုနေလင်းထွန်း၊ မခင်ပြည့်စုံထွန်း၊ ကိုညီထွဋ်လွင်၊ မတင်နီလာဝင်း၊ မကြေးမုံလွင်တို့၏အဘိုးသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့)ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတိုင်ကီ ဒါယကာကြီး
## ဦးရွှေမြထွန်း
**မြောက်ဦး၊ စစ်တွေ၊ ရန်ကုန်**
**အသက်(၇၆)နှစ်**

မြောက်ဦးမြို့တောင်ရပ်၊ ရပ်ကွက်နေ (ဦးမောင်စောဦးဆင်ကာ-ဒေါ်ဒါလှခိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ၁၂လမ်းနေ (ဦးလွန်းဦး-ဒေါ်စိန်မြခိုင်)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ သီရိ(၃)လမ်းထိပ်နေ (ဒေါ်ကျော့စိန်)၏ခင်ပွန်း၊ မအေးအေးအောင်၊မောင်ကျော်စွာထွန်း၊ မောင်ဇော်ထွန်းလင်းတို့၏ဖခင်သည် ၂၇-၃-၂၀၁၈ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ကျင်စော
**အသင်းဝင်အမှတ်-၂၀၇**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ ၂၇လမ်း၊ အမှတ် ၂၄၃(ခ)နေ ဦးထွန်းသွင်၏ဇနီးသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အသင်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒိယ (ပဓာနနာယက)
**ပြည်နယ်ဩဝါဒစရိယဆရာတော်၊ လွိုင်လင်မြို့၊ မြို့လယ်ကျောင်းတိုက်**
**သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ**

မန္တလေးတိုင်းဒေသကြီး၊မြင်းခြံခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်၊ထနောင်းကျင်းကျေးရွာနေ(ခမည်းတော် ဦးအေးမောင်-မယ်တော်ဒေါ်ငွေအေး)တို့၏သား၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၊ မြို့လယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒိယ ဆရာတော်ကြီးသည် ၂၆-၃-၂၀၁၈ရက်(တနင်္လာနေ့)ည ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ၇-၄-၂၀၁၈ရက်(စနေနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်သောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
မြို့လယ်ကျောင်းတိုက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်း(ခ)ဦးအတိုင်း (အုတ်ဖို)
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၄၀နေ (ဦးဖိုးခင်-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါ်မြရီ၏ခင်ပွန်း၊ မသီဂီအောင်-ဦးဇော်ဝင်းအောင်၊ ဦးဇော်မင်းအောင်၊ ဦးကျော်မိုးလွင်-ဒေါ်အိအိခိုင်၊ မစန္ဒာဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မမေဘယ်မိုး၏အဘိုးသည် ၂၈-၃-၂၀၁၈ရက် နံနက် ၃း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာဦးတင်ရီ အသက်(၇၈)နှစ်
**ပညာရေး(အငြိမ်းစား)**
**ညောင်ချောင်းရွာ၊ ဓနုမြို့နယ်**

မြန်မာ့စီးပွားရေးဘဏ်(ရခိုင်ပြည်နယ်ရုံး)၊ ပြည်နယ်မန်နေဂျာ ဦးကျော်ဇင်ဦးနှင့် မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေမြို့၊ ခရိုင်မန်နေဂျာ ဒေါ်ခင်လဲ့လဲ့ထွဋ်တို့၏ဖခင် ဆရာဦးတင်ရီသည် ၂၇-၃-၂၀၁၈ရက် နံနက် ၃နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စီးပွားရေးဘဏ် (1996 Batch PSC) မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ထင်
**အသက်(၇၈)နှစ်**

သူငယ်ချင်း ဗိုလ်မှူးအောင်ကျော်မိုး(ငြိမ်း) (Myanmar Wise Pacific Apparel Yangon Co.,LTd)-ဗိုလ်ကြီးစုယဉ်ကျေး(ငြိမ်း)တို့၏ဖခင် ဦးကျော်ထင် အသက်(၇၈)နှစ်သည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့် (OILER)
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ဘယသုဒ္ဓိလမ်း၊အမှတ် ၆၉(ငါးလွှာ)နေ(ဦးကျော်ရှိန်)-ဒေါ်လှကြည်တို့၏သား၊ (ဦးလှမြင့်)-ဒေါ်ခင်ထွေးရီတို့၏ညီ၊ ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)-ဒေါ်စန္ဒာဝင်းတို့၏အစ်ကို၊ ဒေါ်အေးမွန်ကြွယ်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းထွဋ်ကျော်-မဝင့်မွန်မြင့်၊ကိုသူရိန်လင်းတို့၏ဖခင်၊ မောင်သော်ဇင်ဝင်းထွဋ်၏ အဘိုးသည် ၂၇-၃-၂၀၁၈ရက် မွန်းလွဲ ၁း၀၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
## ဦးဇော်ကိုကိုလွင်
**Director**
**Ayeyarwaddy Health Care Services Co.,Ltd.**
**အသက်(၃၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ထီးဝဖလံကျေးရွာနေ(ဦးအေးရွှေ)-ဒေါ်တင်ကြိုင်တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်နုနုလွင်(ကျောင်းအုပ်ဆရာမကြီး)၊ ဒေါ်မာမာသန်း၊ ဒေါ်ထားထားလွင်(M.D, AYA Health Care Services Co., Ltd.)၊ ဦးစောလွင်၊ ဒေါ်နွယ်နွယ်လွင်(G.M, ဖွဲကပင်အထူးကုဆေးရုံ)၊ ဦးစောလင်းနောင်တို့၏ညီ/မောင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မောင်ထူးသစ်လင်း၏ဖခင်၊ ဒေါ်ရွှေဝါလှိုင်၏ခင်ပွန်းသည် ၂၈-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊(၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၄)လမ်း၊ အမှတ် ၁၈နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုအောင်မျိုးဦး(ခ)ဘိုဘိုအိ
**(B.Sc, Physics)**
**အသက်(၃၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မင်းကြီးလမ်း၊ အမှတ် ၂၁၈နေ [ဦးမန်းသိန်းဟန်-ဒေါ်ခလားရစ်(ခ်)ဝင်း]တို့၏မြေး၊ ဦးနေဝင်း-ဒေါ်ခင်ဆုအောင်(တက်နေဝင်းနာရီဆိုင်)တို့၏ချစ်လှစွာသောသား၊ ဒေါ်ခင်မေသိန်း(မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်)၊ ရဲမှူးမေဆုသိန်း(CID၊ နေပြည်တော်)၊ ဦးစဖန်းထန်-ဒေါ်နုနုဝင်းတို့၏တူ၊ မဆုမွန်ဝင်း-မောင်ဇော်သက်နိုင်၊ မဝင်းလဲ့လဲ့ဟန်၊ ချမ်းသာဦးတို့၏အစ်ကို၊ Chan Bo ၏ဦးလေးသည် ၂၃-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) တွင် သရောင်းချောင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

# မြန်မာနိုင်ငံ၏ အခြေအနေမှန် ပြသနိုင်မည်ဖြစ်သည့်အတွက် အဘက်ဘက်က လစ်ဟာမှုမရှိအောင်ဆောင်ရွက်



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံကျင်းပနိုင်ရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၂၈**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်စိုးနှင့် ဦးဆက်အောင်၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ စာမျက်နှာ ၄ ကော်လံ ၁ ❁

## ၂၀၁၉ အာရှဖလားခြေစစ်ပွဲ အောင်မြင်သည့်အသင်းများ စုံလင်စွာထွက်ပေါ်

**ရန်ကုန် မတ် ၂၈**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး ခြေစစ်ပွဲအောင်အသင်းများ စုံလင်စွာ ထွက်ပေါ်ခဲ့ပြီဖြစ်သည်။ ၂၀၁၉ အာရှဖလားပြိုင်ပွဲကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၂၄ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အာရှဖလား ခြေစစ်ပွဲကို ဒုတိယအဆင့်အထိ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ချိတ်ဆက်ကျင်းပခဲ့ပြီး ဒုတိယအဆင့်အပြီးတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရသည့် အသင်း ၁၂ သင်းမှာ ၂၀၁၉ အာရှဖလားပြိုင်ပွဲအား ခြေစစ်ပွဲအောင်မြင်စေခဲ့သည်။ လက်ကျန် ၁၂ နေရာအတွက် တတိယအဆင့် ခြေစစ်ပွဲအား လေးသင်းခြောက်အုပ်စုခွဲ၍ ကျင်းပခဲ့ပြီး မတ် ၂၇ ရက်အပြီးတွင် ခြေစစ်ပွဲအောင်အသင်းများ စုံလင်စွာထွက်ပေါ်ခဲ့သည်။ မြန်မာအသင်းသည် တတိယအဆင့် ခြေစစ်ပွဲအထိ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အုပ်စုတတိယနေရာ သာရသောကြောင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိခဲ့ပေ။ အာဆီယံအသင်းများအနက် ထိုင်းအသင်းသည် ဒုတိယအဆင့် ပြီးကတည်းက ခြေစစ်ပွဲအောင်ခဲ့ပြီး ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းမှာမူ တတိယအဆင့်ခြေစစ်ပွဲမှ ထပ်မံအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ စာမျက်နှာ ၇ ကော်လံ ၁ ❄



## ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီး ပလင်းကမ်းသာယာဆင်စခန်းဖွင့်

**ညောင်ဦး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုလင်းကျေးရွာအနီး ပလင်းကမ်းသာယာဆင်စခန်းဖွင့်ပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းဖွင့်ပွဲသို့ ညောင်ဦးမြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးလှမိုးအောင် (သစ်ထုတ်ရေး)၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာမျက်နှာ ၇ ကော်လံ ၁ ❇


မန္တလေးဈေးကွက်တွင် ကုလားပဲအုပ်စုဝင် ပဲများ လှောင်သမားများ ဝယ်ယူမှုကြောင့် အရောင်းသွက် စာ » ၉

မောင်တောမြို့နယ်၌ ငွေကျပ် ၃၅၂၈ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ စာ » ၁၂

သူပုန်များနှင့် မိသားစုဝင်ပေါင်း ၆၀၀၀ ကျော်တို့ ဒမတ်စကတ် အရှေ့ပိုင်း ဂူတာမှ စွန့်ခွာ စာ » ၁၄



KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017